
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေအောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဂန္ဓာရီဝိဇ္ဇာ

## ကံနတ်သမီးရဲ့ ကျိန်စာ



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၈၅၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၇၈၀၇၀၉
၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်)
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀) ကျပ်

◈ ထုတ်ဝေသူ
ဦးအောင်နိုင်၊ ရွှေအိမ်မှူးစာပေ၊ (မြ-၀၄၂၄၃)၊
အမှတ် (၂၂၁)၊ ၃၁လမ်း(ထက်)၊ ပန်းဘဲတန်း။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ်(၁၇၁)၊ ၃၃-လမ်း၊ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးကျင်ရင် (၀၅၄၁၇)၊ ရွှေခြသေ့်ပုံနှိပ်တိုက်၊
အမှတ် (၁၂)၊ သရဖီလမ်း၊ စောရန်ပိုင်အနောက်
ရပ်ကွက်၊ အလုံမြို့နယ်။

◈ ပြည်လုံးကျွတ်ဖြန့်ချီရေး
◈ ရဲရင့်အောင်စာပေ
အမှတ်(၄၉)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅ ၈၃
ဂန္ဓာရီဝိဇ္ဇာ
ကံနတ်သမီးရဲ့ကျိန်စာ / ဂန္ဓာရီဝိဇ္ဇာ ။ - ရန်ကုန် ၊
ရွှေအိမ်မှူးစာပေ ၊ ၂၀၀၉ ။
၁၃၀ - စာ ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) ကံနတ်သမီးရဲ့ကျိန်စာ

## ပါဝင်သောအခန်းစဉ်များ

အပိုင်း(၁)

- တစ်ခါတုန်းက ထွင့်အုံအမွှန်ဂူသချိုင်း
- လောဘတို့၏ သားကောင်များ
- ကံကြမ္မာတို့၏ အလှည့်အပြောင်းအထားအသို


အပိုင်း(၂)

- မိတ်ဆွေတစ်ဦး၏ ထူးဆန်းသော ဂမ္ဘီရလက်တစ်ဖက်
- လူသတ်မှုဖြစ်ပွားခြင်း
- အမှတ်မထင်ရောက်လာသောမိန်းမလှလေး
- ကံနတ်သမီး၏ဝိညာဉ်
- အရိုင်းလိုလူသတ်သမား

www.burmeseclassic.com

www.burmeseclassic.com

- တစ္ဆေတစ်ကောင်၏လမ်းညွှန်မှု
- ပဟေဠိများပေးသွားသောပန်းနှင်းဆီ
- ဖောက်ပြန်သောမိန်းမနှင့်   မှားမိသောယောက်ျားတို့၏ဝိညာဉ်
- သဲလွန်စတို့၏မြစ်ဖျား
- မြေခွေးလိုလူစားမျိုး
- အဘွားငွေ၏သံသရာဆုတောင်း
- အောက်လမ်းဆရာနှင့်တွေ့ဆုံခဲ့ရခြင်း
- ထောင်ချောက်ဆင်သူကျခဲ့သည့်ထောင်ချောက်
- အဆုံးမသတ်နိုင်သေးသည့်ကံနတ်သမီး၏ကျိန်စာ




www.burmeseclassic.com

www.burmeseclassic.com

## တစ်ခါတုန်းက ထွင့်အုံအမွန်ဂူသချိုင်း

ညကသေးသေးကွေးကွေး လခြမ်းလေးနှင့်အတူ ငြိမ်သက်မိန်းမောနေရှာသည်။ နေရာကအိဂျစ်ဘုရင်လေး ထွင့်အုံအမွန်အား မံမီပြုမှုပ်သဂြိုဟ်ထားရာ သချိုင်းဂူ။ ဂူသချိုင်းတစ်ခုလုံး တိတ်တိတ်ဆိတ်ဆိတ်။ တစ်ခါတစ်ရံ ခပ်ဝေးဝေးဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သည့် မြေခွေးတို့၏အူသံမှလွဲလျှင် ငြိမ်သက်မှုက ကြောက်စရာကောင်းလောက်အောင် ကြီးစိုးလွှမ်းလှသည်။

သို့သော် ...

သချိုင်းဂူ၏တစ်နေရာတွင် ဖောက်ထွင်းနေကြသည့် လူတစ်စု။

"ချလွမ် ... "

"ဒုတ် ... "

အာမင်က အဂ်တေနံရံကြီးကို ကြေးစို့သုံးလျက် တူတစ်လက်ဖြင့် ရိုက်သွင်းရန် တစ်စစီဖွဲ့ထုတ်နေ၏။ တစ်ယောက်က ယိမ်းယိမ်းလူးလူး တောက်ပနေသော မီးတုတ်ကြီးကိုကိုင်ထားသည်။ ကျန်နှစ်ယောက်မှာ နံရံမှပွဲကြေထွက်လာသောကျောက်တုံး အပဲ့အရွဲ့အပိုင်းအစများကို





ရှင်းလင်းဖယ်ထုတ်ပေးနေသည်။ လေးယောက်စလုံး၏ မျက်နှာပြင်များပေါ်တွင် လောဘကြောင့် ဖြစ်တည်နေသော အခိုးအငွေ့တို့ဖြင့် မီးရောင်တို့ ပေါင်းစပ်ကာ မာကြောခက်ထန်နေလေ၏။

"အာမင် ငါ့ကိုတူတစ်လှည့်ပေးဦး"

"နေပါဦး ... ကျုပ်ဒီလောက်ကြီးမဟုတ်သေးပါဘူး"

"ပေးစမ်းဆိုပေးစမ်း၊ မင်းလက်တစ်ခုလုံး သွေးတွေနဲ့ မြင်မကောင်းတော့ဘူး၊ တော်တော်ခေါင်းမာတဲ့ကောင်"

သူက အာမင်လက်ထဲမှတူကို အတင်းဆွဲလုယူသည်။ တူ လက်ထဲရောက်တော့ အားကောင်းမောင်းသံ ဗလအားကိုးနှင့် အချက်ကျကျ နံရံကို ဆက်လက်ဖျက်ဆီးနေသည်။

"ဒုန်း ... "

"ဒုန်း ... "

"ဒုန်း ... "

အာမင်၏နဖူးပြင်ပေါ်တွင် စိုးရိမ်မှု၊ ထိတ်လန့်မှုနှင့် အားစိုက်မှုတို့ကြောင့် ချွေးများနှင့် ရွှဲနစ်နေသည်။

အမှန်စင်စစ် ထိုအချိန်ကအဖြစ်အပျက်တို့မှာ ဘုရင်လေး ထွင့်အုံအမွန် သေဆုံးပြီးနောက် နှစ်ပေါင်း(၅၀)ခန့်ကဖြစ်ပွားခဲ့သော အမှုအခင်းတစ်ခုပင်။ အာမင်က ကျောက်တုံးများကို ဆက်လက်ဖယ်ထုတ်ရင်း တဖြည်းဖြည်း လူဝင်ပေါက်ဖြစ်လာသောနေရာအား စိတ်ဝင်တစား မကြာခဏလှမ်းကြည့်ဖြစ်၏။ အာမင်၏ ဆံနွယ်တို့မှာ ပျော့ပျော့ခွေခွေနှင့် ပခုံးထက်သို့ကျော်ကာ ဖွာလန်ကြဲလျှက်ကျနေ၏။ ဆံပင်များပေါ်တွင် ဖုန်မှုန့်တို့က အလူးလူးအလိမ့်လိမ့်။ ကြေးနီရောင်အသားအရေရှိပြီး မေးရိုးမှာ လေးထောင့်စပ်စပ်ဖြစ်ကာ မျက်ခုံးထူထူနှင့် တောက်ပသောမျက်ဝန်းတစ်စုံ ပိုင်ဆိုင်ထားသည်။ နှာခေါင်းမှာချွန်လျှက် နှုတ်ခမ်းမှာ ပိရိသေသပ်

www.burmeseclassic.com



လှ၏။ ပါးပြင်မှ ပါးမြိုင်းမွေးနှင့် နှုတ်ခမ်းအထက်မှ ခပ်ရေးရေးအမွေးတို့မှ အာမင်၏ယောက်ျားပီသမှုကို ပိုမိုထောက်ကူနေသလို ဖြစ်၏။

အပေါ်ပိုင်းဗလာကျင်းလျှက်ရှိနေခြင်းကြောင့် ကြွက်သားတို့ အပြိုင်းအရိုင်းထလျှက် ဖွံ့ဖြိုးကြွနိုင်ကြောင်း ဖော်ပြနေသလိုပင်။

''ဒုန်း ... ''

''ဒုန်း ... ''

''ဒုန်း ... ''

''ချလွမ်''

ကျွန်သုံးယောက်မှာ မျက်နှာပေါက်များဆိုးသော်လည်း ဗလအနေအထားနှင့် ထွားကြိုင်းမှုများမှာတော့ တစ်ယောက်နှင့်တစ်ယောက် သိပ်မကွာလှ။ လူ့ဘီလူးကြီးများဟုပင် တင်စား၍ရလောက်သည်။

''အထဲမှာ အဖိုးတန်ရတနာတွေ များများစားစားရှိနေမလား''

တကယ်တော့ သူ သူခိုးတစ်ဦးမဟုတ်ပါ။

ကျောက်စုတ်သမား၊ ကျောက်ဆစ်သမားတစ်ယောက်မျှသာ။

သူသည်လိုအလုပ်မျိုးကို လုပ်ချင်သူမဟုတ်။ သူတို့ဘဝက ဆင်းရဲခြင်းတွင်းနှုတ်ခမ်းဝတွင် တစ်ချိန်လုံး လှည့်ပတ်ပြေးနေရသူတွေ။ မိဘနှစ်ပါး၏ ဆေးကုစရိတ် ဘယ်လိုမှရှာဖွေမရတော့သည့်အဆုံး အခြားနည်းလမ်းမရှိတော့။ ထို့ကြောင့် သူကိုယ်တိုင် ဦးဆောင်ဦးရွက်လုပ်ကာ ဖောက်ထွင်း ခိုးယူသူဖြစ်လာခဲ့ရလေသည်။

ထို့အပြင် ...

အဘိုးဆီမှတစ်ဆင့်၊ အဖေအမေဆီမှတစ်ဆင့် မိမိထံ မြေပုံလမ်းညွှန်မရခဲ့လျှင် သည်လိုနေရာသို့ ရောက်လာနိုင်စရာအကြောင်း မရှိပါ။ သည်လိုခက်ခဲရှုပ်ထွေးလှသည့် သင်္ချိုင်းဂူလိုနေရာမျိုးအတွက် မြေပုံသာမရှိခဲ့လျှင် အတော်ကိုဒုက္ခရောက်သွားနိုင်သလို ရတနာများရှိသော





နေရာကိုလည်း မည်သို့မှရောက်နိုင်စရာအကြောင်းမရှိ။

အရှေ့ဘက်ဆီမှ အလင်းရောင်က တဖြည်းဖြည်းပေါ်ထွက်လာခဲ့လေပြီ။ နေ့ဘက်သို့ရောက်လာလျှင် သူတို့အတွက် လှုပ်ရှားတိုင်ရကောင်းတော့မည်မဟုတ်။

''ဂူအတွင်းသားနံ့ရဲ့ပေါက်သွားပြီဟေ့''

ရုတ်တရက် လှမ်းအော်လိုက်သော တစ်ယောက်၏အသံ။

''ဟင် ... ''

သူနှလုံးသား လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားရ၏။ ဒါဟာ တကယ်ပဲလား။ တည်ဆောက်ခဲ့စဉ်က နံရံကြီးမှာ ထိုမျှလောက်ထူမည်ဖြစ်ကြောင်း သူလုံးလုံးမမျှော်လင့်ခဲ့။ ခုတော့ ခက်ခက်ခဲခဲ ကြိုးစားခဲ့သမျှ ပထမအဆင့်တော့ အောင်မြင်သွားပေပြီ။ အာမင်က ...

''ကျုပ်အရင်ဆုံးဝင်မယ် မီးတုတ်ပေး''

ကျွန်သုံးယောက်က ဘာမျှမပြော။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မီးတုတ်ကိုင်သူအား မေးလေးဆတ်၍ မေးခိုင်းလိုက်၏။ အာမင်က မီးပေးလာသော မီးတုတ်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်၏။ အဝါရောင်မီးတောက်၏ တောက်ပမှုများက အာမင်၏ ခန္ဓာကိုယ်ပေါ်သို့ ဖိတ်စဉ်ကျလာသည်။

ထို့နောက် ...

— • —



www.burmeseclassic.com

www.burmeseclassic.com

## လောဘတို့၏ သားကောင်များ

သချိုင်းဂူပီ ရမစ်အတွင်းရှိ စကြံလမ်းများအတိုင်း အာမင်တို့ လေးယောက်သား လျှောက်လာခဲ့၏။ နည်းနည်းထူးဆန်းနေသည်မှာ မည်သို့တည်ဆောက်ထားသောစနစ်ကြောင့်မှန်းမသိ၊ အတွင်းပိုင်း၏ နေရာတိုင်းတွင် အလင်းရောင်များရရှိနေခြင်းပင်။ အရာရာကို သဲသဲကွဲကွဲ မြင်နေရ၏။

"ဒီလောက်တောင် လေ့ခါးထစ်တွေ ပေါနေတာ၊ မြေပုံသာမရှိရင် ရှုံးသွားနိုင်တယ်"

ရှေ့ဆုံးမှ အာမင်က မြေပုံစာရွက်ကိုကြည့်ကာ ဦးဆောင်သွားနေသည်။ မြားညွှန်ပြရာအတိုင်း ဟိုချိုး သည်ကွေ့ စေ့ပိတ်ထားသော အခန်းပေါင်းများစွာကိုလည်း ဖြတ်ရ၏။ ဘာအခန်းတွေမှန်းတော့မသိ။ တစ်ခုသောအခန်းရှေ့အရောက် ...

"ဒီအခန်းပဲ ... "

"အသုဘထားတဲ့အခန်းသာဆိုတယ် ဟိုဘက်ကအခန်းတွေနဲ့ ဘာကွာလို့လဲ ..."





"ဒါဆို ကျုပ်လည်း ဘယ်သိပါ့မလဲ ..."

အာမင်က ကျောက်တံခါးကို အားစိုက်၍တွန်းကြည့်သည်။

"ကျွီ ..."

တော်ပါသေး၏။ အကယ်၍သာ ထိုသို့မှ လွယ်လွယ်ကူကူ မဟုတ်လျှင် သူတို့ပင်ပန်းကြရပေဦးတော့မည်။ ပထမအခန်းထဲတွင် ဘာမျှထူးထူးထွေထွေမရှိ။ ကျောက်ကုလားထိုင်ကြီးတစ်လုံးနှင့် ကျောက်စားပွဲတစ်ခုမျှသာ။

"ကျုပ်တို့ အခန်းမှားပြီထင်တယ် အာမင်"

"တိတ်တိတ်နေစမ်းပါ ပီယာရာ ... အဆုံးသတ်တဲ့အထိ စောင့်ကြည့်ပါဦး ..."

သူတို့ တစ်ဆက်တည်းရှိ အခန်းဆီသို့ ဆက်ကူးလာခဲ့၏။

"ဟာ ..."

"ဟင် ..."

"ကြည့်စမ်း ..."

အခန်းတစ်ခုလုံး အရောင်တွေက ပြိုးပြိုးပျက်ပျက်။ ရွှေဆည်ပစ္စည်းများအပြင် ရတနာမျိုးစုံဖြင့်ပြုလုပ်ထားသော အဖိုးတန်ပစ္စည်းတွေက မြင်မကောင်း၊ ရှုမကောင်း။ လည်ဆွဲရတနာ၊ လက်ဝတ်လက်စားမျိုးစုံသာမက လက်ရာမြောက် ပန်းပုရုပ်တုပေါင်းများစွာ ရွှေသားစစ်စစ်နှင့်ပြုလုပ်ထားသော နတ်များ၊ မြို့စောင့်နတ်များ၊ နေနတ်သားနှင့် လနတ်သားရုပ်တု၊ အမျိုးအမည်မသိသော အခြားရုပ်တုမျိုးစုံ။

အားလုံးမှာ စနစ်တကျမဟုတ်။ အခန်းတစ်ခုလုံးပြည့်နှက်စွာ အောပြန့်ကြဲလျက် ထားချင်သလိုထားခဲ့ကြသည့်အနေအထား။

"ရွှေ ..."

"ရွှေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရွှေတွေ ..."

"ရွှေတွေ ..."

"ရွှေတွေ ..."

"ချမ်းသာပြီကွ ..."

"ချမ်းသာပြီ ..."

"ဟား ..."

"ဟား ..."

"ပျော်လိုက်တာ ... ပျော်လိုက်တာ"

သုံးယောက်စလုံး ဝမ်းသာအားရဖြင့် ခုန်ပေါက်ခုန်ပေါက်။ ရတနာပုံပေါ် ပစ်လှဲချသူပစ်လှဲ၊ လက်နှစ်ဖက်ဖြင့် ရွှေများကို ပွေ့ပိုက်သူက ပွေ့ပိုက်။

ရတနာတို့၏အရောင်များမှာ တဖျတ်ဖျတ်တလက်လက်။

အာမင်မှလွဲလျှင် ကျန်သုံးယောက်စလုံး၏ မျက်လုံးများမှာ လောဘအငွေ့အသက်များ အားကောင်းမောင်းသံ တရိပ်ရိပ်ဖြတ်သန်းနေဆဲ။

"ဒါတွေဟာ နန်းစဉ်ပစ္စည်းတွေကွ"

ကျန်တစ်ယောက်က ရုပ်တုနှစ်ခုကိုကောက်ကိုင်ကာ ...

"ဟော ... ကြည့်ကြစမ်း"

"ကြည့်ကြစမ်း"

"ဒီနတ်သမီးရုပ်တုနှစ်ခုက ဆင်တူပြီး တော်တော်လှတဲ့လက်ရာပဲ ..."

သူက ဘာပင်ပြောပြော ကျန်လူနှစ်ယောက်က စိတ်မဝင်စားလှပါ။ သူတို့၏ညစ်ပေရေနေသော ဝတ်ရုံကြီးများကိုချွတ်ကာ ရတနာတွေကို သိမ်းကျုံးယူငင်နေပေတော့၏။ အာမင်မှာ မိဘနှစ်ပါးဆေးကုရန်





ငွေကြေးနှင့် လိုက်ပါလာသူအဖော်များအတွက် ထိုက်တန်သလောက် ယူစေချင်သော်လည်း လောဘသားသုံးယောက်မှာ စိတ်ကိုတားဆီး၍ ရနိုင်မည့်ပုံမပေါ်။ ခေတ်အပျက်တွင် ရရာလုယက်နေကြသည့် ဓားပြများ သဖွယ်။

"ဒုက္ခပါပဲ ဘာတွေလျှောက်လုပ်ကုန်ကြပြီလဲ"

အာမင် ... ကြည့်နေရသည်မှာ အချိုးမပြေချင်တော့။ အတော်လေးလည်း မြင်ပြင်းကပ်ချင်လာသည်။

"ဖော့ကောင်တွေ ..."

"မင်းတို့အားလုံးရပ်လိုက်ကြစမ်း"

သူတို့အားလုံး တုန့်ခနဲဖြစ်သွားကြ၏။

အာမင် သူတို့ကို မနှစ်သက်မှန်းသိသွားကြ၏။ ထို့ကြောင့် ပျော့နုပ်သလို ပြန်ကြည့်ကြသည်။

"မင်းက ဘာသဘောနဲ့ပြောတာလဲ"

"မင်းတို့ အခုလိုလုပ်နေတာလည်း ပြန်ကြည့်ကြဦး"

"ကိုယ်နဲ့ထိုက်တန်လို့ကိုယ်ယူတာ မင်းကြားထဲက ဘာမနာလို စရာရှိလဲ"

"ဒါတွေက ကျိန်စာဆိုထားတဲ့ နန်းစဉ်ပစ္စည်းတွေကွ"

"ဘာလဲ ..."

"မင်းငါတို့ကိုလာပြီး ခြောက်လှန့်နေတာလား ..."

ပီယာက ရွှေပုံပေါ်မှမတ်တတ်ထရပ်ကာ ...

"မင်းကျတော့ရော ... ဒါတွေကိုယူမှာပဲ မဟုတ်လား"

"ငါယူမှာက မိဘတွေဆေးကုဖို့ ထိုက်တန်သလောက်ပဲကွ"

"ဟော့ ..."

"ဟော့ ..."



www.burmeseclassic.com

www.burmeseclassic.com



''အပိုတွေပြောမနေနဲ့ ... ''

''အထဲရောက်လာပြီးမှ ကိုယ်ယူနိုင်သလောက်ယူတာ ဘာဖြစ်သေးလဲ ... ''

''ယူတယ် ... ''

မထူးတော့ပြီမို့ အာမင်က အသံကုန်အော်ဟစ်ကာ ...

''လောဘသင်္ကာယတွေက မင်းတို့ကို စိန်ခေါ်နေပြီကွ''

''လူတွေမဟုတ်တော့ဘူး၊ အသိဉာဏ်မဲ့တဲ့ ခွေးတွေဖြစ်နေပြီကွ''

''ခွေးတွေ ... ''

''ခွေးတွေ ... ''

တစ်ယောက်က ထိုစကားကြောင့် အကြီးအကျယ်ဒေါသထွက်သွားကာ ခါးဆီမှ ဓားမြှောင်ကိုထုတ်လျှက် အာမင့်ထံ လွှားခနဲခုန်ဝင်လာ၏။

အာမင်ကလည်း ခေသူတစ်ယောက်တော့မဟုတ်ပါ။

ခုန်ဝင်လာသူ၏ ဓားချက်ကို ကောင်းစွာတိမ်းရှောင်လိုက်နိုင်သော်လည်း နောက်ထပ်တစ်ယောက်၏နားထင်သို့ ညာခြေဖြင့် ပိတ်ကန်မှုကိုတော့ မည်သို့မျှ မတတ်နိုင်ခဲ့။

''ခွပ်''

''အင့် ... ''

တစ်ဖက်သို့ တစ်ပတ်လည်ကာ ပစ်လဲသွား၏။ ထိုမျှနှင့်အဆုံးမသတ်သေး ကျန်တစ်ယောက်၏ နောက်ကျောပြင်ဆီသို့ ပိတ်ကန်ချက်မှာလည်း ပြင်းလွန်းသောကြောင့် ...

''အင့် ... ''

ထို့နောက် တစ်ယောက်ပြီးတစ်ယောက် အင်အားချင်းကမမျှ





ခွန်အားချင်းကမမျှ။ အမြင်အာရုံများ မှုံဝါးသွားခဲ့ရ၏။

ယင်းနောက် ...

သတိလက်လွတ်ဖြစ်ကာ အရာရာအားလုံးကို မေ့ပစ်လိုက်ရလေသည်။

လောကကြီးက မှောင်နှင့်မည်းမည်း။

အိပ်မက်မရှိသောကမ္ဘာ။

အသိတရားတို့အားလုံး ကွယ်ပျောက်ကာ ဗလာနယ်မြေထဲသို့ လွင့်စဉ်ထိုးဖောက် ရောက်ရှိသွားသည်ဟုသာ ဆိုရမည်ပင်။

သို့သော် ...

ထိုသို့သော်လည်း ခဏသာကြာလိုက်၏။

သူ သတိပြန်ရလာချိန်တွင် ခပ်လှမ်းလှမ်းဆီမှ အသံဗလံများကိုကြားနေရ၏။ သေချာပါသည်။ သူ့ကိုသစ္စာဖောက်ခဲ့သူ၊ ရန်ပြုခဲ့သူသုံးဦး၏ ဆိုက်လံမွှေနှောက်ငြင်းခုန်ပြောဆိုနေကြသော အသံများပင်။

သူ တော်တော်လေးအထိနာခဲ့ရ၏။ သူ့တစ်ကိုယ်လုံး သွေးတွေ [illegible]နှုန်းလို့နေသည်။ ခက်ခက်ခဲခဲဖြစ်စွာ ကုန်းရုန်းထလိုက်သည်။ နာကျင်မှု [illegible]က အရိုးထဲထိ စိမ့်ဝင်နေသလို။

''ဒီကောင်တွေ ထင်တိုင်းကြဲနေကြပါရောလား''

''သင်းတို့ပြန်ရင် ငါ့ကို သတ်သွားကြလိမ့်မယ်''

ဟုတ်သည်။ တကယ်လည်း ပြန်လျှင်နှုတ်ပိတ်သည့်အနေနှင့် ...သသတ်သွားကြပေလိမ့်မည်။ သူ လေးလေးပင်ပင် ခြေလှမ်းများနှင့် ...ပေါက်ရှိရာသို့ ဦးတည်လိုက်၏။ မြေပုံစာရွက် သူ့တွင်မရှိတော့သော်လည်း ထွက်ပေါက်လမ်းကိုတော့ သူကောင်းစွာမှတ်မိနေပါသည်။

ထိုစဉ် ...

''ခလွမ် ... ''



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျကျန်ခဲ့ဟန်ရှိသော ရွှေခွက်တစ်လုံးအား ခြေထောက်ဖြင့် တိုက်လိုက်မှုကြောင့် အရှိန်ပြင်းပြင်း လွင့်စဉ်သွားကာ လှေကားထစ်များ တစ်လျှောက် လိမ့်ဆင်းသွားသည့်အတွက် ကျယ်လောင်ရှည်လျားသော အသံများဖြစ်ပေါ်ကျန်လေသည်။

"ဟော့ကောင် ..."

"မပြေးနဲ့ ..."

နောက်ဘက်ဆီမှ ဟိန်းထွက်လာသောအသံ။ တစ်ယောက်သော သူက သူ့နောက်မှပြေးလိုက်လာကာ ဝင်လုံးသည်။ ထို့ကြောင့် သူလည်း ရှိသမျှခွန်အားကိုသုံးကာ ပြန်လည်တုံ့ပြန်ရတော့၏။ သူ့ကိုယ်လုံးအား ဝိုင်းဖက်ထားသောလက်များကိုဖြေကာ မေးရိုးဆီသို့ ခပ်ပြင်းပြင်းလက်သီး တစ်ချက် ...

"ခွပ် ..."

ထိုသူ နောက်ပြန်လန်ကာ ဖင်ထိုင်ကျသွားခဲ့၏။

အကာယ်ရှိမျှား နောက်ထပ်နှစ်ယောက် ထပ်မံရောက်လာလျှင် သူ့အတွက် ယှဉ်ပြိုင်ရန် မည်သို့မျှ မစွမ်းသာတော့သဖြင့် ဆက်လက် ပြေးထွက်လာခဲ့ရ၏။ လှေကားထစ်တွေက ဆင်းလိုက်တက်လိုက်။ ကျဉ်း မြောင်းလွန်းသောကြောင့် သတိထားနေရ၏။ သိပ်မကြာ ဝင်လာသော အပေါက်ဆီသို့ ရောက်၏။ အခက်အခဲမရှိ ထွက်လာနိုင်ခဲ့ပါသည်။ အပြင် သို့ ရောက်ရှိခဲ့ပေပြီ။

အပြင်ဘက်တွင် အလင်းရောင်က ထိန်ထိန်လင်းနေပေပြီ။ နေ၏ အလင်းရောင်မှ ပိရမစ်၏အရှေ့ဘက်ဆီတွင် တော်တော်လေးမြင့်တက်နေ ပြီမို့ အန္တရာယ်သိပ်များလွန်းနေသည်။

မြောက်ဘက်တွင် ဂူသင်္ချိုင်းတော်များကို စောင့်ရသည့်စခန်း တစ်ခုရှိသည်။ သူတို့နှင့်ထိပ်တိုက်တွေ့ရရန် မည်သို့မျှမဖြစ်နိုင်။ တွေ့လျှင်





သူ့အတွက် အသက်ရှင်စရာလမ်း လုံးဝမရှိတော့။

သို့သော် ...

သူ့ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာပြန်သည်။ သူ အသက်ရှင် ခြင်း၊ မရှင်ခြင်းထက် နန်းစဉ်ပစ္စည်းများစွာ ပျောက်ဆုံးရတော့မည့်အဖြစ် ကို သည်အတိုင်းမသိ၊ ကျေးကျွန်ပြုလျှက်နေရတော့မည်လား။

စိတ်ထားယုတ်မာသူ သုံးဦးအတွက် သူ တစ်စုံတစ်ရာ ပြုလုပ် ရန် သူ့တွင် တာဝန်မရှိတော့ဘူးလား။

ဟုတ်သည်။ ပစ္စည်းများပြန်ရရန်နှင့် လောဘသားများကို ဆုံးမ ရန် သူ့တွင်တာဝန်ရှိသည်။ ထို့ကြောင့် တောင်ဘက်သို့ ထွက်ပြေးမည့် သူ့ခြေလှမ်းတို့အား မြောက်ဘက်ဆီသို့လှည့်လိုက်လေသည်။

ဖြစ်ချင်ရာဖြစ်ဆိုသောသဘော။

ဂူသင်္ချိုင်းအတွင်းမှ လူသုံးယောက်ထွက်လာခဲ့ကြသည်။ ရတနာ များထည့်ထားသော အထုပ်အပိုးများကို မနိုင်မနင်းသယ်ပိုးလျှက်။ ရတနာ ပစ္စည်းတွေက နည်းနည်းနောနောမဟုတ်။ ထုပ်ပိုးထားသည်မှာလည်း သေသေသပ်သပ်မဟုတ်။ တချို့ပစ္စည်းတွေ အပြင်သို့ ထိုးထိုးထောင် ထောင်။

"မြန်မြန်သွားကြစမ်းကွာ ... တော်ကြာ သင်္ချိုင်းအစောင့်တွေ နဲ့တွေ့ရင် အလကားသက်သက် ခွန်အားတွေထုတ်နေရဦးမယ်"

တစ်ယောက်၏အထုပ်မှာ မြေပြင်ပေါ်သို့ ပြုတ်ကျကုန်သည်။ ရွှေရုပ်တုများ၊ ရွှေတုံးများ၊ ရွှေစင်လက်ကောက်များ၊ ရွှေလက်စွပ်များ၊ ရွှေသရဖူများအပြင် ရွှေစင်သက်သက်ဖြင့် ပြုလုပ်ထားသော လက်ရာ မြောက် ကံနတ်သမီး ရုပ်တု။

"တော်တော်အသုံးမကျတဲ့ကောင်၊ မြန်မြန်ပြန်ကျုံး အစောင့် တွေရောက်လာရင် မလွယ်ဘူး ... ကျိုးသွားတဲ့ရုပ်တု ယူမနေနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ နိမိတ်မကောင်းဘူး ... ငါ့မှာ ဆင်တူရုပ်တုတစ်ခုပါတယ်''

ပီယာက မာန်မဲကြိမ်းမောင်းလိုက်သည်။ ထိုသူက အလျင်အမြန် သိမ်းကျုံးကာ အဝတ်အတွင်းသို့ထည့်သည်။ ကျိုးသွားသော ကံနတ်သမီးရုပ်တုကိုထားခဲ့သည်။ ထို့နောက် သူတို့တောင်ဘက်အရပ်ဆီသို့ ခပ်သွက်သွက်လျှောက်ကာ တောင်ကြားချိုင့်ဝှမ်းဒေသသို့ ဦးတည်လိုက်ကြ၏။ သူတို့ မကြာခင် ဤနယ်မြေဒေသမှ လွတ်မြောက်သွားကြပေတော့မည်။ ထို့အပြင် ရွှေတွေတစ်ထုပ်တစ်ပိုးဖြင့် နေ့ချင်းညချင်း ချမ်းသာသွားကြပေတော့မည်။ တကယ်လည်း ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်တွေဖြစ်ကုန်ကြတော့မည်။

သို့သော် ... သူတို့တစ်တွေအားလုံး ကျိန်စာဆိုသောကိစ္စကိုတော့ သတိရကြလိမ့်မည်မဟုတ်ကြပေ။



## ကံကြမ္မာတို့၏ အလှည့်အပြောင်းအထားအသို

''ရှမ်း ... ''

ကြာပွတ်ကြိုး လေထဲတွင် ဝဲပျံသွားကာ မိမွေးတိုင်း ဖမွေးတိုင်း [illegible]နေသော လူတစ်ယောက်၏ကျောပြင်ထက်သို့ အရှိန်ပြင်းပြင်း ကျရောက်[illegible]သည်။

''အား ... ''

အသည်းခိုက်အောင် နာကျင်စူးရှလှသည့် အော်သံတစ်ခု။ ထိုသူ[illegible] မြေပေါ်တွင်စိုက်ထူထားသော သစ်သားလုံးကြီးအား ဖက်ထားစေ[illegible] လက်နှစ်ဖက်အား ကြိုးဖြင့်ချည်နှောင်ထားခြင်း ဖြစ်သည်။ ကျောပြင် [illegible] တင်ပါးပေါ်၊ ပေါင်ပေါ်၊ ခြေသလုံးပေါ်တို့တွင် အလျှိုးရာတွေက [illegible]နေသည်။ အနီးအနားတွင် တာဝန်ရှိသူသုံးယောက်ရှိနေ၏။ [illegible] ဗိသုကာချုပ်ကြီး၊ မှူးမတ်ကြီးနှင့် အကျဉ်းထောင်အရာရှိတို့[illegible]သည်။

''ရှမ်း ... ''

''အား ... ''



www.burmeseclassic.com

www.burmeseclassic.com



အစစ်ဆေးမေးမြန်းခံနေရသူမှာ တခြားသူမဟုတ်။ အာမင်ပင်။ ကြာပွတ်သမားက နောက်တစ်ချက်ရိုက်နှက်ရန် ဟန်ပြင်လိုက်စဉ် ...

"ခဏလေး ... "

"ခဏလေး ... "

ဗိသုကာချုပ်ကြီးက သူ့လက်တစ်ဖက်ကိုမြှောက်လျက် ပါးစပ်မှ တိုးဖွဖွလေး လှမ်းအမိန့်ပေးကာ ရပ်နိုင်းလိုက်၏။ ထို့နောက် ခြေလှမ်းကို ခပ်ဖြည်းဖြည်းလှမ်းကာ အာမင်အနားသို့ တိုးကပ်သွား၏။ အာမင်၏ မျက်နှာပြင်ပေါ်တွင် ချွေးစေးများ၊ သွေးစသွေးနများ၊ ဖုန်များနှင့် ညစ်ထေး ပေကျံနေသည်။ နာကျင်မှုဝေဒနာကို အလွန်အမင်းခံစားနေရခြင်းက အထင်ရှားဆုံးပေါ်လွင်နေသည်။

"ဒီမယ် ကျောက်ဆစ်သမား ... ငါမေးတာကို မှန်မှန်ပြော စမ်း၊ ဘုရင်လေးရဲ့ဂူသင်္ချိုင်းဝင်ပေါက်ကို မင်းဘယ်လိုလုပ်သိခဲ့တာလဲ"

ပထမတော့ သူဖွင့်မပြောရန် ဖွဲခတ်ခဲ့သေးသည်။ သို့တစေ ယခုအချိန်မှာတော့ သူဘယ်လိုမှတင်းခံ၍မရတော့။ သူဖြစ်စေချင်သည် က လူယုတ်မာသုံးကောင်အား မတွေ့မချင်းရှာဖွေကာ ရတနာများအား ပြန်လည်သိမ်းယူစေလိုသော်လည်း ယခုတော့ သူထင်မှတ်မထားသည့် မြေပုံကိစ္စကိုသာ တွင်တွင်မေးနေလေပြီ။ ထိုကိစ္စသည် မိဘများနှင့်ဆက်စပ် နေသည်မို့ သူတို့အပေါ် အန္တရာယ်ကျရောက်မှာကိုတော့ အလွန်စိုးရိမ်နေ ပါသည်။

"မေးနေတယ်လေကွာ ... "

"မင်းမှာနားမပါဘူးလား"

"ကျုပ် ... "

"ကျုပ် ... "

"ဘာလဲ ... အသားထပ်ပြီး နာချင်ပြန်ပြီလား"





ထိုသို့မဖြစ်ချင်တော့ပါ။ ထို့ကြောင့် ပြောပါတော့မည်ဟု ကတိ ပေးလျက် ...

"ဂူ ... "

"ဂူသင်္ချိုင်းတည်ဆောက်ထားတဲ့ မြေပုံအညွှန်းကို အဘိုးဆီက တစ်ဆင့် အဖေ့ဆီကို ... အဖေ့ဆီကမှတစ်ဆင့် ကျုပ်ရခဲ့တာ ... ဒါကြောင့် ကျုပ်လျှို့ဝှက်ဝင်ပေါက်ကို သိခဲ့ရတာ ... "

"မင်းအဘိုးကဘာလဲ"

"အဘိုးက မင်းသားလေး ထွဋ်အံ့အမွန်ဂူကို ထွင်းထုဆောက် လုပ်စဉ်က အမှုတော်ထမ်းခဲ့တဲ့ ကျောက်ဆစ်သမားတစ်ယောက်ပါ"

ဗိသုကာချုပ်က လေးလေးနက်နက် စဉ်းစားလျက် နောက်ထပ် မေးခွန်းပြောင်းလိုက်သည်။

"မင်း ဒီဂူသင်္ချိုင်းကို ဘာလို့ဖောက်တာလဲ"

"ကျုပ်အဖေနဲ့အမေဟာ ခုချိန်မှာအတော်ကို ကျန်းမာရေး [illegible]ပါးနေပါတယ် ... ဆေးကုစရာငွေမရှိလို့ပါ ... "

"ဒါတွေကို ခိုးယူရင် သေဒဏ်ခံရမယ်ဆိုတာ မင်းမသိဘူးလား"

အာမင် အတော်လေးလန့်ဖျပ်သွား၏။

"သိ ... "

"သိပါတယ် ... "

"ကျုပ်ကို ဒီတစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်ပေးပါ ... ကျုပ် [illegible]တွေက လောဘဇောဝင်ပြီး သင်္ချိုင်းတော်ကို မရိုမသေ၊ မလေးမစား [illegible]စော်ကားကားလုပ်နေတာတွေကို မြင်လိုက်ရတဲ့အချိန်ကစပြီး [illegible]ကောင်းမှုကို ဆက်မလုပ်ဖို့ ကျုပ်ဆုံးဖြတ်ခဲ့ပါတယ် ... ကျုပ်ပြောတာကို [illegible] ... ခုတော့ တစ်ကြိမ်တစ်ခါ မိုက်မှားမိတဲ့ဝန်တာမို့ ကျုပ်အသက် [illegible]ချမ်းသာပေးဖို့ ဝန်ချတောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဂူသင်္ချိုင်းတွေအပေါ် မင်းဘယ်လိုမြင်လဲ"

"အစောင့်အရှောက်တွေမရှိရင် ဘယ်သင်္ချိုင်းမဆို အဖောက်ခံရမှာတော့ သေချာပါတယ်"

ထိုစကားကြောင့် ဗိသုကာချုပ်ကြီး၏ မျက်နှာပြင်တစ်ခုလုံး နီရဲသွားကာ ...

"ဒါဖြင့် တို့ရဲ့ဘုရင်မင်းမြတ်ရတနာတွေ အဖောက်မခံရအောင် ဘယ်ပုံဘယ်နည်းနဲ့ ကာကွယ်မလဲ ... မြန်မြန်ပြောစမ်း"

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ... တစ်ချိန်မဟုတ်တစ်ချိန်မှာ မုချအဖောက်ခံရဖို့သာရှိပါတယ်"

"တောက် ... "

"ခွေးတိရစ္ဆာန်ကောင် ... "

"ဘုရင်မင်းမြတ်ရဲ့ ဘုန်းတန်ခိုး တေဇောကိုမှမထောက်ထား စော်စော်ကားကားပြောဝံ့တဲ့ကောင် ... တော်တော် လူလည်ကျတဲ့ သူခိုးအကြီးစား ... "

ထိုစကားမှာ မှူးမတ်ကြီးက ဝင်ပြောလိုက်ခြင်းဖြစ်၏။

"မဟုတ်ရပါဘူး ... "

"ကျုပ်မတတ်သာလို့ အခုလိုလုပ်ခဲ့ရတာပါ ... အထဲမှာ ရတနာတွေ ဒီလောက်များများစားစားရှိလိမ့်မယ်လို့လည်း မထင်ခဲ့ပါဘူး။ ပြီးတော့ ဒီလိုရတနာတွေကို မြင်တွေ့ရတဲ့အခါ ဖြစ်ပေါ်လာမယ့် ဂယက်ကိုလည်း ကြိုမတွေးထားခဲ့မိလို့ပါ ... ဒီလိုကြိုမမြင်လို့လည်း ကျုပ်ကူညီခဲ့တဲ့သူခိုးသုံးယောက်လုံး လောဘမသတ်နိုင်တော့ဘဲ ဖြစ်ကုန်ကြရတာပါ"

ထိုစကားကြောင့် ဗိသုကာချုပ်ကြီး အသိတရားတစ်ခုရသွားပုံလည်း ပေါ်သည်။ အတန်ကြာ တွေးတောဆင်ခြင်လိုက်ပြီးနောက် ...





"ဟော့ ထောင်မှူးကြီး စောစောက ပိတ်ခိုင်းထားတဲ့ ဂူပေါက်ကို ပြန်ဖွင့်ခိုင်းလိုက်ကြစမ်း ... "

"ဘာကြောင့်လဲ ဗိသုကာချုပ်ကြီး ... "

"ကျုပ် ဒီထက်စိတ်ချရတဲ့ နည်းပညာရပ်တစ်ခုကို အထဲမှာ အသုံးပြုတည်ဆောက်ချင်လို့ပါ ... "

ထို့နောက် သူက အာမင်ဘက်သို့လှည့်ကာ ...

"မင်းစကားက ငါ့ဦးနှောက်ကို အလင်းတစ်ခုလက်သွားစေသလိုပဲ ... စိတ်ချ ကမ္ဘာတည်သရွေ့ မင်းမြတ်တွေပိုင်ဆိုင်တဲ့ ရတနာတွေကို မပျောက်စေနိုင်တဲ့ လျှို့ဝှက်ချက်ကို ငါသိလိုက်ပြီ၊ ကျေးဇူးတင်တယ်၊ ဒါပေမဲ့ မင်းကျူးလွန်ခဲ့တဲ့ပြစ်မှုကိုတော့ ချေဖျက်ခွင့်မပေးနိုင်ဘူး ... သေဒဏ်စီရင်ဖို့ ငါအမိန့်ချတယ် ... "

"ဒါ ... ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ ... "

အာမင် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားရ၏။ သေဒဏ်စီရင်ချက်ချသည်ဆိုပါလား။

"ဘုရားသခင်ကယ်ပါ"

"ဗြိ ... "

"ဗြိ ... ဗိသုကာချုပ်ကြီး"

"ကျုပ် ... "

"ကျုပ်ကို ... "

ဗိသုကာချုပ်ကြီး သူ့အနားမှခွာသွားသည်။ ထောင်မှူးကြီးက အစောင့်များရှိရာဘက်သို့လှည့်ကာ ...

"ဒီကောင့်ကို လူသတ်ကုန်းပို့မယ်"

"အားလုံးအဆင်သင့်လုပ်"

"မသတ်ပါနဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်ကိုမသတ်ပါနဲ့ ..."

"ကျွန်ုပ်ကိုမသတ်ပါနဲ့"

အာမင်က ကျယ်ကျယ်လောင်လောင် အော်ဟစ်တောင်းပန်သည်။ အကြိမ်ကြိမ်အခါခါ တောင်းပန်သည်။ သို့သော် သူ့စကားအားသည်သူမှ ဂရုမစိုက်တော့ပါ။ အစောင့်တစ်ယောက်က သူ့အနားသို့ရောက်လာကာ ခေါင်းစွပ်အနက်ကြီးဖြင့် အုပ်ချလိုက်၏။

သူမည်မျှပင် သွေးပျက်စွာအော်ဟစ်နေသော်လည်း လူသတ်ကုန်းသို့ခေါ်ဆောင်မည့်မြင်းလှည်းမှာ သူ့အနားသို့ရောက်လာခဲ့ပေပြီ။

သူ့ အပြစ်ဒဏ်အား လှလှပပကြီးခံရုံကလွဲပြီး ဘာများတတ်နိုင်ပါဦးမည်နည်း။

၈ • ၈



အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆွေတစ်ဦး၏ ထူးဆန်းသောဂမ္ဘီရလက်တစ်ဖက်

လွတ်လပ်ရေးမရခင်ကာလတစ်ခု။

နေရာက တောင်ကြီးမြို့။

မနက်ကတည်းက နှင်းတွေဖွေးဖွေးလှုပ်လှုပ်ကျနေခဲ့သည်။ သီတင်းကျွတ်လဆန်းပိုင်းဆိုသော်လည်း တောင်ပေါ်မြို့လေးမို့ အအေးဓာတ်က သိပ်သိပ်သည်းသည်းနိုင်လှသည်။ နေထန်းတဖျားလောက်ရောက်သည်အထိ နှင်းကသိပ်မကွဲချင်သေး။ နေရောင်စူးစူးလေးကိုတော့ လှမ်းမြင်နေရပေပြီ။

အနောက်တိုင်းဝတ်စုံကို သေသေသပ်သပ် ဝတ်ဆင်ထားသော လူရွယ်တစ်ဦးမှာ လူစည်ကားရာဈေးဘက်ဆီသို့ အေးအေးလူလူလျှောက်လာခဲ့သည်။ ရှမ်း၊ ပအို့(ဝ်)၊ အင်းသားတို့၏ ဒေသထွက်အသီးအနှံများ လက်ဖက်နှင့်စားသောက်ကုန်များရောင်းသည့် ဈေးတန်းဘက်သို့ ဖြတ်လျှောက်လာခဲ့သည်။

ထို့နောက် အိန္ဒိယလူမျိုးတို့၏ အထည်အလိပ်ဆိုင်များ၊ တောင်ယာသုံးပစ္စည်းကိရိယာများ၊ ကော်ဖောနှင့်ပရိဘောဂဆိုင်များဘက်





သို့ ချီးကွေ့ခဲ့ပြန်သည်။ ဈေးသည်တို့၏ အပြိုင်အဆိုင်အော်ဟစ်သံများက ပွက်လောရိုက်နေသည်။

တစ်နေရာအရောက် လမ်းဘေးတွင် ရှေးဟောင်းကြေးလင်ပန်းများကို ငေးကြည့်နေမိ၏။

"အစ်ကို ... "

"ဘာအလိုရှိလို့လဲ"

"ဒါတွေက ဘီစီသုံးထောင်ကျော်က လက်ရာတွေပါ"

"ကြည့်သွားပါဦး"

သူကိုယ်၌က ရှေးဟောင်းပစ္စည်းများနှင့်ပတ်သက်လာလျှင် နှိုက်နှိုက်ချွတ်ချွတ် လေ့လာထားသူမို့ တော်တန်ရုံ အစစ်နှင့်အတုကိုတော့ နားလည်နေပါသည်။

သူ အထူးပြုလေ့လာနေသည်က အီဂျစ်ပြည်တွင် အသုံးပြုခဲ့သည့် ရုပ်ပုံ၊ စာပေ၊ အက္ခရာ၊ သမိုင်းနောက်ခံနှင့် မံမီရုပ်ကြွင်းများအကြောင်းပင်။ ထို့အတူ သူကိုယ်တိုင် အီဂျစ်ပြည်သို့ သုံးလေးခေါက်မက သွားကာ လေ့လာရေးဆင်းခဲ့ပြီးပြီ။

သူ့အမည်က တင်မောင်ဇော်။

သူ ဈေးတန်းတစ်လျှောက် ဆက်လျှောက်လာခဲ့ပြန်သည်။ အစွန်းခပ်ကျကျနေရာအရောက် ...

"**ကံညွှန့်သည် ရှေးဟောင်းပစ္စည်းရောင်းဝယ်ရေး ...** "

ဆိုင်တစ်ဆိုင်ရှေ့တွင် ရေးထားသောဆိုင်းဘုတ်။

တင်မောင်ဇော် အတော်လေး စိတ်ဝင်စားသွားသည်။ ဆိုင်လေးမှာ လူရှင်းသောနေရာတွင် ဖွင့်ထားတာဖြစ်သလို ဆိုင်ရှေ့တွင် ခင်းကျင်းပြသထားသော ပစ္စည်းများက သူ့အားညှို့ယူဖမ်းစားလိုက်သည်။

ရှေးဟောင်းကြေးကရားများ၊ မောင်းများ၊ ကိန္နရီ ကိန္နရာရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



များအပြင် ကြီးမား၍ လက်ရာမြောက်လှသော ပန်းအိုးကြီးတစ်လုံး။

ပစ္စည်းများကိုကြည့်ကာ တင်မောင်ဇော် အတော့်ကို တအံ့တသြ ဖြစ်မိသည်။ အရောင်တဖိတ်ဖိတ်တောက်နေသော ပန်းအိုးကြီးမှာ အင်္ဂလိပ်မင်းဆက်များမတိုင်မီခေတ်က ရှေးဟောင်းပစ္စည်းတစ်ခုပင်။ သူ ဆိုင်အတွင်းသို့ ဝင်လိုက်သည်နှင့် အသက်(၆၀)ခန့်ရှိသော ဝဝဖိုင့်ဖိုင့်ဥပဓိရုပ်ကောင်းမွန်သော လူကြီးတစ်ဦးက အပြုံးချိုချိုဖြင့် ဆီးကြိုရှာသည်။

"မင်္ဂလာပါခင်ဗျာ"

"ဘာအလိုရှိပါသလဲ"

အတွင်းပိုင်းတွင်လည်း ရှေးဟောင်းပစ္စည်းတချို့ကို သပ်သပ်ရပ်ရပ် ခင်းကျင်းထားတာတွေ့ရ၏။ သူက ဆိုင်မျက်နှာစာရှိ မှန်များကာရံထားသည့်အတွင်းမှ ပန်းအိုးကြီးကို လက်ညှိုးထိုးပြကာ ...

"ဟောဟိုက ပန်းအိုးကိုသဘောကျမိလို့ပါ ... သေသေချာချာစစ်ဆေးကြည့်ချင်ပါတယ် ... "

"ဟုတ်ကဲ့ ရပါတယ် ... "

"ကြည့်နိုင်ပါတယ်ခင်ဗျာ"

အသက်အရွယ်ကွာခြားသော်လည်း ယဉ်ယဉ်ကျေးကျေး ဆက်ဆံသောကြောင့် ပညာတတ်တစ်ယောက်ဖြစ်ရမည်ဟု သူက တွက်သည်။ ဆိုင်ရှင်က ပစ္စည်းကိုထုတ်ယူပြတော့ သူက သေသေချာချာစစ်ဆေးကြည့်သည်။

"တန်ဖိုးဘယ်လောက်သတ်မှတ်ထားပါသလဲ"

"အမေရိကန်ဒေါ်လာနဲ့တွက်ရင်တော့ ဒေါ်လာတစ်ရာပါ"

ပစ္စည်းကို စိတ်ထဲကြိုက်သွားသော်လည်း ဈေးကတော်တော်များနေသည်။

"ဒေါ်လာတစ်ရာကတော့ များလွန်းပါတယ်ဗျာ"





"ကျွန်တော်က ငါးဆယ်လောက်ပဲ တတ်နိုင်တာ"

"အဲဒီလောက်တော့ မရနိုင်ဘူးဗျ ... "

"အဲ ... "

"ငါတို့လိုချင်ရင် ခုနစ်ဆယ်လောက်တော့ ထားပေးနိုင်မယ်"

"ဒီလိုလုပ်ပါလား ... ကျွန်တော်လည်း နည်းနည်းတိုးပေးမယ်၊ ဦးလေးကလည်း ထပ်လျှော့ဦး ... အဆင်ပြေရင် တစ်ခါတည်းယူသွားမယ် ... "

ထိုလူကြီးက သဘောကျစွာရယ်မောလိုက်ကာ ...

"ဟား ... "

"ဟား ... "

"ငါတို့က ယောက်ျားလေးဖြစ်ပြီး ဈေးဝယ်တာ သိပ်တော်တာပဲ ... "

"အဲ ... တခြားပန်းအိုးတွေလည်းရှိသေးတယ်ကွဲ့ ... ငါတို့စိတ်ဝင်စားမလားမသိဘူး ... "

"ခဏလေးနော် ... "

"ခဏလေး ... "

ထိုလူကြီးက ပြောပြောဆိုဆို ဆိုင်အတွင်းပိုင်းရှိ လိုက်ကာကာထားသော အခန်းတစ်ခန်းအတွင်းသို့ ဝင်သွားသည်။ ဆိုင်ရှင်မရှိခိုက် သူက လက်မကိုတံတွေးဆွတ်လျှက် ပန်းအိုးပေါ်မှ ရေဆေးပန်းချီများကို ကမန်းကတန်းပွတ်ကြည့်လိုက်ရာ ...

"ဟင် ... အတုကြီး"

သူ သေချာစေရန် ထပ်မံစစ်ဆေးလိုက်ပြန်သည်။ သူ့အထင်တွေက ကွက်တိ။ ယင်းအခိုက် ပန်းအိုးနှစ်လုံးကို ပွေ့ပိုက်လျှက် ဆိုင်ရှင် ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုရော မကြိုက်ဘူးလား"

"ကျုပ်မှာ ဒီလိုပန်းအိုးမျိုးတွေ အများကြီးရှိပါတယ်"

ဆိုင်ရှင်က ပန်းအိုးများကိုချပြီး ရေအိုးမှရေကိုသောက်နေခိုက် ထိုအိုးများကို ပထမနည်းအတိုင်း စမ်းသပ်ကြည့်ရာ ...

"ဒီနှစ်လုံးကမှ အစစ်"

"ဒီနှစ်လုံးကိုပဲ ကျွန်တော်ကြိုက်တယ်"

"အဲဒီနှစ်လုံးက သိပ်မှမလှတာငါ့တူရာ ... ဘာကိုသဘောကျရတာလဲ ... ဟိုပန်းအိုးက ပိုမလှဘူးလား ... "

"အားတော့နာပါရဲ့ဗျာ ... "

"ကျန်တာတွေက အတုတွေလေ"

"ဟေ ... "

ပထမ ဆိုင်ရှင် အကြီးအကျယ်အံ့သြသွားသည်။ နောက်မှ တစ်စုံတစ်ရာကိုစဉ်းစားမိကာ ...

"ပြောစမ်းပါဦး ငါ့တူရ ... "

"ဘာကြောင့် အတုလို့ဆိုနိုင်ရတာလဲ"

"လွယ်ပါတယ် ... အတုတွေပေါ်မှာရှိတဲ့ ရေဆေးပန်းချီတွေက မပြဘူး ... လက်မကို တံတွေးဆွတ်ပြီး ပွတ်ကြည့်လိုက်ရင် ဆေးတွေပါလာတယ် ... ရှေးဟောင်းပစ္စည်းအစစ်ကတော့ ဘယ်လောက်ပွတ်ပွတ် မကျွာဘူးလေ ... "

ဆိုင်ရှင်က ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

"ငါ့တူပြောတာ အကြွင်းမဲ့မှန်နေပါရောလား၊ သူခိုးပေါ် သူဝှက်လုဆိုတဲ့စကားလို ကိုယ်က သူများအပေါ် မတရားအမြတ်တင်တော့ သူများကိုလည်း ကိုယ့်အပေါ် အတုတွေ လိမ်ရောင်းသွားတာခံလိုက်ရတာပါပဲ ... "





"ဘဝဆိုတာ ဒီလိုပါပဲ ... လျှင်သူစားစတမ်းပေါ့"

"ဒါနဲ့ ... ဒီပန်းအိုးနှစ်လုံးကို မရောင်းနိုင်သေးပါဘူးကွယ်၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ ရောင်းဖြစ်ရင်ရောင်းဖြစ်ပါလိမ့်မယ်"

"ဩော် ... ဒါထက်"

"ငါ့တူကြီးက ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းတွေကို အတော်လေး အကျွမ်းတဝင်လေ့လာထားပုံရတယ်"

"ကျွန်တော်က ဝါသနာရှင်တစ်ယောက်ပါ ... သမိုင်းနဲ့ ရှေးဟောင်းပစ္စည်းတွေကို ဝါသနာပါလွန်းလို့ စောက်ချပြီး လေ့လာနေသူ တစ်ဦးပါ"

"လေးစားပါတယ်ကွယ် ... ဦးနာမည်က ဦးရွှေအောင်ပါ၊ ငါ့တူကြီးက ... "

ပြောပြောဆိုဆို ဆိုင်ရှင်က လက်ကိုကမ်းပေးသည်။ သူကလည်း လေးလေးစားစား လက်ဆွဲနှုတ်ဆက်ကာ ...

"ကျွန်တော့်နာမည် တင်မောင်ဇော်ပါ"

"အေးကွယ် ... အရောင်းအဝယ်မဖြစ်လည်း ကိုယ့်ဆီရောက်လာတဲ့ဧည့်သည်ကို လက်ဖက်ရည်ဝိုင်းလေးနဲ့တော့ ဧည့်ခံပါရစေ ... ထူးချွန်ထက်မြက်တဲ့လူငယ်တစ်ယောက်အနေနဲ့ပေါ့ကွယ်"

တင်မောင်ဇော်လည်း မငြင်းသာတော့။ ထို့ကြောင့် ဆိုင်နောက်ခန်းသို့ လိုက်ခဲ့ရ၏။ ဆိုင်နောက်ခန်းမှာ အရှေ့ကအခန်းထက် ပိုကျယ်ဝန်းပါသည်။ တပည့်တပန်းလည်းထားပုံမရ။ သူကိုယ်တိုင် ခတ်ဘူးနှင့်မုန့်တချို့ကိုယူလာကာ စားပွဲတစ်လုံးတွင် ပြင်ဆင်ဧည့်ခံပါသည်။

"ကိုင်းကွယ် ... သောက်လိုက်ပါဦး ... ဖွယ်ဖွယ်ရာရာ မဟုတ်တာတော့ ခွင့်လွှတ် ... "

"ဟာ ... ရပါတယ် ဦးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်ဖက်ရည်သောက်ရင်း တွေရာလေးပါး ကိုယ့်အကြောင်း သူ့အကြောင်းကို ပြောပြမိတော့ ဦးရွှေအောင် ထခုန်မိမတတ် ဝမ်းသာသွားပါတော့၏။

"ဟော ... အဲဒါ တို့တတွေ ငယ်ငယ်လေးကတည်းက သိပ်ခင်လာခဲ့တဲ့သူငယ်ချင်းတွေကွ ... "

ဦးရွှေအောင် တော်တော်လေး ပျော်သွားပုံရပါသည်။ မျက်လုံးတွေ အရောင်တောက်လက်လာသလို သူ့ကိုလည်း တူအရင်းတစ်ယောက် အလား ဆက်ဆံလာ၏။

"ခု မင်းအဖေဘယ်မှာလဲ"

"ရန်ကုန်မှာပါ"

သူတို့နှစ်ယောက် ညီအစ်ကိုရင်းများသဖွယ် ခင်မင်လာခဲ့ကြောင်း ဖေဖေ့ကျေးဇူး သူ့တွင်အတော်ရှိခဲ့ကြောင်း အိမ်ထောင်ကျခါမှပင် မန္တလေးမြို့မှ တစ်ယောက်တစ်နေရာဆီ ကွဲကွာသွားကြောင်း ဆိုရှာသည်။

"အိမ်း ... အခုလို တစ်ယောက်အကြောင်းတစ်ယောက်သိသွားကြပြီဆိုတော့ မင်းအတွက် ထူးဆန်းတဲ့လက်ဆောင်တစ်ခုပေးရဦးမယ် ... "

"ထူးဆန်းတဲ့လက်ဆောင်"

ဦးရွှေအောင်က ပြုံးပြုံးကြီးလုပ်ကာ ခေါင်းညိတ်ပြ၏။ ထို့နောက် ဗီရိုကြီးတစ်လုံးဆီသို့သွားကာ အံဆွဲတစ်ခုအတွင်းမှ တစ်စုံတစ်ရာကို ထုတ်ယူနေလေသည်။ သူပြန်လာသည့်အခါ သူ၏လက်တွင် ရှေးဟောင်းခေတ်က သေဆုံးပြီးသွားသောလူများကို ဆေးစိမ်၍ပတ်ထားသော အဝတ်စတစ်ခုဖြင့် ရစ်ပတ်၍ထားသော ပစ္စည်းတစ်ခုပါလာခဲ့၏။ ထို့နောက် သူက အဝတ်ထုပ်ကို တဖြည်းဖြည်းဖွင့်ပြ၏။ အပေါ်ယံအဝတ်စများကို ဘေးကို ဖယ်ထုတ်လိုက်ပြီးနောက် ရှေးဟောင်းမင်းသမီးတစ်ပါး၏ ဆေးစိမ်ထား





သော လက်လေးတစ်ဖက်ကို မြင်ရလေ၏။

"ဟင် ... "

လက်မှာ သစ်နက်သားတစ်ခုကို ထုလုပ်ထားသကဲ့သို့ အရောင်သည် မဲမှောင်နေသည်။ နူးညံ့ပုံရသောလက်မှာ လက်ကောက်ဝတ်မှ ဖြတ်ထားသဖြင့် အရိုးစွန်းလေးပေါ်နေသည်။ ဖြူဖွေးသောအရိုးလေးကို မြင်နေရသ၏ လက်ကလေးများသည် ရှည်လျား၍ အလွန်လှပသည်။ လက်သည်းများမှာ အလွန်ညီညာ၍ ရွှေချထား၏။ လက်ချောင်းလေးများအား ညှိသည့်အဝတ်မှပတ်ထားခြင်းမရှိချေ။ လက်ညှိုးတွင် ရွှေလက်စွပ်တစ်ခုပါသည်။ လက်စွပ်တွင် ရှေးဟောင်းအီဂျစ်ကျောက်စာများနှင့်ရေးထားသော စာတန်းတစ်ခုပါသည်။ ရှေးထုံးနည်းဖြင့် ဤလက်အား မပျက်စီးစေသို့အောင် ဆေးစိမ်ပတ်တီးများဖြင့် ပြုလုပ်ထားပုံက အလွန်အံ့ဩစရာကောင်း နေပါတော့၏။

ဦးရွှေအောင်က အလွန်နူးညံ့သိမ်မွေ့စွာဖြင့် လက်ဝါးလေးကိုကိုင်ကာ ...

"သူ့ရဲ့သမိုင်းကတော့ ဒီလိုကွဲ့ငါ့တူ ... ဒီလက်ဟာ အင်တင်နာတင် ဘုရင်မင်းမြတ်ရဲ့ သတ္တမမြောက်သမီးတော်ရဲ့ လက်ပါဘက်ဆိုပါတော့ ... ဘုရင်ကြီးဟာ သူ့မိဘအစဉ်အဆက်က ကိုးကွယ်လာတဲ့ဘာသာကိုစွန့်ပြီး တယ်လ်တယ်လ်အာမာရာဆိုတဲ့ ဘာသာတစ်ခုကို တီထွင်ခဲ့တယ်။ ဘုရင်ကြီး နတ်ရွာစံပြီးတဲ့နောက်မှာ သူ့သားတော် ထွန်းအံ့အမွန်မွေ့ရလာတော့ အရင်က ရှေးဟောင်းဘာသာကိုပဲ ဆက်ပြီးကိုးကွယ်ခဲ့တယ်။ မင်းသမီး မာကီတာတင်ရဲ့လက်ဟာ ဒီလက်ပဲ။ ဘုရင်လေးနဲ့ကတော့ မောင်နှမအရင်းတွေပေါ့ကွယ်။ သူ့အဖေသေပြီးတဲ့အခါ သူမကိုယ်တိုင် စစ်တပ်ကြီးတစ်ခုကိုခေါင်းလို့ သိမ်မြို့ကိုသွားပြီးတိုက်တယ်။ ထိုမမြို့မှာပဲ သူမအသတ်ခံလိုက်ရတယ်။ ဘုန်းတော်ကြီးတွေက ဓားကိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူမရဲ့ညာလက်ကို လက်ကောက်ဝတ်ကနေဖြတ်ပြီး ပျက်စီးယိုယွင်း ပုပ်ပွခြင်းမရှိအောင် ဆေးရည်စိမ်ထားလိုက်ကြတယ်''

''ဒါကို ဘာကြောင့် ကျွန်တော့်ကိုပြတာလဲ''

''မင်းကို လက်ဆောင်အဖြစ်ပေးဖို့လေ''

''ဟာ ... ဒါကြီးကို''

ဦးရွှေအောင်က လက်ညှိုးလေးတစ်ချောင်းကိုထောင်လျက် -

''ဒီလက်ဆောင်ကိုတော့ မင်းငြင်းဖို့စိတ်မကူးပါနဲ့ ... ဒါဟာ ငါ့သူငယ်ချင်းရဲ့သားမို့ အမှတ်တရပေးလိုက်တာ ... အဲဒီမင်းသမီးရဲ့ အခြားနာမည်ရှိသေးတယ် ... ''

''အဲဒါက ... ''

''ကံနတ်သမီးတဲ့ ... ''

''မင်း သူ့လက်လေးကိုဆောင်ထားရင် အန္တရာယ်အတွင်းကို ဘယ်လောက်ကျကျ ကံကောင်းစေနိုင်တယ်လို့ အယူအစွဲရှိခဲ့တယ်ကွ''

ဦးရွှေအောင် အတန်တန်ပြောနေသောကြောင့် သူ မငြင်းနိုင်တော့ပေ။ ထို့အပြင် အသေအချာသိမ်းထားရန် ကတိတောင်းနေပြန်သောကြောင့် သူမှာ သိမ်းထားပါမည်ဟု ကတိပေးရပြန်လေသည်။

ထို့နောက် ... သူ ကျေနပ်သွားကာ တစ်စုံတစ်ရာကို သတိရသွားပြန်ပြီ ...

''အဲ ... အရေးကြီးတာမှ မေ့နေပြန်ပြီ''

''ဘာလဲဦးလေး''

''သိပ်ကိုအရေးကြီးတာပေါ့ကွယ် ... ဟောဒီကံနတ်သမီးနဲ့လည်း စပ်ဆက်နေသေးတာလေ ... ''

''ကံနတ်သမီး ... ''

''ကိုင်းထ ဟောဟိုက စားပွဲခုံပေါ်သွားရအောင်''





သူက တင်မောင်ဇော်အား တကယ့်ကို တရင်းတနှီးပုံစံမျိုးဖြင့် လက်ကိုဆွဲကာ ထစေလိုက်၏။ တင်မောင်ဇော် အလိုက်သင့်မတ်တတ်ရပ်လိုက်သည်။

ဘာများဖြစ်လေမလဲဟူသော စိတ်ဝင်စားမှုတွေက ရင်ထဲတွင် တစ်စတစ်စ အရှိန်မြင့်လာ၏။ ထို့နောက် ဦးရွှေအောင်ခေါ်ဆောင်ရာသို့ လိုက်ခဲ့လေသည်။

ကျ • ကျ



www.burmeseclassic.com

www.burmeseclassic.com

## လူသတ်မှုဖြစ်ပွားခြင်း

ဦးရွှေအောင်က အဝတ်နက်ဖြင့် ဖုန်းအုပ်ထားသော ပစ္စည်းတစ်ခုကိုဆွဲယူလှစ်ပြလိုက်၏။ အလွန်လက်ရာမြောက်လှသော နတ်သမီးရုပ်တုပေ။ အမြင့်အားဖြင့် တစ်ပေခွဲခန့်သာရှိသည်။ သရဖူဆောင်းထားသော်လည်း ခန္ဓာဗေဒနှင့်ကြည့်လျှင် အလွန်လက်ရာမြောက်သော အချိုးအဆစ်ကျနသော ရုပ်တုတစ်ခုပင်။

"ဒါဟာ ကံနတ်သမီးရုပ်တုပဲ"

"တော်တော်လှတဲ့ အမျိုးသမီးပဲနော်"

တင်မောင်ဇော်က ရုပ်တုကို သေသေချာချာစေ့စေ့စပ်စပ်ကြည့်သည်။ ရှေးဟောင်းလက်ရာများကို စိတ်ဝင်စားသူပီပီ အငမ်းမရကြည့်ရှုသည်။

"ဒီမှာတော့ လက်တစ်ဖက်ပါတယ်နော်"

"ဒါက ..."

"တိုက်ပွဲမထွက်ခင် မသေဆုံးခင်ကရှိနေတဲ့ အနေအထားအတိုင်း ထုထားတာလေ"





"ရုပ်တုလက်ရာကိုကြည့်ပြီး ကြက်သီးတောင် ထတယ်ဗျာ"

"ဒီရုပ်တုက ဦးလေးဆီမှာ နာရီပိုင်းလောက်ပဲ ခေတ္တဝင်နားတာ ခရီးဆက်ရဦးမယ် ... ဟောဒါကတော့ ကံနတ်သမီးနဲ့ပတ်သက်တဲ့ မှတ်တမ်းမှတ်ရာတွေကို ဦးလေးစုဆောင်းထားတဲ့စာအုပ်"

ဦးရွှေအောင်က အနက်ရောင်သားရေဖြင့် ချုပ်လုပ်ထားသော ဒိုင်ယာရီစာအုပ်လေးကို သူ့လက်ထဲထည့်သည်။

ထိုစဉ်အခိုက် အခန်းရှေ့မှ လူသံများကြားရ၏ ...

"ပစ္စည်းဝယ်ချင်တဲ့လူတွေထင်တယ် ... ဦးလေးထွက်တွေ့လိုက်ဦးမယ် ... လက်ဖက်ရည်ထည့်သောက်နော် ... ဘာမှ အားမနာနဲ့ ..."

ဆိုင်ရှင်ထွက်သွားပြီးနောက် သူ ရုပ်တုကိုငေးမောကာ ကျန်ရစ်ခဲ့၏။ ခဏအကြာ ရှေ့ခန်းဆီမှာ စကားသံများ ဗလုံးဗထွေးကြားလာရသည်။ ထို့နောက် တဖြည်းဖြည်းတင်းမာသံများ၊ ဒေါသသံများ၊ အော်ဟစ်သံများ၊ ဝေါက်ငန်းသံများ။

"ချွမ်"

"ဂရမ်"

မှန်ကွဲသံတချို့ကြားလာရသောကြောင့် တင်မောင်ဇော် မနေသာတော့။ ခန်းဆီးလိုက်ကာထောင့်စွန်းဆီမှ ခပ်ဟဟပွင့်နေသော အပေါက်မှ ချောင်းကြည့်လိုက်ရာ ...

"ဦးလေး ဓားတစ်ခုနဲ့ကြုံနေရပြီ"

ဟုတ်သည်။ စုစုပေါင်း လူကသုံးယောက်။ နှစ်ယောက်က ဦးလေးကို အနောက်မှချုပ်နှောင်ထားသည်။ တစ်ယောက်က သေနတ်ဖြင့် နဖူးဆီသို့ ချိန်ရွယ်ထားသည်။ သေချာပါသည်။ ဦးလေးအတွက် ဒုက္ခသနာပေါ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ..."

သေနတ်သံတစ်ချက်ထွက်ပေါ်လာပြီး ဦးလေး၏နဖူးပြင်ဆီသို့ ထိုးဖောက်ဝင်ရောက်သွားသည်။

"အု ..."

နင့်နင့်သည်းသည်း အသံတစ်ချက်နှင့်အတူ မျက်နှာပြင်ပေါ်တွင် သွေးများ ဖျာထွက်လွင့်စဉ်ကုန်၏။ သူတို့ဆိုင်ရှင်အား ရက်စက်စွာ သတ်ပစ်လိုက်ကြပေပြီ။ ဆိုင်ရှင်မှာ ခွေခွေခေါက်ခေါက်ဖြင့် ကြမ်းပြင်ပေါ် ပုံလျက်လဲကျသွား၏။

"တော်တော်ရက်စက်တဲ့လူတွေပဲ"

သူတို့ထဲမှ နှစ်ယောက်မှာ သေနတ်ကိုယ်စီနှင့်မို့ သူထွက်၍ရင်ဆိုင်ရန် ဘယ်လိုမှမဖြစ်နိုင်။ ကိုယ့်သေတွင်းကိုယ်တူးရုံသာရှိသည်။

"ဟော့ကောင်တွေ ဟိုပစ္စည်းမြန်မြန်ရှာကြစမ်း"

အခန်းအတွင်းသို့ ဝင်လာသောခြေသံများကြောင့် တင်မောင်ဇော်မည်သို့မျှမကြံတတ်တော့ဘဲ ဗီရိုကြီးတစ်လုံး၏နောက်ကွယ်တွင် ဝင်ပုန်းနေလိုက်၏ ။

"ဟော့ ..."

"ဟိုမှာ ..."

"ဟိုမှာ ရုပ်တုကြီးကအဆင်သင့်"

တစ်ယောက်က အလွယ်တကူ တွေ့ရှိသွားခြင်းအပေါ် ဝမ်းသာအားရဖြင့် မူလအဝတ်နက်ကြီးဖြင့် ထုပ်ပိုးလိုက်၏။

တစ်ယောက်က ...

"စားပွဲပေါ်မှ ကော်ဖီပန်းကန်တစ်ခွက် သူ့အပြင် နောက်တစ်ယောက်ရှိရဦးမယ် ..."

"ဟုတ်တယ် ..."





"ရှာကြစမ်း ..."

"ရှာကြစမ်း ..."

တစ်ယောက်က နောက်ဖေးရေချိုးခန်းအတွင်းသို့ ဝင်ရှာသည်။ တစ်ယောက်က ရုပ်တုကြီးများထားရာနောက်သို့ လှည့်ပတ်ရှာဖွေသည်။ သည်တစ်ကြိမ်တွင်တော့ သူဘယ်နည်းနှင့်မျှ မလွတ်နိုင်တော့။

သေနတ်သမားနှစ်ဦးအား ခုခံရင်ဆိုင်နိုင်ရန်မှာလည်း ဘယ်လိုမှ မဖြစ်နိုင်။ မြင်တွေ့သွားလျှင်ကော ...

လှုသတ်ရန် လက်ယဉ်နေသော အလေ့အကျင့်တွေက သူ့ခန္ဓာကိုယ်အစိတ်အပိုင်းတစ်နေရာရာအား ကျည်ဆန်တောင့်များထည့်သွင်းရန် ဝန်လေးကြမည်မဟုတ်။

သူဘာလုပ်ရမည်လဲ ...

သူဘာလုပ်ရမည်လဲ ...

သေနတ်သမားတစ်ယောက် သူပုန်းနေရာ ဗီရိုဆီသို့ တည့်တည့်မတ်မတ်လာနေခိုက်။

"အမလေး ..."

စားပွဲပေါ်မှ မည်းနက်နေသော လက်ကြီးအား ကိုင်ကြည့်မိသူတစ်ဦးက ကြောက်လန့်တကြားအဝေးသို့ လွှင့်ပစ်လျက် အော်လိုက်မိသော အသံ ဖြစ်သည်။

"ဟော့ကောင် ... ဘာဖြစ်တာလဲ"

"ဟို ..."

"ဟို ..."

"ဟိုမှာ သရဲလက်တစ်ဖက် ... မည်းနက်နေတာပဲ"

"ပေါက်ပေါက်ရှာရှာကွာ"

ဗီရိုဆီလာသည့်လူက နောက်သို့ ခြေလှမ်းဆုတ်လိုက်ပြီး လွှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းလိုက်သော လက်မည်းကြီးဆီသို့ လျှောက်သည်။ ထိုစဉ် အပြင်မှ လှသံကြားရပြီး ...

"အာ ... အန်ကယ်ဦးရွှေအောင်"

"အန်ကယ်ဦးရွှေအောင်"

လူရွယ်တစ်ယောက်က ဦးရွှေအောင်အလောင်းဘေးတွင်ထိုင်ကာ အော်ဟစ်နေသောကြောင့် သူတို့အတွက် အရှုပ်အထွေးများ ဖြစ်လာနိုင်သဖြင့် ...

"ဒုတ် ... "

"အင့် ... "

ဦးခေါင်းနောက်ပိုင်းအား သေနတ်ဒင်ဖြင့် ထုချလိုက်သောကြောင့် နွေလဲကျကာ သတိလစ်သွားတော့၏။

"ကိုင်း ... "

"ကိုင်း ... အချိန်မရှိတော့ဘူး ... ဒီလူကြီးအလောင်းနဲ့ ရုပ်တုကို ကားပေါ်အမြန်တင်"

သူတို့လုပ်ပုံကိုင်ပုံတွေက ကျွမ်းကျင်မှုကိုပြသနေသည်။ မြန်မှမြန်၊ မကြာခင်တွင်ပင် အလောင်းနှင့်ရုပ်တု ကားပေါ်သို့တင်ပြီးသားဖြစ်သွားလေ၏။

"ဟိုကောင့်ကိုရော ဘယ်လိုလုပ်မလဲ"

"ဒီအတိုင်းထားလိုက် ... နိုင်းလိုက်တဲ့အထဲမှာ လူပိုတွေမပါဘူး ... "

ထို့နောက် ...

ကားလေးမှာ ဣန္ဒြေမပျက် ထွက်ခွာသွားကြလေသည်။

ကျန်ရစ်သူ လူသားနှစ်ဦးမှာ တင်မောင်ဇော်နှင့် သတိလစ်နေသော လူရွယ်တို့သာဖြစ်၏။ ထိုလူရွယ်မှာ တင်မောင်ဇော်အတွက် စားစာခံ





ပေးလိုက်သလိုရှိတော့၏။ ဒါသည်ပင် ကံနတ်သီး လက်တစ်ဖက်၏ စောင့်ရှောက်မှုကြောင့်လား။

တကယ်လည်း သူ့ အသက်ဘေးမှ သီသီလေးလွတ်ခဲ့ရသည် လေ။ ထို့ကြောင့် ကံနတ်သမီးလက်တစ်ဖက်ကို အဝတ်များနှင့်ပြန်ပတ်ကာ ဘောင်းဘီအိတ်အတွင်းသို့ ထိုးသွင်းလိုက်၏။

ထို့အပြင် စားပွဲအောက်တွင် ရောက်နေသော ဦးရွှေအောင်၏ ဒိုင်ယာရီစာအုပ်လေးဆီသို့လည်း မျက်စိအကြည့်ရောက်သွားပြန်သည်။

ㅠ ◆ ㅠ

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်မထင်ရောက်လာသောမိန်းမလှလေး

သီသီလေးလွဲသွားခြင်းဟု ဆိုရမည်လား။ သို့မဟုတ် ကံကောင်းသည်ဟု ဆိုရမည်လားမသိ။ လူဆိုးများ ကားနှင့်ထွက်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်ချိန်လောက်တွင် မိန်းမလှလေးတစ်ဦး ဆိုင်အတွင်းသို့ ခပ်သုတ်သုတ်ဝင်ရောက်လာ၏။

"အန်ကယ် ... "

"အန်ကယ် ... ဦးရွှေအောင်"

"အမလေး ... "

သွေးများနှင့်အတူ သတိလစ်နေသော လူရွယ်ကိုတွေ့သွားခြင်းကြောင့် ပေါ်ထွက်လာသော တုန်ခါမှုအသံပင်ဖြစ်ပါ၏။ နေရာတချို့တွင် မှန်ကွဲများ ဖွာလန်ကြဲလျက် ... ။

တင်မောင်ဇော်အခန်းအတွင်းမှ ထွက်လာခဲ့သည်။ မိန်းမလှလေးက သူ့ကိုမြင်တော့ ကြောင်အမ်းအမ်းဖြစ်သွားကာ ...

"ရှင် ... "

"ရှင် ... "





"ရှင် ... "

"မင်းဘယ်သူလဲ ... ဘာကိစ္စ ဒီကိုရောက်လာရတာလဲ"

"ရှင် ... ဒီလူကိုသတ်လိုက်တာလား"

"ဒီလူ သတိလစ်နေတာ"

"ဒါတွေခဏထား ... မင်း ဒီကိုဘာကြောင့်ရောက်လာသလဲဆိုတာ မြန်မြန်ပြော"

"ဦးရွှေအောင်နဲ့မင်း ဘယ်လိုပတ်သက်လဲ"

"ကျွန်မ သူ့မိတ်ဆွေပါ ... ပစ္စည်းတစ်ခုပြစရာရှိတယ်ဆိုပြီး ချိန်းထားလို့ ... "

သူတစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် ...

"ဦးရွှေအောင် စောစောကလေးတင် အသတ်ခံလိုက်ရတယ်"

"ဘုရားရေ ... "

သူမ မျက်လုံးများ ပြူးကျယ်သွားရ၏။ လက်ကလေးများကို နှုတ်ခမ်းဖူးဖူးလေးရှေ့တွင်တင်လျက် မှင်တက်မိငေးမောနေစဉ် ...

"ဟုတ်တယ် ... လူမဆန်အောင်သတ်သွားကြတာ"

"ကိုင်း ... "

"ကိုယ်တို့ ဒီနေရာမှာကြာကြာနေဆက်မနေသင့်ဘူး ... တစ်နေရာရာရောက်မှ အကြောင်းစုံရှင်းပြမယ်"

မိန်းမလှလေးမှာ သူ့ခေါ်ရာနောက်သို့ ဘုမသိဘမသိ လိုက်လာခဲ့ရ၏။ ခပ်လှမ်းလှမ်းရောက်တော့ အခန်းအတွင်းမှ သွေးကွက်များပေါ်လဲကျနေသောလူဆီ သူမ တစ်ချက်လှမ်းကြည့်ကာ ...

"ဆိုင်ရှေ့တံခါးပိတ်ထားခဲ့ပါဦးလား"

"အင်း ... ဟုတ်သားပဲ"

"လမ်းသွားလမ်းလာတွေ မြင်သွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတို့၏အတွေးသည် တစ်ခါတစ်ရံ အလွန်အသုံးဝင်ကြောင်း သဘောပေါက်သွားသည်။

သူတို့နှစ်ယောက် ထိုင်နေရာခုံတန်းလေးမှ မျှော်ငေးကြည့်လျှင် တောင်အောက်မြေပြန့်မှ မြို့လေးနှင့် ရွာလေးများကို လှမ်းမြင်နိုင်သည်။ တစ်ဖက်တွင်လည်း တောင်စဉ်တောင်တန်းတွေက ကာကာစီးစီး။ အပြာရောင်ကောင်းကင်နောက်ခံတွင် အဖြူရောင် တိမ်စိုင်တိမ်လိပ်တို့က မျောမျောလွင့်လွင့်။

ရာသီဥတုက အေးမြနေသလောက် တင်မောင်ဖော်၏ အပူမီးတို့က တောက်တောက်လောင်လောင်။ သူက မနက်ပိုင်းဖြစ်ပျက်ခဲ့သမျှ အစုံအလင်ကို အသေးစိတ်ရင်ဖွင့်ပြောဆိုလိုက်၏။ ကံနတ်သမီးလက်နှင့် ဒိုင်ယာစာအုပ်အကြောင်းကိုတော့ ချန်ထားခဲ့သည်။

"ကိုယ်ကြုံခဲ့သမျှတွေကတော့ အဲဒါတွေပါပဲ"

မိန်းမလှလေး၏မျက်နှာပေါ်တွင် သူ့အား သံသယတစ်စုံတရာမျှ မရှိ။ လေးလေးနက်နက် နားထောင်သည်။ တွေးတော ဆင်ခြင်သည်။

"လူသတ်သမားတွေကို ရှင်မှတ်မိမလား"

"အင်း ... သေနတ်ကိုင်ထားတဲ့ လူနှစ်ယောက်ကိုတော့ ကောင်းကောင်းမှတ်မိတယ် ... "

"ဒါနဲ့ ... ဆိုပါဦး"

"မင်းက ... "

"ကျွန်မနာမည် ဆုမွန်ထွန်းပါ ... တက္ကသိုလ်ကျောင်းသူတစ်ဦးဆိုပါတော့ ... သမိုင်းနဲ့ပတ်သက်လာရင် တော်တော်ဝါသနာကြီးခဲ့သူတစ်ဦးပါ ... အထူးသဖြင့် ထွင့်ရှုအံ့အမွန်ရဲ့ဘဝများစွာက မယ်တော်ဖြစ်ဖူးခဲ့တဲ့ ကံနတ်သမီးအကြောင်းကိုပေါ့"

"ကိုယ် ... ဦးရွှေအောင်ဆီမှာ မြင်လိုက်ရတဲ့ ရုပ်တုက





ကံနတ်သမီးရုပ်တုအစစ်လေ"

"ဟုတ်လား ... "

"ဟုတ်တယ် ... "

"ကိုယ် လေ့လာထားသမျှနဲ့ တိုက်ဆိုင်ကြည့်ရင် အစစ်မှ တကယ့်အစစ် ... "

"သူတို့ ဘယ်ကိုသယ်သွားကြလဲ"

"ဘယ်ပြောတတ်ပါ့မလဲ ... "

"ဒီရုပ်တုဟာ တန်ဖိုးမဖြတ်နိုင်တဲ့ စာရင်းထဲမှာပါမှာပဲနော်"

"မင်းနဲ့ ဦးရွှေအောင်က ... "

"ရင်းနှီးနေတာကြာပါပြီ ... အန်ကယ်က ဒီမှာရှေးဟောင်းပစ္စည်းဆိုင်လေးဖွင့်ပြီး အခြေချနေထိုင်တဲ့နောက်ပိုင်း အထူးအဆန်းဆိုရင် ခေါ်ပြတတ်သူပါ ... အန်ကယ်သေဆုံးသွားတာနဲ့ပတ်သက်ပြီး တရားခံကိုဖော်ထုတ်နိုင်ရင် ကောင်းမယ်"

"ကိုယ် တရားခံကိုဖော်ထုတ်နိုင်ဖို့ကြိုးစားပါ့မယ်"

"ရှင်ကတိပေးနိုင်သလား ... "

"ကိုယ်ယောကျ်ားတစ်ယောက်ပါ"

"ရှင့်စိတ်ဓာတ်ကို ကျွန်မ ချီးကျူးသွားပြီ"

"ရော့ ... "

"ဟောဒါ ကျွန်မရဲ့ နေရပ်လိပ်စာ"

"မနက်ဖြန်ညနေ ကိုယ်တို့နှစ်ယောက် ညစာအတူတူစားဖို့ ဖိတ်ခေါ်ပါရစေ"

"ဒါတော့ ရှင့်သဘောပဲလေ"

ထိုနေ့က တင်မောင်ဖော် ဆုမွန်ထွန်းကို မြင်မြင်ချင်း စိတ်ဝင်စားသွားမိသည်။ သူမ၏အလှအပကြောင့်တင်မဟုတ်၊ ရဲရင့်သူ့လက်



www.burmeseclassic.com

www.burmeseclassic.com



သော အမူအရာ၊ ချက်ချာသောစကား၊ စွဲဆောင်နိုင်သောမျက်လုံးတို့ကြောင့် သူ့ရင်မှာ လှုပ်ခတ်ရ၏။



## ကံနတ်သမီး၏ဝိညာဉ်

တင်မောင်ဖော် တည်းခိုနေထိုင်ရာ မဟူရာဆိုသောအိမ်ကြီးဆီသို့ ရောက်လာခဲ့သည်။ အိမ်ကြီးမှာ နှစ်ဆောင်ပြိုင်အိမ်ကြီးဖြစ်ကာ သစ်သားများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်၏။ ရေနံချေးဝနေသောကြောင့် တစ်အိမ်လုံး နက်မှောင်နေပေသည်။ ထိုအိမ်မှာ တင်မောင်ဖော်၏ဖခင် [illegible]အောင် အဆက်အသွယ်ဖြင့် လာရောက် တည်းခိုနေထိုင်ခြင်းဖြစ်၏။ သူ့ဖေဖေမှာ စိတ်ရင်းကောင်းသူမို့ လူချစ်လူခင်လည်းပေါသည်။ [illegible]ယ်နယ်အရပ်ရပ်တွင်လည်း မိတ်ဆွေသင်္ဂဟများပြားလှ၏။

''ဆရာလေး ... ညစာပြင်ဆင်ပေးရဦးမလား''

ခြံစောင့်လေးက တံခါးဖွင့်ပေးရင်းမေးသည်။

''မင်းမှာ ချက်ပြုတ်ထားတာရှိလို့လား''

''အဆင်သင့်ပါပဲ''

''အေးကွာ ... ဒါဆို ရေမိုးချိုးပြီးစားတာပေါ့''

''ကျွန်တော် ပြင်ဆင်ထားလိုက်မယ်နော်''

''ကောင်းသားပဲ ... ''



www.burmeseclassic.com

www.burmeseclassic.com



ထိုခြံနှင့်အိမ်မှာ ဖေဖေ့မိတ်ဆွေ ဦးချစ်ခင်၏ပိုင်ဆိုင်မှု အပိုသက်သက်အိမ်။ ဧည့်သည်များလာမှသာ တည်းခိုနေစေသောအိမ်။ ဦးချစ်ခင် ပိုင်ဆိုင်သောအိမ်တွေက သည်တောင်ပေါ်မြို့လေးတွင် ခပ်များများ။

သူ အိပ်ခန်းထဲသို့ရောက်တော့ ကံနတ်သမီး၏လက်ကိုထုတ်သည်။ ဦးရွှေအောင်၏ ဒိုင်ယာရီစာအုပ်ကိုထုတ်သည်။ ဆေးစိမ်ထားသောလက်အား စားပွဲပေါ်တင်လိုက်စဉ် ခဏကြက်သီးတွေ ဖြန်းခနဲထသွားသည်။ ဘာကြောင့်မှန်းမသိ။

ထို့ကြောင့် စိတ်ချရမည်ထင်သော ဗီရိုတစ်လုံး၏ အံဆွဲတစ်ခုထဲတွင် ထည့်ထားလိုက်သည်။ စာအုပ်ကိုတော့ သူအိပ်ရာဝင်စဉ် ဖတ်ရမည်ဟု တေးထားလိုက်၏။ ထို့နောက် သူ ရေမိုးချိုးပြီးသည့်အခါ အငွေ့တထောင်းထောင်း ရနံ့သင်းကြိုင်သော စားကောင်းသောက်ဖွယ်များကို ခြံစောင့်လေးမောင်ကြိုင်က အသင့်ပြင်ဆင်ထားပြီးလေပြီ၊ အေးစိမ့်သက်နေသည့် သည်လိုရာသီဥတုမျိုးတွင် ပူပူနွေးနွေးနှင့် အရသာရှိလှသော စားကောင်းသောက်ဖွယ်များကို သုံးဆောင်ရသည်မှာ အရသာရှိလှပါ၏။

''မင်းလက်ရာကတော့ စပါယ်ရှယ်ပဲဟေ့''

''ဒါတောင် ဆရာစားမယ်၊ မစားဘူး သေသေချာချာမသိလို့ တော်ရုံလေးလုပ်ထားဆရာရဲ့ ... ဟဲ ... ဟဲ''

''မနက်ဖြန်ညနေစာကတော့ ချက်မထားနဲ့တော့ကွာ ... မိတ်ဆွေတစ်ယောက်နဲ့ အပြင်မှာစားဖို့ ချိန်းထားလို့''

''ကျွန်တော် ဒီမှာပဲ ပြင်ဆင်ချက်ပြုတ်ထားလိုက်မယ်လေ ဆရာ''

''နေပါစေကွာ ... ''

''ရပါတယ် ... ''

''အခုလိုပြောတာကိုပဲ ကျေးဇူးတင်လှပါပြီ''

ညစာ စားပြီးသောအခါ သူ စောစီးစွာ အိပ်ရာဝင်ခဲ့သည်။





အိပ်ရန်တော့မဟုတ်သေးပါ။ ကံနတ်သမီးအကြောင်း ရေးထားသည့် ဒိုင်ယာရီကို ပထမဦးဆုံး စာမျက်နှာမှသည် တစ်ရွက်ပြီးတစ်ရွက်ဖတ်သည်။ အတော်ပင် ပြည့်ပြည့်စုံစုံရှိလှပါ၏။ မူရင်းကံနတ်သမီး၏ ရုပ်တုအစစ် ခါတ်လည်းပါဝင်၏။ မနက်ဖြန်ရောက်မှ ထိုအကြောင်းနှင့် ပတ်သက်သော စိတ်ဝင်စားစရာများကို ဆုမွန်ထွန်းနှင့် ဆွေးနွေးရဦးမည်ဟု စိတ်ထဲတွင် တေးထားလိုက်၏။

စာအုပ်ဆုံးသည်နှင့် သူ့မျက်လုံးတွေ လေးလံလာခဲ့သည်။ စာအုပ်ကို ပိတ်လိုက်စဉ်တွင် အဖုံးဖုံးထားသော သားရေအဖုံး၏ကြားတွင် မာမာဖုဖုလေးကို စမ်းမိလိုက်သဖြင့် ခွာကြည့်ရာ စာတစ်စောင်ကို တွေ့ရှိရလေသည်။

''ဘာစာများပါလိမ့်''

လတ်တလောရေးထားပုံရသောစာများ အောက်ပါအတိုင်းဖြစ်၏။

*လေးစားရပါသော*

*ဦးမြလွင်ခင်ဗျာ*

*ခင်ဗျား ဒီစာကိုဖတ်နေချိန်မှာ ကျုပ် လူ့ပြည်မှာရှိချင်မှရှိတော့မယ်။ တကယ်လို့ ကျုပ်သေလည်း ကျုပ်အတွက် ဝမ်းနည်းမနေပါနဲ့ဗျာ။ ကုသိုလ်ကံလို့ပဲ သဘောထားလိုက်ပါ။*

*ဒါပေမဲ့ ခင်ဗျား ကျုပ်အတွက် တစ်ခုဆောင်ရွက်ပေးစေချင်ပါတယ်။ အာရပ်လူမျိုးအာမက်တို့အဖွဲ့ဟာ ကျုပ်ကို တန်ရာတန်ကြေးမပေးတဲ့အပြင် နှုတ်ပိတ်ပစ်ဖို့ လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားနေကြတဲ့သူတွေပါ။ အခု သူတို့ဟာ အီဂျစ်ပြည်ကနေ ဒီနိုင်ငံကို ရောက်နေကြတယ်။ ဒီလူတွေ မလှုပ်ရှားခင် ခင်ဗျား လက်ဦးမှုရစေချင်တယ်။ တစ်ဖက်မှာဖော်ပြထားတဲ့ မြေပုံဟာ အီဂျစ်ပြည်က သူတို့အဖွဲ့ အဆိုး*



www.burmeseclassic.com

www.burmeseclassic.com



တန် ရှေးဟောင်းပစ္စည်းတွေကို နည်းမျိုးစုံနဲ့ ခေးပြတိုက်စုဆောင်းထား တဲ့နေရာပါ။

မကြာခင်ကာလတုန်းက အဖိုးမဖြတ်နိုင်တဲ့ ကံနုတ်သမီးရုပ်တု ကို တွေ့ခဲ့ကြတယ်။ ပိုင်ရှင်က ကျုပ်ရဲ့အရင်းနှီးဆုံးမိတ်ဆွေ ဦးစိန်ပျှမ်း ဆိုတဲ့လူ။ ဘယ်လိုကနေ ဘယ်လိုရလာသလဲဆိုတာတော့ ကျုပ်လည်း မသိဘူး။ ဒီလူက နိုင်ငံမျိုးစုံကိုလှည့်ပြီး အဖိုးတန် ရုပ်တုတွေကို ဝယ်လိုက်ရောင်းလိုက်လုပ်နေတဲ့ ကုန်သည်တစ်ယောက်လေ။

တစ်နေ့ သူက လိုချင်တဲ့သူရှိရင် စပ်ပေးဖို့တောင်းဆိုလာ တယ်။ နမူနာဓာတ်ပုံနဲ့ ရာဇဝင်ဒိုင်ယာရီစာအုပ်ကိုပေးပြီးတော့ပေါ့ဗျာ။ တစ်လလောက်ကြာတော့ ကျုပ်ဝယ်မယ့်သူကို တွေ့ခဲ့တယ်။ သူက လန်ဒန်သား။ ကမ္ဘာလှည့်ခရီးသည်။ ကျုပ်တို့နိုင်ငံ တောင်ပေါ်မြို့လေး ကိုလာလည်ရင်း အလုပ်ဖြစ်ခဲ့ကြတာ။ အခုဆိုရင် ရုပ်တုဟာ ကျုပ်ဆီ ကို တိတ်တဆိတ်ရောက်နေပါပြီ။ ဝယ်မယ့်နိုင်ငံခြားသားနဲ့လည်း ချိန်းဆို ခဲ့ပြီးပါပြီ။ ဒါပေမဲ့ စိုးရိမ်တာက ဒီကိုရောက်နေတဲ့ အာမက် တို့အဖွဲ့ပါပဲ။ ကျုပ်ဘယ်လောက် လျှို့လျှို့ဝှက်ဝှက်လုပ်လုပ် ဒီကောင် တွေ ဖျံတွေဆိုတော့ သတိထားဖို့တော့ လိုလိမ့်မယ်။ အဲဒါကြောင့် ခင်ဗျားအနေနဲ့

ရေးထားသောစာမှာ ထိုနေရာတွင်ပင် ရပ်ဆိုင်းသွားပါ၏။ မြေပုံ တော့ ပူးတွဲပါလာ၏။ အီဂျစ်ပြည်၏နေရာတချို့ကို ဖော်ပြထားခြင်းဖြစ် ၏။ တချို့နေရာများတွင် အာရပ်ဘာသာဖြင့် ညွှန်ပြထား၏။ သူက အင်္ဂလိပ် ဘာသာစကား၊ အာရပ်ဘာသာစကားနှင့် စာပေများကို တတ်ကျွမ်းသူမို့ အခက်အခဲမရှိပါ။ မြို့ရွာ မြစ်နှင့်ပိရမစ်များထားရှိပုံကိုတွေ့သော်လည်း မြေပုံသင်္ကေတများကို သိပ်နားလည်မှုတော့မရှိ။

သူစာပါအကြောင်းအရာများကို ဆပ်စပ်တွေးကြည့်ပြန်တော့





ဦးမြလွင်ဟာ ဘယ်သူပါလဲ။ ဘာအတွက် အကူအညီတောင်းရပါသလဲ။ ထိုအပြင် ဦးရွှေအောင်မှာ အီဂျစ်တွင်နေသော အာရပ်လူမျိုး အာမက်နှင့် အဖွဲ့ကို ဘယ်လိုပတ်သက်ခဲ့ပါသလဲ။ သူတို့က ဘာကြောင့် နှုတ်ပိတ်ဖို့ သတ်ပစ်ချင်ရတာလဲ။

စာကို အခေါက်ခေါက်အခါခါဖတ်လေ နားမလည်နိုင်မှုတွေက ပို၍ ကြီးထွားလာလေပင်။ ထို့ကြောင့် စာအုပ်ကို စားပွဲပေါ်ပစ်တင်ကာ မီးရောင်ကို ပိတ်ပစ်လိုက်သည်။ အတွေးတွေက ဟိုရောက်လိုက် သည် ရောက်လိုက်၊ အဖေ၏အချစ်ဆုံးသူငယ်ချင်း သေဆုံးရသည့်အတွက်တော့ ကြေကွဲရုံတင်မက အမှုမှန်ပေါ်ပေါက်ရေးအတွက် ဘယ်လိုပင်အခက်အခဲ တွေ ပေါ်ပေါက်လာပါစေ ရေဆုံးရေဖျားထိ လိုက်မည်ဟု ဆုံးဖြတ်ခဲ့ သည်။

နောက် ... ဆုမွန်ထွန်း၏မျက်နှာလေးက ခပ်ရေးရေးပေါ်လာ ပြန်လေ့သည်။ မိန်းမများစွာနှင့် သူတွေ့ဖူးသော်လည်း သူမကိုတော့ သူ တော်တော်စိတ်ဝင်စားနေမိ၏။ သည်းထိတ်ရင်ဖိုဇာတ်လမ်းတစ်ခုတွင် မထင်မှတ်စွာပါဝင်ပတ်သက်လာခဲ့ရသူ။ အမူအရာတွေနှင့် ပြောပုံဆိုပုံ တွေက သူ့ကို အတော်စွဲဆောင်စေပါသည်။

မနက်ဖြန်တွင် သူမနှင့် ထပ်မံတွေ့ရဦးမည်မို့ ပျော်သလိုလိုတော့ ဖြစ်မိ၏။ နောက်ပိုင်း သူ့မျက်လုံးတွေ တဖြည်းဖြည်းလေးလံလာခဲ့သည်။ ထို့နောက် မေးခနဲအိပ်ပျော်သွားသည်။ ဘယ်လောက်ထိ အိပ်ပျော်သွား သည်မသိ၊ သူ ဆတ်ခနဲလန့်နိုးလာချိန်တွင် နှင်းဆီရနံ့လို ခပ်ရှူးရှူးခပ်အီအီ အနံ့မျိုးကို သူရှူရှိုက်လိုက်ရ၏။

"ဒီအနံ့ဘယ်ကလာတာလဲ"

အနံ့ကပြင်းလွန်းသောကြောင့် သူ့မျက်လုံးတွေ ပိုမိုကျယ်လာခဲ့ရ သည်။ ဟုတ်သည်။ သူသည်ကိုရောက်တာ သုံးလေးရက်ရှိပြီ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမျှ မကြုံဘူး။ အပြင်က အလင်းပါးပါးက အတွင်းသို့ရောက်ရှိနေသောကြောင့် ခပ်ပျပျမြင်နေရသေး၏။

သူ မီးကိုထမဖွင့်ဖြစ်သေး။ အခြေအနေကို အကဲခတ်ကြည့်နေမိသေးသည်။ နှင်းဆီရနံ့ကတော့ ပိုမိုစူးရှလာဆဲ။

သူခုတင်ပေါ်မှဆင်းရန် ဟန်ပြင်လိုက်စဉ် ဗီရိုဆီမှ အခိုးအငွေ့သဏ္ဍာန် အမျှင်တန်းတချို့က အပြင်သို့ထိုးထွက်လာကာ ခပ်ရိပ်ရိပ်မြင်နေရ၏။

"ကံနတ်သမီးလက်တစ်ဖက်"

ဟုတ်သည်၊ လက်တစ်ဖက်ထားရှိသည့် ဗီရိုအံဆွဲဆီမှ ထွက်နေခြင်းဖြစ်သည်။ သိပ်မကြာ အခိုးအငွေ့တန်းတွေ့ များသထက်များလာကာ လူပုံသဏ္ဍာန်လိုလို ဘာလိုလိုဖြစ်လာသည်။ သိပ်မကြောက်ဘူးဟုဆိုသော်လည်း နှဖူးတွင် ချွေးတွေနည်းနည်းစိုလာသည်၊ သူ သည်လိုအတွေ့အကြုံမျိုး တစ်ခါမျှ မဖြစ်ခဲ့ဘူး။

အမျိုးသမီးတစ်ယောက်၏ အရိပ်သဏ္ဍာန်မှာ ပိုမိုထင်းပြတ်လာ၏။ ရုပ်တုနှင့်ဓာတ်ပုံကို တစူးတစိုက်ကြည့်ထားသူမို့ အမှန်တကယ်ပင် ကံနတ်သမီး၏ပုံရိပ်ဟု ယူဆလိုက်၏။ သူမ ဘာလုပ်မှာလဲ၊ သူ့ကို ဒုက္ခပေးလေမှာလား၊ ဦးရွှေအောင် ပြောသွားအလိုရဆိုလျှင် ကံကောင်းစေသည်ဟု ဆိုသောကြောင့် သူ့အားတစ်စုံတစ်ရာ အနှောင့်အယှက်ပေးရန်တော့ မဖြစ်နိုင်ပါ။

ပုံရိပ်ဖြူဖြူက သူ့အခန်းထဲမှ တဖြည်းဖြည်းထွက်ခွာသွားသည်။ သူက နောက်မှထပ်ချပ်မကွာလိုက်သည်။ လှေခါးမကြီးအတိုင်း အောက်သို့ တဖြည်းဖြည်းဆင်းသက်သွားပြန်သည်။

သူ့ရင်တွေ တဆတ်ဆတ်ခုန်လာသည်။ ဘာဆက်ဖြစ်ဦးမလဲ။ ဘာတွေ ဆက်ကြုံရဦးမှာလဲ။ လှေခါးမကြီးဆုံးသည်နှင့် ဝင်ပေါက်တံခါးဆီ





သို့ ဦးတည်လိုက်၏။ ထိုဝင်ပေါက်အား မဖွင့်မပြုဘဲနှင့် ထိုးဖောက်ထွက်လေတော့၏။

"အူး ... အူး"

"အူး ... အူး"

"အူး ... အူး"

ခွေးအူသံတွေ ဆူညံပွက်လောရိုက်ကုန်သည်။ အောက်ထပ်အခန်းတစ်ခန်းတွင် အိပ်နေသော ခြံစောင့်လေး မောင်ကြိုင်ဆီကတော့ ဘာသံမျှမကြားရ၊ အိပ်မောကျနေပုံပေါ်သည်။

သူ မှန်ပြတင်းပေါက်ဆီသို့ ခပ်သွက်သွက်လှမ်းကာ အပြင်သို့ အလောသုံးဆယ် လှမ်းကြည့်လိုက်၏။ ထိုအခါမှ လရောင်ကြောင့် သူမ၏ပုံရိပ်မှာ ပိုမိုပီပြင်လာသည်ဟု ဆိုရပေမည်။ သရဖူကိုဆောင်းထားသည်၊ ပါးလွှာသောဝတ်ရုံကို ကပိုကရိုလွှမ်းခြုံထားသည်။ သူမက ခြံတောင်ဘက်စောင်းရှိကုန်းကမူလေးပေါ်သို့တက်ကာ လမင်းဘက်သို့ မျက်နှာမူလိုက်သည်၊

"ဒါဟာ လရောင်လှုံတာများလား"

သူမ လက်နှစ်ဖက်ကိုဆန့်တန်းလိုက်ကာ [redacted]ထားသည်။ သို့သော် ညာဘက်လက်ဝါးပြင်တော့ မပါပါ။

"အူးအူး ... "

"အူးအူး ... "

"အူးအူး ... "

ခွေးတွေက အဆက်မပြတ် ထိုးဟောင်လေသည်။ သူမကတော့ ဘာကိုမျှဂရုမထားဟန်ဖြင့် နေမြဲအတိုင်း ဆက်လက်ရပ်နေသည်။

"အူးအူး ... "

"အူးအူး ... "



www.burmeseclassic.com

www.burmeseclassic.com



"အူးအူး ... "

အတန်ငယ်ကြာသွားသည့်နောက် အနောက်ဘက် မောင်ကြိုင့်အခန်းမှ ချောင်းဟန့်သံနှင့်အတူ မီးပွင့်လာသည်။ တစ်ပြိုင်နက်ဆိုသလိုပင် အောက်ခန်းတစ်ခုလုံး မီးလင်းသွား၏။

"ဟင် ... ဆရာလေး ဘာလို့ အောက်ကိုဆင်းလာရတာလဲ၊ ခုထိ အိပ်မပျော်သေးဘူးလား ... အေးကအေးပါဘိသနဲ့"

"မင်းကရော ... ဘာလို့ထွက်လာရတာလဲ"

"ခွေးတွေ အဆက်မပြတ်အူနေတာကြားလို့ ဆရာလေးရဲ့ ... အရင် ဒီလိုမဟုတ်ပါဘူး ဆရာလေးရာ ... မကြားမိဘူးလား"

"အဲ ... အင်း ... ကြားတော့ကြားလိုက်တယ်"

သူ ချက်ချင်းဆိုသလို အပြင်ရှိ ကုန်းကမူလေးပေါ်သို့ လှမ်းကြည့်ရာ ကံနတ်သမီး၏ဝိညာဉ်ကို မမြင်ရတော့ပေ။

"မောင်ကြိုင် မင်းမီးတွေပြန်ပိတ်လိုက်စမ်း"

အားလုံးအမှောင်ကျသွားသည့်အခါတွင်လည်း တစ်ရိပ်တငွေ့မျှ မမြင်ရတော့ပါချေ။

"ဆရာလေး ... ဘာဖြစ်လို့လဲ"

"စောစောက အပြင်မှာ လူရိပ်လိုလို ဘာလိုလိုမြင်လိုက်ရလို့"

"ဒါဆို ဆရာလေးနဲ့ကျွန်တော် အပြင်ထွက်ကြည့်ရအောင်"

သူတို့ နေရာအနှံ့ရှာပါသော်လည်း မည်သည့်နေရာတွင်မှ ရှာမတွေ့တော့ပါ။ ထို့ကြောင့် အိမ်ထဲပြန်ဝင်ကာ သူ အပေါ်ထပ်သို့တက်လာခဲ့၏။ အိပ်ခန်းထဲသို့ရောက်ရောက်ခြင်း မီးဖွင့်ကာ အံဆွဲထဲမှ လက်ဖဝါးတစ်ဖက်ကိုကြည့်သည်။ သူထားသည့်အတိုင်း နေရာမရွေ့။ မည်သည့်ထူးခြားချက်မျှမတွေ့။ ထို့ကြောင့် အံဆွဲကိုပိတ်ကာ မီးမှိတ်လျက် ဘာများထူးခြားလေဦးမလဲဟု ဖွဲ့ရှိရှိဖြင့် စောင့်နေမိသည်။





အချိန်သာအတော်ကြာသွားသည်။ နှင်းဆီရနံ့လည်း မပေး၊ အရိပ်အငွေ့များလည်း ထပ်မလာတော့ပေ။ အချိန်ကိုကြည့်တော့ မနက် (၃း၀၀)နာရီကျော်သွားပေပြီ။ ထို့နောက် အတင်းကြိုးစား၍ အိပ်ကြည့်ရာ မိုးလင်းခါနီးမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။

အပြင်တွင်တော့ နှင်းတွေထူထပ်စွာကျကာ အအေးဓာတ်က အသည်းထဲစိမ့်ဝင်မတတ် ခိုက်ခိုက်တုန်လျက်ရှိနေ၏။

ꩤ ◆ ꩤ



www.burmeseclassic.com

www.burmeseclassic.com

## အရိပ်လိုလူသတ်သမား

နောက်နေ့ညနေပိုင်းတွင် တင်မောင်ဇော်က အိမ်ရှင်ထံမှ ကားကို ခဏငှားကာ ဆုမွန်ထွန်းကိုသွားခေါ်လျှက် မြို့လေး၏အကောင်းဆုံး စားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံကျွေးမွေးပါသည်။ ထိုဆိုင်တွင် စားသောက်သူလူဦးရေ သိပ်များများစားစားမရှိပါ။

''ကိုတင်မောင်ဇော်သိထားတဲ့ ထွန့်အုံ့အမွန်ရဲ့အကြောင်းကို နည်းနည်းပြောပြပါလား''

''ဆုမွန်ထွန်းလည်းသိမှာပါ ... ဘီစီ ၁၃၀၀လောက်က အီဂျစ်ဘုရင် • တွေထဲမှာ အသက်အငယ်ဆုံးနဲ့ သက်တမ်းအတိုဆုံးလို့ သတ်မှတ်ထားတယ်လေ ... အိမ်ရှေ့စံမင်းသားကနေ ဘုရင်ဖြစ်လာတာ ... ရုပ်ရည်ချောမောသလို ရဲရင့်ပြတ်သားတယ် ... ဘုန်းတန်ခိုးတောက်ပြောင်ခဲ့တယ် ... မိဖုရားလုပ်ကြံခဲ့လို့ အဆိပ်သင့်ကံတော်ကုန်ခဲ့ရတာ ... ''

စားပွဲဝိုင်းပေါ်တွင် ဟင်းတွေ့ အမျိုးမျိုးအမယ်မယ်။ တရုတ်ဟင်းလျာများလည်းပါဝင်သလို ဒေသအစားအစာများလည်း ပါဝင်ပါ၏။





ဆုမွန်ထွန်းက အစားအသောက်များကို ခက်ရင်းနှင့်ဇွန်းကို အသုံးပြုလျှက် ဖြည်းဖြည်းလေးနှင့် လုလုပပလေးစားပြကာ သူ့စကားအား စိတ်ဝင်တစားနားထောင်နေရှာ၏။ သိပ်မရှင်းလင်းသောနေရာများတွင် ...

''နာမည်တွင်တော့ ဘုရင်လို့မတွင်ဘဲ ဘာလို့ မင်းသားလေးလို့ တွင်တာလဲ ... ''

တင်မောင်ဇော်က ခေါင်းလေးတဆတ်ဆတ်ညိတ်လျှက် ...

''အိမ်ရှေ့စံမင်းသားလေးဘဝကတည်းက သူ့ရဲ့ထူးချွန်မှုတွေကို ပြည်သူပြည်သားတွေက လေးစားပြီး ချစ်စနိုးနဲ့ ခေါ်တာနေမှာပေါ့''

''မင်းသားလေးကို ဂူသွင်းသင်္ဂြိုဟ်ပြီး နှစ်ပေါင်း ၅၀ လောက်အကြာမှာ ဂူဖောက်ခံရသေးတယ်နော်''

''သမိုင်းသုတေသီတွေကတော့ နှစ်ကြိမ်တောင် အဖောက်ခံရတယ်လို့ ဆိုကြတာပဲ''

''ကံနတ်သမီးက ... ''

''အဲဒီမှာ အပိုင်းနှစ်ပိုင်းကွဲနေတယ်''

''ဘုရင်လေးလက်ထက်တုန်းမှာတော့ အစ်မတော်ဖြစ်ခဲ့ဖူးပေမယ့် ဘဝပေါင်းများစွာက တော်စပ်လာတဲ့ မယ်တော်လို့ ထွန့်အုံ့အမွန်က ယုံကြည်ထားတယ်လေ ... အဲဒါကြောင့် နောင်ဘဝတွေမှာ စောင့်ရှောက်နိုင်အောင် ရုပ်တုသွန်းလုပ်ပြီး မြှုပ်နှံခဲ့တာ ... ရုပ်တုရဲ့ထူးခြားချက်က အားလုံးကို ရွှေသားအစစ်နဲ့လုပ်ထားပြီး မကိုဋ်တော်မှာ ပတ္တမြားတစ်လုံးကို မြှုပ်နှံထားတာပဲ ... ဦးရွှေအောင်ပြခဲ့တာ အစစ်ဖြစ်နိုင်တယ်''

ဆုမွန်ထွန်းက ဆီများဝေ့နေသော သူမနှုတ်ခမ်းဖူးဖူးလေးအား လက်သုတ်ပဝါဖြင့်တို့ကာ ...

''မကြည့်လိုက်ရတာ နာတယ်''

ထို့နောက် ရေနည်းနည်းကိုသောက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အခုနေ ... အဲဒီရုပ်တုကြီး ဘယ်ရောက်နေနိုင်လဲ"

"ဒါလည်း ကိုယ်အတပ်မပြောနိုင်ဘူး"

"ဆုမွန်ထွန်းစားတာ နည်းလှချည်လား ... လုပ်ပါဦး"

"ဒီထက်စားလည်း ဗိုက်ပေါက်ထွက်တော့မယ်ရှင့်"

"အဟင့် ... အဟင့်"

"မင်း ... ဒီမွေးရပ်ဇာတိလား"

"ရှင် စောစောကလာခေါ်တဲ့အိမ်ဟာ ကျွန်မအချင်းမြှုပ်တဲ့နေရာပဲ၊ ဒက်ဒီကဝန်ထမ်းလေ ... ဒါကြောင့် နေရာစုံကိုလည်းရောက်ဖူးတယ်၊ မာမီက ခရစ်ယာန်သာသနာပြုကျောင်းက ... ဒီတော့ နိုင်ငံစုံကိုလည်းရောက်ဖူးတယ် ... ခုတော့ ဒက်ဒီနဲ့မာမီက နိုင်ငံခြားသွားတဲ့ လေယာဉ်ပျက်ကျတဲ့အထဲပါပြီး ဆုံးသွားရှာပါပြီ ... "

"ညီအစ်ကိုမောင်နှမကရော"

"တစ်ကောင်ကြွက်"

"အခု ဘယ်သူနဲ့အတူနေလဲ"

"မာမီရဲ့အစ်မ အန်တီမေနဲ့နေတယ်"

"သြော် ... "

ထို့နောက် ရှေ့မဆက်ဝံ့တော့။ စောစောက ဆုမွန်ထွန်းကို သွားခေါ်စဉ် ခြံကြီးမှာကျယ်ဝန်းလှပြီး အိမ်ကြီးမှာ ဥရောပဆန်ဆန် ခမ်းနားလှပါသည်။ မည်သူစီးပွားရှာသည်မသိသော်လည်း အတော်ချမ်းသာသည့်သဘောတော့ဆောင်၏။

"ညပိုင်း တော်တော်မအေးဘူးလား"

"တောင်ပေါ်ဆောင်းတွေကို ကိုယ်ခဏခဏကြုံခဲ့ရဖူးပါပြီ၊ ခံနိုင်ရည်ရှိပါတယ်"

"ကိုင်း ... ပြန်ကြရအောင် ... အန်တီ စိတ်ပူနေလိမ့်မယ်"





ထို့နောက် သူတို့ လက်ဖက်ရည်တစ်ခွက်စီသောက်ကာ စားသောက်ဆိုင်အပြင်ဘက်သို့ ထွက်လာခဲ့ကြ၏။ စားသောက်ဆိုင်ရှေ့ရှိ မြက်ခင်းမှာ တော်တော်ကျယ်ဝန်းပြီး ကြားထဲတွင် ပန်းအလှပင်များကို စိုက်ပျိုးထားသည်။ မီးရောင်တချို့ကိုထွန်းညှိထား၏။

"ဒိုင်း ... "

"ဒိုင်း ... "

"ဆုမွန်ထွန်း သတိထား"

သူက သူမ၏လက်ကိုဆွဲကာ ကားဆီသို့ပြေးသည်။ အကာအကွယ်ယူသည့်သဘော။

"ဒိုင်း ... "

"ဒိုင်း ... "

ပန်းချုံကြားမှ လူတစ်ယောက်က သူတို့ကိုပစ်ခတ်နေခြင်း ဖြစ်သည်။ သူတို့ ကံကြီးသည်ဟု ဆိုနိုင်ပါသည်။ ပွန်းပဲ့ရုံမှလွဲ၍ မထိမှန်ပါ။

သေနတ်သမားမှာ ပစ်ပြီးထွက်ပြေးသွားလေ၏။ သူတို့သည် နေရာတွင် ဆက်လက်ရှိမနေသင့်တော့ဟုဆုံးဖြတ်ကာ ကားပေါ်တက်၍ မောင်းထွက်လာခဲ့၏။

ဆုမွန်ထွန်း၏ နဖူးပြင်တွင် ချွေးစက်တို့ဖြင့် တင်းပြောင်နေသည်။ သာမန်မိန်းကလေးတစ်ယောက်သာဆိုလျှင် အကြောက်ကြီးကာ ကယောင်ချောက်ချားဖြစ်မှာ သေချာသော်လည်း သူမမှာ ဣန္ဒြေနှင့် တည်တည်ငြိမ်ငြိမ် ထိန်းထားနိုင်ခြင်းအပေါ် ချီးကျူးရသေးသည်၊ တစ်နေရာအရောက် လမ်းဘေးတွင် ကားကိုထိုးရပ်ကာ ...

"ကိုယ်တို့အတွက် အန္တရာယ်ရှိနေပြီ ဆုမွန်ထွန်း"

"ဟုတ်တယ် ... ကျွန်မဖြင့် အသက်ဘယ်ကထွက်ရမှန်းမသိဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့နောက်လိုက်ပစ်တဲ့သူဟာ ဘယ်သူဖြစ်နိုင်လဲ"

"ကျွန်မအထင် ရုပ်တုသယ်သွားတဲ့ လူသတ်သမားတွေများလား"

"ဦးရွှေအောင်အသတ်ခံရတုန်းက သူတို့ ကိုယ့်ကိုမမြင်တွေ့တာ"

"ဘယ်လိုလုပ်ပြောနိုင်မလဲ ... နောက်ပိုင်း သူတို့စုံစမ်းလို့ သိသွားရင်ကော"

တင်မောင်ဖော် တစ်ချက်တွေဝေသွားသည်။

"ရှင် ဒီမြို့ကခွာသင့်ပြီ"

"သတ္တိနည်းတယ်ထင်လို့လား"

"မဟုတ်ဘူးလေ ... စိုးရိမ်လို့ပါ"

သူက ဦးရွှေအောင်နှင့် သူ့အဖေကို အလွန်ချစ်ကြသည့် သူငယ်ချင်းများအကြောင်းပြောပြပြီး ...

"ကိုယ် လူသတ်တရားခံကို ဖော်ထုတ်ချင်သေးတယ်"

"ရှင့်ခံစားချက်နဲ့ယုံကြည်မှုကို ကျွန်မနားလည်ပါတယ်၊ ဒါပေမဲ့ ခက်တာကခုထိဘာသဲလွန်စမှ မရသေးတာဘဲ"

သူကခေါင်းကိုညိတ်ကာ တစ်စုံတစ်ရာကိုစဉ်းစားနေသေးသည်။ ထို့နောက် ...

"ကဲ ... ကိုယ်မင်းအိမ်ကိုလိုက်ပို့ပေးမယ်"

သူမ၏အိမ်သို့ရောက်သောအခါ သူ့အားအန်တီမေနှင့် မိတ်ဆက်ပေးပါသည်။ အန်တီမေဆိုသည့်အဒေါ်ကြီးမှာ ဥပမိရုပ်ခန့်ခန့်ကြီးနှင့် ကျက်သရေရှိလှသလို သဘောကောင်းပုံရကာ အပြောအဆိုလည်း သိမ်မွေ့ညင်သာလှပါ၏။

'နောက်လည်း အန်တီတို့အိမ်ကိုဝင်ပါထွက်ပါကွယ်"

"ကျေးဇူးတင်ပါတယ် အန်တီ"





တအောင့်တနား အာလာဘသလ္လာပ စကားများပြောပြီး နောက် ပြန်ရန်ကားပေါ်တက်စဉ် ဆုမွန်တွေ့ကအနားသို့ကပ်ကာ ...

"သတိထားပြီးသွားနော်"

အပြောထက်မျက်လုံးတွေက သံယောဇဉ်အကြည့်တွေ ... ရင်းနှီးမှုကာလတိုတောင်းလှသော်လည်း ဘဝပေါင်းများစွာကတော ... သလားထင်ရလောက်အောင် နွယ်ငင်မှုတွေက သိသာလှ၏။

"စိတ်ချပါ ... ဖြစ်ခဲ့ပြီးသမျှတွေ ခေါင်းထဲမေ့ထားလိုက်နော်"

"အဲဒီလို လွယ်လွယ်မေ့ပစ်လိုက်လို့ရပါ့မလား"

"အိပ်မပျော်မှာစိုးလို့ပါ"

ထို့နောက် ... သူ ... လက်ပြနှုတ်ဆက်ကာ ကားလေးမောင်းလျက် ထွက်လာခဲ့၏။

ꩻ • ꩻ



www.burmeseclassic.com

www.burmeseclassic.com

## တစ္ဆေတစ်ကောင်၏လမ်းညွှန်မှု

ထိုနေ့ညနေက ခြံစောင့်သမားလေး မောင်ကြိုင်စောစောစီးစီး ထမင်းစားလိုက်သည်။ ညှိသည့်တင်မောင်ဇော်က မိတ်ဆွေတစ်ဦးနှင့် အပြင်မှစားလာမည်ဟုဆိုသောကြောင့် သူတွင်ထူးထူးထွေထွေ တာဝန်မရှိတော့။ မနက်ပိုင်းက ချန်ထားသောဟင်းနှင့်ပင် တဝတပြစား လိုက်၏။

သူ ဤမဟူရာခြံကြီးတွင် အလုပ်လုပ်လာခဲ့သည်မှာ (၁) နှစ် မပြည့်တတ်သေး။ ခြံရှင်က သဘောကောင်းသလို သူ့လုပ်အားခကိုလည်း ထိုက်ထိုက်တန်တန်လေးပေးထားသဖြင့် အလုပ်ကို ကြိုးစားလုပ်သည်။ ခြံထဲတွင် သီးပင်စားပင်နှင့်အလှစိုက်အပင်များစွာရှိသည်။ သူက ထိုအပင်များကို ထိန်းသိမ်းစောင့်ရှောက်ရသည်။ ပေါင်းသင်၊ ရေလောင်း လုပ်ရသည်။ ထို့အတူ အိမ်ကြီး၏ သန့်ရှင်းရေးကိုလည်း ဂရုစိုက်ရ၏။

ခြံပိုင်ရှင်က မိတ်ဆွေသင်္ဂဟပေါ်များသလို လာရောက်တည်း ခိုလာလျှင်လည်း ဤအိမ်ကြီးသို့အမြဲပို့တတ်သည်။ ထိုအခါ သူကလိုလေး သေးမရှိ ညှိဝတ်ပြုရ၏။ အချက်အပြုတ်လည်း ဝါသနာပါသည်မို့





ညှိသည်ရောက်လာတိုင်း သူပျော်ရ၏။ အကြောင်းမှာ ညှိသည်ရောက် လာတိုင်း ခြံပိုင်ရှင်က ရိက္ခာအပြည့်အစုံကို ထုတ်ယူခွင့်ပေးထားသည်မို့ စိတ်တိုင်းကျ ချက်ပြုတ်ခွင့်ရသောကြောင့်ဖြစ်သည်။

ယခုရောက်လာသည့် တင်မောင်ဇော်ကို သူသဘောကျသည်။ လူငယ်တစ်ယောက်ဖြစ်သလို အေးအေးလူလူနေတတ်သူ။ ပဇီပဇပ်များ လိုချင်တပ်မက်မှု များများစားစားမရှိ၊ စကားကို ဟောင်ဖွာဟောင်ဖွာ မပြောတတ်သလို အားလပ်သည့်အချိန်တွင် စာအုပ်တစ်အုပ်နှင့်သာ အချိန်ကုန်နေတတ်သူ၊ သူ့တွင်ဟန်ပန်မရှိ၊ ကိန်းကြီးခန်းကြီးမနိုင်။

ထို့ထက် သူကျေနပ်နေတာတစ်ခုရှိသည်။ ယင်းမှာ သူချက်ပြုတ် ကျွေးမွေးသမျှကို "ကောင်းတယ်ဗျာ" "အရသာရှိတယ်" "ဒါလေးကဘယ် လိုချက်တာလဲ" "မိန်းမရရင်တော့ ခင်ဗျားမိန်းမဖို့ချောင်ဝင်ရမှာ ကျိန်းသေ တယ်" စသည်ဖြင့် ချီးကျူးတတ်သောကြောင့်ဖြစ်သည်။ ထိုသို့သော ညှိသည်မျိုးကိုတော့ သူဘယ်လောက်ပင်ပန်းပင်ပန်းကျွေးမွေးရကျိုးနပ် ပါ၏။

"ငါ့ဆရာ ဒီနေ့နောက်ကျမယ်ထင်တယ်"

သူထိုသို့တွေးရင်း အိမ်ပြတင်းပေါက်တံခါးတွေကို လိုက်ပိတ် နေသည်။ အိမ်ကအလွန်ကြီးသောကြောင့် ပြတင်းပေါက်တွေကမနည်း။ ခြံတံခါးကိုတော့ စောစောလေးကတည်းက ခတ်ပြီးပြီ။ ကားယူသွားသော ကြောင့် ပြန်လာလျှင် ခြံအပြင်မှ ဟွန်းသံပေးမှာမို့ကိစ္စမရှိ။ ညှိခန်းတစ်ခန်း သာမီးဖွင့်လျက် ကျန်အားလုံးကို ပိတ်ထား၏။

သူပျင်းပျင်းရှိလာသဖြင့် စာအုပ်တစ်အုပ်ကိုယူဖတ်သည်၊ စာအုပ် မှာ ပီမိုးနင်း၏တက်ကျမ်း။ ထိုစာအုပ်ကို သူအခေါက်ပေါင်းများစွာ ဖတ်ပြီးပြီ။ လူငယ်တစ်ယောက်မို့ တိုးတတ်ချင်သည်၊ ကြီးပွားချင်သည်၊ ချမ်းသာချင်သည်။ စာရေးဆရာက ထိုသို့ဖြစ်ချင်မှုများအတွက် မည်သို့



www.burmeseclassic.com

www.burmeseclassic.com



မည်ပုံစိတ်ခွန်အားမွေးရမည်၊ ဘယ်လိုစည်းကမ်းတွေ လိုက်နာရမည်။ ဘယ်လိုနည်းနာတွေ ကျင့်ကြံရမည် စသည်ဖြင့် လမ်းညွှန်ထားသော စာအုပ်ဖြစ်၏။

အစားအစာများအစာအိမ်ထဲတွင် ပြည့်နေခြင်း၊ နေ့လယ်ဘက်က အလုပ်ပင်ပန်းခြင်းတို့ကြောင့် သူ့မျက်လုံးတွေတဖြည်းဖြည်းလေးလံကာ မျက်လုံးများမှေးစင်းလာတော့၏။ သူအကြိမ်ကြိမ်အဖန်ဖန် မျက်ခွံများကို ကြိုးစားဖွင့်ထားကြည့်သေးသည်။ သို့သော် မအောင်မြင်ပါ။ ထို့နောက် ဝိုက်ခနဲ တစ်ချက်မှေ့လျက် အိပ်ပျော်သွားပါတော့၏။ အရသာရှိရှိ အိပ်လိုက်ခြင်း၏တစ်ဖက်တွင် ...

"ဂလုံ ... ဂလုံ ... ဂလုံ"

လှေခါးအတိုင်း လိမ့်ဆင်းလာသောပစ္စည်းတစ်ခု၏အသံက တိတ်ဆိတ်နေဆဲကာလမို့ အတော်ပင် ကျယ်လောင်သလိုထင်ရ၏။ ထိုအသံကပင် သူ့မျက်လုံးတွေကို နိုးပွင့်သွားစေပါ၏။ မီးပျက်သွားသောကြောင့် မှောင်နေသည်။ သူ့ပေါ့တန်ဖွာ လက်နှိပ်ဓါတ်မီးနှင့်မီးခြစ် မဆောင်ထားမိခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်မိ၏။

သူကုလားထိုင်မှ ကုန်းထလိုက်သည်။ အပြင်မှအလင်း အတွင်းသို့ ခပ်ပျပျလေးထိုးဖောက်ဝင်ရောက်နေသောကြောင့် ပိန်းပိန်းမှောင်နေခြင်းမျိုးတော့မဟုတ်။ သူအခန်းအတွင်းသို့ဝင်ရန် ဟန်ပြင်လိုက်စဉ်

လှေခါးထိပ်မှ ဖြူဖြူအရိပ်တစ်ခု၊ လူပုံသဏ္ဍာန်ပင်။

သူဆံပင်မွေးများထောင်သွားမတတ် ခေါင်းတွေကြီးသွားသည်။ မျက်လုံးများပြူးကျယ်သွားကာ မတ်တတ်စုံရပ်လျက် မှင်သက်ငေးနေမိ၏။

"ဒါ ... ဘာလဲ"

"ဒါ ... ဘာလဲ"





"သရဲလား၊ တစ္ဆေလား"

ကြောက်စိတ်တို့ဖြင့်ပုန်းခနဲ ဖြစ်ပေါ်ခဲ့သော်လည်း ယောက်ျားဆိုသောမာနတရားက ခေါင်းထောင်လာပြန်တာမို့ အလိုလိုသတ္တိကို ဇွဲမြှုရက်သားဖြစ်သွားပြန်လေသည်။ သူအရဲတင်းကာ ထိုဖြူဖြူအရိပ်ငွေ့ကို သေသေချာချာကြည့်သည်။

သရုပ်တွေ၊ ဇာပဝါတွေနှင့်မို့ မိန်းမတစ်ယောက်ဖြစ်မည်မှန်း ခန့်မှန်းလိုက်၏။ ထိုအရိပ်ဖြူဖြူက လှေခါးအတိုင်းဆင်းလာသည်။ တစ်လှမ်းချင်းဆင်းလာပုံမျိုးမဟုတ်။ လမ်းမလျှောက်ဘဲ တိုက်ရိုက်ဖြည်းဖြည်းမှန်မှန်ရွေ့လာသည့်သဘော။

မောင်ကြိုင် နဖူးပြင်တွင်ချွေးစေးတို့ရောက်ရှိနေပေပြီ။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်လို့ တတ်သမျှမှတ်သမျှဂါထာတွေလည်း ခုန်ကျော်ပေါက်ကျော် စိတ်ထဲမှ ရွတ်ဆိုနေလေပြီ။

ထိုဝိညာဉ်လှေခါးခြေရင်းရောက်မှ အမှတ်မထင်တွေ့လိုက်ရသောအရာမှာ ဝဝဖိုင့်ဖိုင့်လူကြီးတစ်ဦးမှာ ကျောပေး၍ဒူးထောက်ထိုင်ကာ ထိုဝိညာဉ်အား အရှိအသေပေးနေခြင်းဖြစ်၏။

"ဘာတွေလဲ၊ ဘာတွေလဲ"

ဝိညာဉ်က ထိုလူကြီး၏ရှေ့တွင် ခေတ္တရပ်လိုက်၏။ ထိုလူကြီးကလည်း ခေါင်းငုံ့ထားဆဲ။ နှလုံးခုန်သံတွေ တဖြည်းဖြည်းမြန်လာသည်။ ခြေဖျားလက်ဖျားတွေ အေးစက်တောင့်တင်းလို့။

သူ ...

ဘာဆက်လုပ်ရမလဲ။ အခန်းအတွင်းသို့ပြေးဝင်ရမည်လား သို့မဟုတ် သူတို့ကိုဆက်ကြည့်နေရမည်လား။

ထိုစဉ် ...

မသိမသာ အက်အက်ကွဲကွဲအသံကြီးတစ်ခု ကြားလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင် ... ဂ ... ပိ ... ရှာ"

နောက်တစ်ကြိမ်ထပ်ပြောပြန်သည်။

"အင် ... ဂ ... ပိ ... ရှာ"

နောက်တစ်ခွန်းပြောသောအခါ

"ကံ ... နတ် ... သ ... မီး"

နောက်တစ်ခွန်းမှာ

"ဒေါ် ... မယ် ... ငွေ"

အသံက တစ်စတစ်စနှင့်သြရှရှ။ စုန်းကဝေ ရုပ်ရှင်ကားများတွင် ကြားရသောအသံနှင့်ခပ်ဆင်ဆင်။ သူ ထိုအသံကို သေသေချာချာ နားထောင်ရင်း အသက်ရှူကြပ်လာသည်။ မောလာသည်။ စိတ်ထဲမှာလည်း ထိုစာလုံးများကို လိုက်လံရွတ်နေမိသည်။

"အင်ဂပိရှာ"

"ကံနတ်သမီး"

"ဒေါ်မယ်ငွေ"

ဒူးထောက်ခေါင်းငုံ့နေသောလူကြီးက သူ့ဘက်သို့တဖြည်းဖြည်း လှည့်လာသည်။ သူ့ဘက်သို့မျက်နှာမူမိသောအခါ မျက်နှာအား မော့ ပြလိုက်သည့်အခါ ...

"အမလေး ... သရဲ ... သရဲ ... သရဲ"

မောင်ကြိုင် ခြေကုန်သုတ်ကာ တံခါးမကြီးဆီပြေးသည်။ ကယောက်ချောက်ချားဖြင့် ဂျက်ကိုဖွင့်သည်။ အကြောက်လွန်နေသော ကြောင့် ချက်ချင်းဖွင့်လို့မရ။ မရမကဖွင့်ကာ ခြံအပြင်သို့ ပြေးထွက်လာခဲ့ တော့၏။

အကြောင်းမှာ ...

မျက်နှာပေါ်ရှိ အပေါက်ရာကြီးကြီးများတွင် သွေးများစို့ရွဲနေပြီး





မျက်လုံးနှင့်နှာခေါင်းတို့မပါရှိခြင်းပင်။ အင်မတန် မသတီစရာကောင်းသော မျက်နှာကြီး။ အပေါက်ကြီးတွေက ခပ်နက်နက်။ တချို့ ထုတ်ချင်းပေါက်။ ထိုမြင်ကွင်းကို သူဘယ်တော့မှ မေ့ရက်နိုင်စရာမရှိ။

ခြံရှေ့ရောက်တော့ သူတော်တော်မောနေပေပြီ။ ရင်ဘတ်တစ်ခု လုံး မီးဖိုကြီးတစ်ခုလို၊ သည်လောက်အေးသည့်ရာသီမှာပင် သူ၏ မောဟိုက်မှုက ချက်ချင်းမပြေ။

"ပွမ်"

"အမလေး"

သူကယောင်ကတမ်းအော်လျက် ထွက်ပြေးရန်ကြံသည်။ သို့သော် ကားဟွန်းသံဆိုသောအသိက ချက်ချင်းသူ့ခေါင်းထဲရောက်လာသော ကြောင့် အချိန်မီထိန်းလိုက်သည်။

တင်မောင်ဇော် ကားပေါ်မှဆင်းလိုက်ပြီး ...

"ဟေ့"

"မောင်ကြိုင်၊ ဘာတွေဖြစ်နေတာလဲ၊ ကားဟွန်းသံတောင်လန့် နေရလား"

"သ ... သ ... သရဲ ... ဆရာ"

"ဘာသရဲလဲ"

"ကျွန်တော်တို့အိမ်ထဲမှာ သရဲအထီးရော၊ အမရော နှစ်ယောက် စလုံးရောက်နေတယ်ဆရာ"

သူခေါင်းကိုကုတ်မိသည်။ လမ်းတွင်ပင် သူနှင့် ဆုမွန်ထွန်း အားသေနတ်နှင့်လိုက်ပစ်၍ စိတ်အနှောင့်အယှက်ဖြစ်နေရသည့်ကြားထဲ ယခုတဖန် သရဲအထီးနှင့်အမဆိုသောစကားကြောင့် နည်းနည်းစိတ်ပျက် သွားသည်။ သို့သော် ကံနတ်သမီးဝိညာဉ်ကလည်း သူကိုယ်တိုင်မြင်ခဲ့ ရသောကြောင့် စိတ်မဆိုးရက်ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... အထဲဝင်ကြရအောင် ဟိုရောက်မှစကားပြောကြရအောင်"

"အား"

"ကြောက်တယ်ဆရာ၊ ကြောက်တယ်"

"ငါတစ်ယောက်လုံးပါတာပဲကွာ၊ လာပါ၊ ဘာကြောက်စရာရှိလဲ"

ထို့နောက် ...

တင်မောင်ဇော်ခြံထဲသို့ ကားမောင်းသွင်း၍ မောင်ကြိုင် ခြံတံခါးကိုပိတ်ကာ အိမ်ထဲသို့ဝင်ခဲ့ကြ၏။ မောင်ကြိုင်က ရေနံဆီမီးအိမ်ကိုထွန်းပေးသည်။ နှစ်ယောက်သား ဧည့်ခန်းတွင်ပင်ထိုင်ရင်း ...

"ကိုင်း ... ပြောပါဦး ... မင်းရဲ့ပြဿနာ"

မောင်ကြိုင် လှေခါးဆီသို့ မဝံ့မရဲတစ်ချက်ကြည့်လိုက်ပြီး ...

"ကျွန်တော် ဒီအိမ်ရောက်တာ(၁)နှစ်ပြည့်တော့မယ် ဆရာလေး။ အခုလိုတစ်ခါမှ မကြုံခဲ့ရဖူးဘူး၊ ကျွန်တော့်အနေနဲ့ သရဲ၊ တစ္ဆေဆိုတာ တစ်ခါမှ အခြောက်ခံခဲ့ရတာမဟုတ်တော့ ယုံကြည်တယ်လည်းမဟုတ်ဘူး၊ မယုံကြည်တယ်လည်း ကံသေကံမငြင်းခဲ့ဘူးတဲ့ကောင်မှမဟုတ်တာ၊ ခုတော့ ဆရာလေးရေ ... မျက်စိနဲ့တပ်အပ် အိပ်မက်မက်နေသလိုကိုဖြစ်နေတာ၊ ကြောက်တာလား၊ အညှိုးခံနေရလားဆိုတာ မပြောတတ်လောက်အောင် ကျွန်တော့်မှာမလှုပ်နိုင်၊ မယှက်နိုင်၊ နောက်ဆုံးတော့ ဘယ်လိုမှ မနေရဲတော့တာနဲ့ခြံပြင်ကို ထွက်ပြေးခဲ့ရတာပဲ"

သူက ညနေပိုင်းထမင်းစားခဲ့ပုံ၊ ခြံတံခါးနှင့်အိမ်ပြတင်းပေါက်များ လိုက်ပိတ်ခဲ့ပုံများကို အသေးစိတ်ပြောပြသည်။ ကံနတ်သမီးပုံရိပ်၏ရှေ့တွင် ဒူးထောက်ခေါင်းငုံ့နေသူကို ထပ်မံပြောပြခိုင်းသည့်အခါ ...

"နောက်ကကြည့်ရင်တော့ ဝဝဖိုင့်ဖိုင့်နဲ့ အသက်(၆၀) လောက်ရှိ





မယ့် လူကြီးတစ်ယောက်ပဲဆရာ၊ မျက်နှာကို ဒီဘက်လှည့်လိုက်တော့မှ အားပါးပါး မျက်နှာတစ်ခုလုံးအပေါက်ကြီးတွေနဲ့ မျက်လုံးနဲ့ပါးစပ်လည်း မပါဘူး၊ မျက်မှန်တော့ပါတယ်၊ အဲဒီ အပေါက်ကြီးတွေက သွေးတွေထွက်လို့"

ထိုသူမှာ ဦးရွှေအောင်ဖြစ်ကြောင်း တင်မောင်ဇော်တန်း သိလိုက်ပြီ။

လူယုတ်မာတစ်စုက နဖူးကိုသေနတ်ဖြင့် ပစ်သွားသည့်မြင်ကွင်းကို သူကိုယ်တိုင်တွေ့ခဲ့ရသည် မဟုတ်လား။ ထို့ကြောင့် ထိုတစ္ဆေမှာ ဦးရွှေအောင်ပင်ဖြစ်ကြောင်း၊ သံသယဖြစ်စရာမလိုတော့ပါ။

"နေပါဦး အဲဒီတစ္ဆေအော်လိုက်တဲ့စကားလုံးတွေကို ပြန်ပြောပါဦး"

"တစ်ခွန်းက အင်ဂပိုတဲ့ဆရာ၊ နောက်တစ်ခွန်းက ကံနတ်သမီးတဲ့၊ နောက်တစ်ခုက ဒေါ်မယ်ငွေတဲ့၊ ဘာတွေမှန်းမသိဘူး"

တင်မောင်ဇော် မျက်မှောင်ကြုံ၍ စဉ်းစားလိုက်သည်။

ဒါ ... ဘာသဘောလဲ။ ဘာကိုဆိုလိုချင်တာလဲ။ သိပ်တော့ နားမလည်။

"ဒါထက်ပြောရဦးမယ်ဆရာ၊ ဆရာတော့ကြားပြီးပြီလား မပြောတတ်ဘူး၊ မနေ့က မြို့ထဲမှာ ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်ကို လူတချို့က သေနတ်နဲ့ဝင်ပစ်သွားလို့တဲ့။ ဆိုင်ရှင်လည်း ပျောက်နေပြီ၊ ညနေပိုင်းမှ အလောင်းကိုမြို့စွန်သစ်အုပ်တွေကြားမှာ လွှင့်ပစ်ထားတာတွေ့ရတယ်တဲ့။ ပုလိပ်အဖွဲ့ကတော့ အဲဒီမှုခင်းကိုစွ အရေးတကြီးလိုက်လံစုံစမ်းနေတယ်တဲ့"

ထိုအကြောင်းကို သူမနက်ကတည်းကကြားခဲ့ပြီးပြီ။ မနက်ပိုင်း သူလမ်းလျှောက်ထွက်တော့ လက်ဖက်ရည်ဆိုင်တွင်၊ နောက် ကွမ်းယာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်အရောင်းဆိုင်တွင်၊ သူကအဖြစ်မှန်ကို အကုန်အစင်သိပြီးသားမို့ ပြောဆိုနေသူတို့စကားသံများကိုသာ နားထောင်လျက် တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်းမပြုခဲ့။ ယခုလည်း ...

"အင်း"

"မနက်လမ်းလျှောက်ထွက်တော့ ကြားခဲ့သားပဲ"

"ဆရာလေးရော ... အဲဒီဆိုင်ရောက်သွားသေးလား"

"ဘယ်လိုကွ"

"မဟုတ်ပါဘူး၊ ဆရာလေးက ရှေးဟောင်းပစ္စည်းတွေ ဝါသနာပါတတ်တာသိထားလို့ ခုလိုရှားရှားပါးပါးရှိတဲ့ဆိုင်မျိုးကို ရောက်သွားသေးသလားလို့ပါ"

သူမတတ်သာသဖြင့် မုသားသုံးလိုက်ရသည်။ လူဆိုသောသဘောက လွယ်သည်မဟုတ်။ အဖြစ်နိုင်ဆုံး နှုတ်ပိတ်နေလာမှ တော်ရုံကျသည်။

အကယ်၍များ အဖြစ်မှန်ကိုပြောမိလျှင် ထိုစကားက ဘေးသို့မပြန့်ကားနိုင်ဟု မည်သူကတိပြောရဲပါမည်နည်း။ မတော် တစ်ဆင့်စကားတစ်ဆင့်ကြားကာ တာဝန်ရှိသူများထံပေါက်ကြားသွားလျှင် ဂါတ်တဲသို့သွား၍ရှင်းပြရဦးမည်။ မတော် အခန့်မသင့်လျှင် သံသယဖြင့် ဖမ်းချုပ်တာခံရဦးမည်။ ထိုသို့ဆိုလျှင် ဤနေရာမျိုးတွင် သူလိုသူစိမ်းတစ်ရံဆန်တစ်ယောက်အဖို့ တော်တော်ဒုက္ခရောက်မည်သာဖြစ်၏။ ထိုမှတစ်ဆင့်ဆုမွန်ထွန်းပါ အဆစ်ပါဖွယ်ရှိနေတော့၏။

"ကိုင်းပါကွာ အိပ်ကြရအောင်"

"ဟာ ... "

"ကျွန်တော် မအိပ်ရဲတော့ဘူးဆရာ"

"မအိပ်ရဲလို့ တစ်ညလုံးငုတ်တုတ်ထိုင်နေမှာလား"





"ကျွန်တော့်အခန်းမှာ မအိပ်ရဲဘူးလို့ပြောတာဆရာ ကျွန်တော် ဆရာ့အခန်းမှာ လာအိပ်ပါရစေ"

"တကယ်လို့များ ငါမရှိတော့ရင် မင်းဘယ်လိုလုပ်မလဲ"

"ခြံရှင်ကိုပြောပြီး တစ်ယောက်ယောက်ကို အဖော်ခေါ်ထားမှာပေါ့ ဆရာ"

"ကိုင်းကွာ ... "

"ဒါဆိုလည်း လိုက်အိပ်လိုက်ပေတော့၊ အိပ်ရာလိပ်တော့ယူလာခဲ့"

မောင်ကြိုင်ကိုကြည့်ရသည်မှာ ယခုထိအကြောက်ပြေသေးပုံမပေါ်။

အိပ်ရာလိပ်ကိုချက်ချင်းပြေးယူကာ သူနှင့်အတူ အပေါ်ထပ်သို့လိုက်လာခဲ့သည်။ အခန်းထဲရောက်တော့ တစ်ဘက်ခြမ်း ကြမ်းပြင်ပေါ်တွင် အိပ်ရာလေးခင်းကာအိပ်ရှာသည်။

အဖော်ရှိသည်ဆိုသောစိတ်ကြောင့်လားမသိ၊ မကြာမီတွင် တခေါခေါနှင့် အိပ်ပျော်သွားလေ၏။

တင်မောင်ဇော်က နှစ်နှစ်ခြိုက်ခြိုက်အိပ်နေသော မောင်ကြိုင်အား တစ်ချက်ကြည့်ကာ ပြုံးလိုက်မိပြီး ဗီရိုဆီသို့ထသွားသည်။ အံဆွဲကို ဖွင့်ကြည့်တော့ ကံနုတ်သမီးညာလက်တစ်ဖက်က ပုံစံမပျက် အရာမယွင်း သည့်အတိုင်းပင်။ အံဆွဲကိုပြန်ပိတ်ကာ ဦးရွှေအောင်၏ ဒိုင်ယာရီကို နောက်တစ်ခေါက်ပြန်ဖတ်နေမိပြန်သည်။ တစ်နေရာထွင် အင်္ဂလိပ်ဘာသာဖြင့် ရေးမှတ်ထားသော လိပ်စာလေးတစ်ခုကိုတွေ့သည်။ ပထမတစ်ခေါက်က ထိုစာကြောင်းလေးကို သတိမထားမိပေ။ မြန်မာလိုဘာသာပြန်ကြည့်သည့်အခါ ...

"မစ္စတာအာမက်၊ အင်္ဂပိုလ်ရွာ၊ ဟသ်ာတမြို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု အမိပွာယ်ရသည်။ ချက်ချင်းပင် သူ့ခေါင်းထဲ လက်ခနဲဖြစ်သွား၏။

အကြောင်းမှာ မောင်ကြိုင်ပြောသည့်စကားအရ တရွေ၏စကားလုံးများတွင် အင်္ဂပိုဟုပါနေသည်မဟုတ်လား၊ ထိုအရာများကို ဆက်စပ်လိုက်သောအခါ ...

"မစ္စတာအာမက်၊ ဒေါ်မယ်ငွေ၊ အင်္ဂပိုရွာနှင့် ဟသ်ာတမြို့"

တို့ပါဝင်နေကြပေပြီ။ တင်မောင်ဇော် ရုတ်တရက် သဲလွန်စတစ်ခုခုကို ရှာတွေ့သွားသလိုလည်း ခံစားနေရ၏။ ထိုသူများနှင့်ထိုဒေသတို့သည် ကံ့နတ်သမီးရုပ်တုနှင့်သော်လည်းကောင်း၊ ဦးရွှေအောင်သတ်မှုနှင့်လည်းကောင်း၊ တနည်းမဟုတ်တနည်း ပတ်သက်နေရလိမ့်မည်ဟု တွေးထင်လိုက်သည်။

ဤသို့ဆိုလျှင် သူထိုနေရာသို့ လိုက်လံစုံစမ်းသင့်သည်။ အချည်းအနှီးတော့ဖြစ်လိမ့်မည်မထင်။ တစ်စုံတစ်ရာတော့ အကျိုးရလာဘ်ကောင်းများစွာရလိမ့်မည်ဟု မျှော်လင့်ထားသည်။

ထိုအကြောင်းအား ဆုမွန်ထွန်းကို အသိပေးတိုင်ပင်ရန် လိုအပ်ပါမည်လား။ မိန်းမသားဆိုတော့ စိုးရိမ်မှုတွေဖြစ်ကောင်း ဖြစ်နေလိမ့်မည်။ သူမနှင့် ဆုံစည်းခဲ့ရသည်က နှစ်ရက်တည်းသော ကာလဖြစ်ခဲ့သော်လည်း သတိရခြင်းများကို အမှတ်တရပေးနိုင်သူ ဖြစ်ပါ၏။ သွားရောက်စုံစမ်းခဲ့ပြီးမှ သူမအားပြန်လာတွေ့လျှင် ကောင်းလေမည်လားဟု စဉ်းစားမိပြန်သည်။

"ဟုတ်ပါတယ်လေ၊ ဒါပဲကောင်းပါတယ်"

ထိုသို့ဆိုလျှင် မနက်ဖြန်ပင် တောင်အောက်သို့ဆင်းရန် ဆုံးဖြတ်လိုက်၏။

ထိုမှတဆင့် ရန်ကုန်သို့မီးရထားဖြင့် ခရီးဆက်ကာ ရန်ကုန်တွင် တအောင့်နားလျက် ဟသ်ာတသို့ကူးရန် ခရီးအစီအစဉ်ကိုဆွဲလိုက်၏။





သူတော်တော်နှင့်အိပ်မပျော်နိုင်၊ မီးရောင်ကိုပိတ်လျက် ကံ့နတ်သမီး၏ဝိညာဉ်များ တွေ့များတွေ့လေမလားဟု စောင့်စားနေမိပြန်သည်။ သို့သော် မောင်ကြိုင်၏ဟောက်သံမှလွဲလျှင် ထိုညက မည်သည့်အရာမျှ ထူးခြားမှုမရှိခဲ့ပါ။

ᰔ • ᰔ

www.burmeseclassic.com

## ပဟေဠိများပေးသွားသော ပန်းနှင်းဆီ

ဟသ်ာတမြို့သို့ဦးတည်ခုတ်မောင်းနေသော သင်္ဘောပေါ်တွင် တင်မောင်ဇော်လိုက်ပါလာခဲ့၏။ ဆုံးဖြတ်ချက်ချပြီးသည့် နောက်တစ်နေ့တွင် သူရန်ကုန်သို့ဆင်းလာခဲ့၏။ ရန်ကုန်ရောက်တော့ အဖေ့ကို ဦးရွှေအောင် သေဆုံးသွားကြောင်း အရပ်သိအရပ်စကားပြောသံကြားအနေနှင့်သာ ပြောခဲ့သည်။ လက်ဖက်ရည်တစ်ကြိမ်အတူတူသောက်ဖြစ်ပြီး တစ်ယောက်အကြောင်းတစ်ယောက် သိခဲ့ရုံမျှသာပြောလိုက်၏။ ထိုအထဲတွင် ရုပ်ရှင်အကြောင်းမပါ။ သတ်သွားသူအား လိုက်လံစုံစမ်းမည့်အကြောင်းမပါ။ အဖေ အလွန်အမင်းစိုးရိမ်နေမှာ ကြောက်သောကြောင့်ဖြစ်၏။

အဖေ့ဆီမှာ ဦးရွှေအောင်သေဆုံးကြောင်း ကြားလိုက်ရသည်နှင့် အတော်လေးစိတ်မကောင်းဖြစ်သွားရရှာသည်။

"သိပ်ချစ်ကြတဲ့သူငယ်ချင်းတွေပေါ့ကွာ ... ဒီကောင်က ဟိုတုန်းကတည်းက ဟိုစပ်စပ်သည့်စပ်စပ်သိပ်လုပ်ချင်တဲ့ကောင်၊ အင်္ဂလိပ်လိုလည်း ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်တယ်၊ လူချစ်လူခင်လည်းပေါတယ်၊ စွန့်စွန့်စားစားလုပ်ရတာကို ဝါသနာထုံတယ်။ စိတ်ရင်းလည်း ကောင်းရှာ





ပါတယ်။ ခုတော့စောစောစီးစီး လူ့လောကကြီးထဲက ထွက်သွားရရှာပြီ"

အဖေက ဝမ်းနည်းပက်လက်ဆိုရှာသည်။ သူဝေရာဝတီတိုင်းသို့ ခရီးဆက်ထွက်မည်ဆိုသောအခါ အထူးတလည်မေးမနေတော့။ သား၏ဝါသနာနှင့် ခြေရှည်တတ်သောသူ့အကြောင်းကို အဖေကောင်းကောင်း သိနေသည်ပဲလေ။ သင်္ဘောကြီးက တစ်မြို့ဝင်တစ်မြို့ထွက်နှင့်ဆက်လက် ခရီးနှင်နေဆဲ။ သူ ဆုမွန်ထွန်းကို သတိရလိုက်ပြန်သည်။

ခုလောက်ဆို ... သူငှါများ လိုက်ရှာနေမလား။

မြစ်ပြင်ကျယ်ကို ငေးမောနေစဉ် နှာခေါင်းအတွင်းသို့ သင်းပျံ့သော ရေမွှေးနံ့တစ်မျိုးဝင်ရောက်လာ၏။

"ရှင့်နာမည် ကိုတင်မောင်ဇော်နော်"

"ခင်ဗျာ"

မေးလာသူကို ရုတ်တရက်မော့ကြည့်တော့ ရက်ရက်စက်စက်လှသည့်မိန်းကလေး။ ခေတ်ပေါ်အဝတ်အစားတချို့ကို အချိုးကျကျ ဝတ်ဆင်ထားသည်။

"ဟုတ်ပါတယ်"

"ကျွန်မကို ဒီနေရာမှာ ခဏထိုင်ခွင့်ပြုနိုင်မလား"

မိန်းကလေးက အပြုံးချိုချိုနှင့်ခွင့်တောင်းနေသည်။ သူက ခင်းထားသောဖျာအား ရှေ့သို့တိုးပေးလိုက်ပြီး ...

"ဪ ... ရပါတယ် ... "

"ရပါတယ်ခင်ဗျာ"

"ထိုင်ပါ ... ထိုင်ပါ"

သူမက သူ့အနားတွင်ကျုံ့ကျုံ့လေးထိုင်လိုက်သည်။ မြစ်ဆီမှတိုက်ခတ်လာသောလေကြောင့် သူမ၏ဆံနွယ်စလေးများမှာ လှုပ်ရှား လွန့်လွန့်ဖြစ်ကာ တစ်မျိုးကြည့်ကောင်းနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မနာမည် ပန်းနှင်းဆီပါ၊ ဇာတိက ရှင်ဟိုတလောက ရောက်ခဲ့တဲ့ တောင်ပေါ်မြို့လေးကပါ''

''မင်းကတို့ကိုသိနေတယ်၊ အဲ ... ထားပါတော့ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်''

''ကိုဇော်လို့ပဲ ရင်းရင်းနှီးနှီးခေါ်မယ်နော်၊ အခု ... ကိုဇော် ဟသ်ာတကိုသွားမှာမို့လား။ ဟိုမှာဘယ်လောက်တောင်နေမယ်လို့ စိတ်ကူးထားလဲ''

သူခပ်သဲ့သဲ့ပြုံးလိုက်သည်။ သည်မိန်းကလေး သူ့အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ်သိနေပါလား။ ဘယ်ကလာတာလဲ၊ ဘယ်ကိုသွားမယ်ဆိုတာကအစ သူ့အတွက်ရန်သူလား၊ မိတ်ဆွေလား။ သိပ်တော့ ပေါ့ပေါ့ တန်တန်ထားလို့မရ။

''ကိုယ်အလွန်ဆုံးတစ်ပတ်လောက်တော့ ကြာမယ်ထင်တာပဲ၊ ဘာဖြစ်လို့လဲ''

''ဟိုမှာနေရင် တစ်ရက်ထက်တစ်ရက် ရှင့်ဘက်မှာ အန္တရာယ်တွေ သိပ်များနေတယ်ဆိုတာ သတိပေးချင်လို့ပါ''

''ဘာကြောင့်လဲ''

''အထူးသဖြင့် ဦးရွှေအောင်အသတ်ခံရတဲ့ကိစ္စမှာ တစ်ဦးတည်းသော မျက်မြင်သက်သေဟာ ရှင်ဖြစ်နေလို့ပဲ''

''မင်း ... ဒါတွေကိုသိနေတယ်''

သူနည်းနည်းတော့ ဖြန့်သွားသည်။ လျှော့တွက်လို့မရတော့မှန်း အလိုလိုသိလိုက်၏။

''ဒါလေးများကိုဇော်ရယ် အပန်းကြီးတာလိုက်လို့၊ ကျွန်မတင် မကပါဘူး ပုလိပ်တချို့နဲ့စုံထောက်တစ်ဦးလည်း သိနေပါတယ်''

''ဒါဆို ... ''





''လူသတ်တရားခံကို ဘာလို့မဖမ်းကြတာလဲ''

''စိတ်မပူပါနဲ့ ဖော်ထုတ်ကြမှာပါ၊ ကွင်းဆက်လေးတချို့ပြတ်တောက်နေတာနဲ့ ခဏစောင့်ကြည့်နေကြတာပါ''

''ဒီလိုလား''

''နောက်တစ်ခု ... ရှင့်ကိုသတိပေးစရာတစ်ခု ရှိသေးတယ်၊ အဲဒါ ... ဆုမွန်ထွန်းကို သိပ်မယုံကြည်ဖို့ပါပဲ''

''သူက ဘာဖြစ်နေလို့လဲ''

''ရှင်က မနေ့တနေ့ကမှ ကျွန်မတို့တောင်ပေါ်မြို့လေးကို ရောက်လာတဲ့သူ ရှင် သူ့အကြောင်း ဘာမှသိတာမဟုတ်ဘူး''

''သဘောကောင်းပုံတော့ ပေါ်ပါတယ်''

''ရှင်တို့ယောကျ်ားတွေဟာလေ ဘယ်မိန်းမကိုတွေ့တွေ့ လျှော့တွက်ချင်ကြတာချည်းပဲ၊ အန္တရာယ်ကိုကြိုမမြင်တတ်ဘူး၊ ဒီလိုဆိုတော့ သူများအကြောင်းမကောင်းပြောရာကျမယ်၊ ရှင့်အနေနဲ့ သတိထားရင်လုံလောက်ပါပြီ ... ''

''ကဲ ... ကျွန်မသွားမယ် ... လိုအပ်တဲ့အခါ ကျွန်မရှင့်ဆီ ဆက်သွယ်ပါ့မယ်''

''ဂွတ်ဒ်ဘိုင်''

သူမကပြောပြောဆိုဆို ပြန်ထွက်သွားပါတော့၏။ သူ့မှာသာ ပဟေဠိများစွာနှင့် ကျန်ရစ်ခဲ့ရ၏။

''ငါတော့ အန္တရာယ်နတ်ခမ်းဝကိုတည့်တည့်ကြီး ရောက်နေပြီလား၊ ကိစ္စမရှိဘူး။ ငါဟာယောကျ်ားတစ်ယောက်ပဲ၊ ဆုံးဖြတ်ချက်ချပြီးမှတော့ နောက်ဆုတ်လို့ဘယ်လိုဖြစ်နိုင်တော့မှာလဲ။ သေသေရှင်ရှင် ... ဘာကိုမှ ဂရုစိုက်စရာမလိုဘူး''

ယင်းနောက်ပိုင်းတွင် ထိုမိန်းကလေး၏ အရိပ်အယောင်ကို



www.burmeseclassic.com

www.burmeseclassic.com



တစွန်းတစမှမမြင်ရတော့ပေ။ သဘောအထူးခန်းတစ်ခန်းတွင်ရှိနေမှာတော့ သေချာလောက်၏။ သူ၏နှုတ်မှဖွဖွလေး ရွတ်နေမိသည်က —

"ဩော် ... ပန်းနှင်းဆီ ... ပန်းနှင်းဆီ"

ꩠ • ꩠ

ဖောက်ပြန်သောမိန်းမနှင့် မှားမိသောယောကျ်ားတို့၏ ဝိညာဉ်

ညနေစောင်းချိန်။

သဘောက မြို့တစ်မြို့ကိုဝင်ကာ ဆက်လက်ခုတ်မောင်းနေဆဲ၊ တင်မောင်ဇော်တစ်ယောက် စာအုပ်တစ်အုပ်ကိုဖတ်လာသည်။ ရန်ကုန်ရောက်စဉ် ရှာဖွေလာခဲ့သောစာအုပ် စိတ်ဝင်စားစရာအလွန်ကောင်းသော ကြောင့် ပတ်ဝန်းကျင်ကိုသတိမထားမိ။

ထိုစာအုပ်မှာ ၁၉၂၂ခုနှစ်က ထွင့်ဆုံအမွန်ဂူသချိုင်းအား ရှာဖွေတူးဖော်စဉ်ကာလက တကယ့်အဖြစ်အပျက်များကို အခြေခံ၍မှတ်တမ်းတင်ထားသော စာအုပ်သာဖြစ်၏။ ယင်းတို့ကို အင်္ဂလိပ်ရေးသားထားခြင်းဖြစ်၏။

စာအုပ်ပါအကြောင်းအရာများမှာ အတော့်ကိုစိတ်ဝင်စားဖို့ကောင်းပါသည်။

ယင်းတို့မှ တချို့မှာ မင်းသားလေးနှင့်မင်းသမီးလေးတို့သည် ဘုရင်မဖြစ်ခင်ကတည်းက အလွန်ချစ်ခဲ့ကြကြောင်း၊ ဘုရင်ဖြစ်လာသည့်အခါ သူမသည်လည်း မိဖုရားဖြစ်လာကြောင်း၊ တောင်နန်းစံနှင့်မြောက်



www.burmeseclassic.com

www.burmeseclassic.com



နန်းစံဆိုသလိုပင် နောက်ထပ်မိဖုရားတစ်ပါးတင်မြှောက်ခဲ့ကြောင်း၊ ပထမမိဖုရားတွင် အကြောင်းအမျိုးမျိုးကြောင့် သားသမီးရတနာမရနိုင်သည့်အခါ အများကအမြဲမပြတ်ဆိုကာ နန်းတွင်းသူနန်းတွင်းသားတို့က တိုးတိုးကြိတ်ကြိတ်ပျက်ရယ်ပြုခဲ့ကြကြောင်း။ ကဲ့ရဲ့ကြကြောင်း။ ထို့ကြောင့် စိတ်အနာတရဖြစ်ခဲ့ရကြောင်း။

ဒုတိယမိဖုရားတွင် သားတော်လေးမွေးလာသည့်အခါ အားလုံးကချီးကျူးဩဘာပေးကြကြောင်း၊ နန်းမွေဆက်ခံရန် မျိုးဆက်သစ်ရလာပြီမို့ အားလုံးပျော်နေကြကြောင်း။ ထို့အတူ ဘုရင်လေးမှာလည်း အများနည်းတူ ဒုတိယမိဖုရားအပေါ် ဂရုစိုက်ပြခဲ့ရကြောင်း၊ ထိုအဖြစ်ကိုမကြည့်ရက်နိုင်တော့သည့် ပထမမိဖုရားမှာ ဘုရင်လေးအား အဆိပ်ခတ်သတ်လိုက်ကြောင်း ရေးသားထားသည်။

ဘုရင်လေး ကံတော်ကုန်သည့်အခါ ခမ်းခမ်းနားနားထည်ထည်ဝါဝါ ဂူသင်္ချိုင်းတော်ကိုတည်ဆောက်၍ မံမီရုပ်အလောင်းအဖြစ် သင်္ဂြိုဟ်ခဲ့ကြောင်း။

ထိုဂူအား ... နှင့်အဖွဲ့က အမှတ်မထင်တွေ့ရှိခဲ့ကြကြောင်း။ ဂူမှာနှစ်ကြိမ်တိုင်တိုင် ဖောက်ထွင်းခံရပြီး ဖရိုဖရဲပွကြဲနေသော နန်းစဉ်ရတနာများနှင့်အတူ ရုပ်တုတချို့ယူဆောင်ခံရသည်ဟု အတိအလင်းရေးသားထားသည်။

ထူးခြားမှုတစ်ခုမှာ ဖောက်ထွင်းစဉ်က ခေါင်းဆောင်ပါဝင်ခဲ့သော --- အပါအဝင်ရှာဖွေတူးဖော်ခဲ့သူ ခုနစ်ဦးစလုံး မကြာခင်တွင်ပင် တစ်ယောက်ပြီးတစ်ယောက် အကြောင်းအမျိုးမျိုးဖြင့် သေဆုံးခဲ့ကြောင်း၊ တချို့က ယင်းကိစ္စကို ''ကျိန်စာ'' တိုက်ခြင်းခံရသည်ဟု အနိုင်အမာယုံကြည်ကြကြောင်း။

ဂူသင်္ချိုင်းတော်၏ အခန်းတစ်ခုအတွင်းမှကျိုးပဲ့နေသော ကံ





နတ်သမီးရုပ်တုကိုတွေ့ခဲ့ရပြီး နောက်ထပ်ရုပ်တုတစ်ခုမှာ ပျောက်ဆုံးနေကြောင်း လေ့လာတွေ့ရှိရသည်ဟုဆို၏။

''ငါတို့က ဒီစာအုပ်ကိုတော်တော်စိတ်ဝင်စားပုံရတယ်နော်''

''အင်''

ဘယ်အချိန်ကတည်းက သူ့အနားတွင် လာရောက်ထိုင်နေမှန်းမသိသော အသက်(၅၀)ကျော် မိန်းမကြီး၏ မှတ်ချက်ပေးသံကြောင့် အူတူတူဖြစ်သွားသည်။ တော်တော်စပ်စုတာပဲဟု၍လည်း စိတ်ထဲတွင်သွားမိ၏။

သို့သော် ယဉ်ကျေးမှုအရ မကောင်းတတ်သဖြင့် မျက်နှာကိုခပ်ပြုံးပြုံးလေးလုပ်လျက် ...

''ဪ ... ဟုတ်ကဲ့ ... ''

''ဘာရယ်မဟုတ်ပါဘူး''

''ဘယ်သွားမလို့တုန်း ဟသ်ာတတင်ပဲလား''

''ခဏဝင်မယ်၊ ပြီးရင် အင်္ဂပိုဆိုတဲ့ရွာလေးကို ဆက်သွားမယ်''

''အင်္ဂပိုမှာ အသိရှိလို့လား''

''အဲ ... အသိတော့မရှိပါဘူး ... ဒါပေမဲ့''

သူကပြောရင်း ရှေ့ဘယ်လိုဆက်ရမှန်းမသိ ဖြစ်သွားသည်။ မစ္စတာအာမက်နှင့် ဒေါ်မယ်ငွေတို့၏အမည်နာမများက သူ့ခေါင်းထဲရောက်လာသည်။

''ဒါပေမဲ့ ဘာဖြစ်သလဲကွဲ့''

''အဲဒီရွာမှာ ဒေါ်မယ်ငွေဆိုတာများ သိမလားမပြောတတ်ဘူး''

သူ့မေးခွန်းကြောင့် မိန်းမကြီးမှာ ဟက်ခနဲတစ်ချက်ရယ်လျှက်

''မသိတဲ့နေပါ့မလား။ ဒေါ်မယ်ငွေဆိုတာ ရပ်ကျော်ရွာကျော် အမေမပဲဟာ''



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

တင်မောင်ဇော် တော်တော်အံ့သြသွားသည်။ အံ့သြရခြင်း၏အဓိကအကြောင်းအချင်းတစ်ရပ်မှာ ဒေါ်မယ်ငွေအား အရှုံးဟုပြောခြင်းကြောင့်မဟုတ်။

တစ္ဆေအခြောက်ခံရသော မောင်ကြိုင်ပြောလိုက်သည့်ဒေါ်မယ်ငွေမှာ အင်္ဂလိပ်ရွာတွင် တကယ်သက်ရှိထင်ရှားရှိနေခြင်းကြောင့်ပင်။

"အဲဒီအဘွားကြီးက ဆန်းတော့ဆန်းသာ ... သူကအာရပ်အမျိုးသမီးကြီးတစ်ဦးလေ၊ သူ့ရဲ့မူလနာမည်က အလီမာဆိုလား၊ ဘာလားပဲ အာရပ်လိုပြောတတ်တယ်၊ အင်္ဂလိပ်လိုမှတ်နေအောင် ပြောတတ်တယ်၊ မြန်မာစကားကိုတော့ ခုချိန်မှာတော်တော်လေးကို ပိုင်နိုင်နေပါပြီ၊ သူ့အပျိုပေါက်ကတည်းက ဒီနိုင်ငံကိုရောက်နေတာတဲ့၊ ဘာကြောင့်ရောက်တယ်၊ ဘယ်လိုရောက်တယ်ဆိုတာကိုတော့ ဘယ်သူမှမသိကြဘူး၊ သူ့မွေးရပ်ဇာတိကတော့ အီဂျစ်ပြည် နိုင်း(လ်)မြစ်ကမ်းခြေရွာကလေးတစ်ရွာကလို့ အမြဲပြောတယ်"

ယခုလည်း ...

ထူးခြားနေပြန်ပါပြီ။ ဒေါ်မယ်ငွေက အာရပ်လူမျိုး၊ အီဂျစ်ကလာတာ။

ထိုသို့ဆိုလျှင် ထွဋ်အံ့အမွှန်နှင့် ကံနတ်သမီးတို့နှင့် ဆက်စပ်နေပါပြီကော။

ပေါ်ပေါက်လာသောအကြောင်းတရားတွေကတော့ တော်တော်လေးထူးဆန်းနေလေပြီ။

"သူ ဘာကြောင့်ရှုံးသွားတာလဲဟင်"

"သူ့ယောက်ျားကြောင့်ပေါ့၊ သူ့ယောက်ျားဟာ မြန်မာလူမျိုးတစ်ယောက်ပါ၊ ဘယ်အချိန်ကတည်းက အိမ်ထောင်ကျတယ်မပြောတတ်ဘူး၊





ခုဆို အဘွားမယ်ငွေဟာ ၉၀နီးပါးတောင် ကပ်လောက်ပြီပေါ့၊ အန်တီတို့ ဘယ်မီပါ့မလဲ၊ သူ့ယောက်ျားဟာ တခြားမိန်းမတစ်ယောက်နဲ့မောက်မှားမိလို့ အသတ်ခံရတာလေ၊ သူက သူ့ယောက်ျားကို တော်တော်ချစ်ရှာတာလို့ ရာဇဝင်ကိုတိတိပပသိကြတဲ့ ရှေးမီနောက်မီသူတွေကတော့ ဆိုရှာသား"

"အဘွားမယ်ငွေအကြောင်းကို အကြမ်းသဘောလောက် ပြောပြနိုင်မလား"

"အန်တီတို့နယ်ဘက်မှာတော့ အဲဒီအကြောင်းဟာ အိပ်ရာဝင်ပုံပြင်တစ်ပုဒ်လို အမြဲတမ်းပြောဆိုနေတတ်တဲ့အကြောင်းမို့ ငါ့တူကိုပြောပြရမှာ သိပ်အပန်းမကြီးပါဘူးကွယ်၊ ကိုင်း ... နားလည်းထောင်ဦး၊ ကော်ဖီလည်း သောက်ဦး ..."

အန်တီကြီးက သူ့တွင် တစ်ခါတည်းပါလာသော ဓာတ်ဘူးထဲမှ ကော်ဖီများကို ခွက်တစ်ခွက်တွင်ထည့်နေသောကြောင့် —

"ဟာ ..."

"အားနာစရာကြီး အန်တီရာ"

"ဘာမှ အားနာစရာမရှိဘူး၊ အန်တီက ငါ့တူကိုမြင်ကတည်းက ခင်ချင်နေမိပြီးသား၊ ငါ့တူက ရုပ်ချောတာကိုး၊ ခုခေတ်မင်းသားတွေထက်တောင် ပိုချောသေး"

"အာ ... အန်တီကတော့ လုပ်လိုက်ပြန်ပြီ"

"တကယ် တကယ်၊ ကိုင်းပါကွယ်၊ သောက်မှာသာသောက်ပါ၊ မိတ်ဖြစ်ဆွေဖြစ်သဘောပေါ့"

ထို့ကြောင့် တင်မောင်ဇော် အားနာပါးနာ ယူသောက်ရတော့၏။ အန်တီကြီးကိုယ်တိုင်လည်း တစ်ခွက်ငှဲကာ ကော်ဖီအရသာကိုခံသောက်ရင်း မြစ်ပြင်ကျယ်ကို တစ်ချက်လေးငေးလိုက်လျက် လည်ချောင်းကိုရှင်းရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အင်္ဂပိုရှာရဲ့အထူးခြားဆုံးက ရှည်မျောမျောအင်းကြီးရှိတာပဲကွဲ၊ တော်တော်လေးလည်း ကျယ်တယ်၊ အဲဒီဒေသတစ်ဝိုက်မှာ အင်ခဝါတို့ ကျူတောအင်းတို့၊ မိုးမခအင်းကို့ရှိကြပေမယ့် အင်္ဂပိုအင်းလောက်တော့ ဘယ်အင်းမှမကြီးဘူး၊ အင်းတည့်ရှိပုံက ခပ်ရှည်ရှည်ဆိုတော့ ဟိုဘက် သည်ဘက်ကူးဖို့ လက်ယှက်ဘောတံတားအရှည်ကြီးကို ရေပေါ်မှာခင်းထား တယ်၊ လက်ယှက်ဘောတံတားဆိုတာ ဝါးပိုးဝါးတွေကိုဖောင်သဘောလုပ် ပြီး ဟိုဘက်ကမ်းသည်ဘက်ကမ်း ဆက်ထားတာ၊ အဲဒီအပေါ်က ဖြတ်သွား ရင် လှုပ်စိလှုပ်စိနဲ့ပေါ့ကွယ်၊ ဘေးကနေ အထိမ်းအကွတ်သဘောမရွေ့ သွားအောင် သစ်သားတိုင်တွေနဲ့ ထိန်းထားတယ်၊ ကမ်းနှစ်ဖက်စလုံးရဲ့ ထိပ်မှာလည်း ခရီးသွားတွေနားဖို့ ဇရပ်တစ်လုံးစီရှိတယ်၊ အရှေ့ဘက်ကို လာတဲ့ခရီးသွားက အရှေ့ဘက်ဇရပ်မှာ နားချင်နားပေါ့ကွယ်"

အန်တီကြီးက ဇာတ်ပဏာမကိုအစပျိုးစဉ်မှာပင် ကော်ဖီတစ်ငုံကို သောက်လိုက်ပြန်သည်။

နောက်မှ စကားကိုပြန်ဆက်သည်။

"အရှေ့ဘက်ဇရပ်ကဆက်သွားရင် တော်တော်လေးလှမ်းတဲ့နေရာ မှာ အင်္ဂပိုရွာရှိတယ်၊ အဲဒီမှာ အဘွားမယ်ငွေနေတယ်၊ သူ့ယောကျ်ားက ကိုသိန်းညိုတဲ့ လူပေလူတေတစ်ယောက်ပေါ့ကွယ်၊ ပြီးတော့ လူမိုက်လည်း လူမိုက်၊ ကိုသိန်းညိုမှာ ညီတစ်ယောက်ရှိတယ်၊ ကိုငြိမ်းကိုတဲ့ ညီအစ်ကို နှစ်ယောက်စလုံး တစ်ဖြတ်တည်းပဲ၊ ဖဲရိုက်ရမလား လာခဲ့၊ အရက်သောက် ရမလား လာခဲ့၊ ရိုက်ရနှက်ရ သတ်ရမလား၊ သိပ်လက်နှေးကြတဲ့သူတွေ မဟုတ်ဘူး၊ မကောင်းတာရော ကောင်းတာရော ဘာကိုပဲလုပ်လုပ် လက် မနှေးကြတဲ့ ညီအစ်ကိုတွေလေ

စောစောကပြောသလို အဘွားမယ်ငွေဟာ သူ့ယောကျ်ားကို အရမ်းချစ်ရှာတာ၊ ဘယ်လောက်ပဲဆိုးဆိုး ဘယ်လောက်ပဲ ကမ်းကုန်အောင်





မိုက်မိုက် အဘွားအပေါ်တော့ အစစအရာရာအလိုလိုက်ပြီး ကြင်နာတတ် ယုယတတ်တာကိုး၊ အဲ့ရပ်အမျိုးသမီးမို့ အရပ်ကထောင်ထောင်မောင်း မောင်းနဲ့ ခန္ဓာကိုယ်လှတယ်၊ ကျန်းမာသန်စွမ်းတယ်၊ နှာခေါင်းလေးချွန် ချွန်၊ မျက်လုံးနက်နက်လေးနဲ့မို့ ထူးခြားနေတယ်ဆိုပါစို့၊ အဘသိန်းညိုနဲ့ ရပြီးနောက်ပိုင်းမှာ သူဟာမြန်မာစကားကို လည်လည်ဝယ်ဝယ်ပြောတတ် လာတာ၊ အများအပြောတော့ အဘွားအိဂျစ်ကနေလာတုန်းက ရွှေသား စစ်စစ်နဲ့လုပ်ထားတဲ့ ရုပ်တုတစ်ခုပါလာတယ်လို့ဆိုတယ်၊ ဒါကို ဘယ်သူ မှမသိကြဘူး၊ သူ့ယောကျ်ားကအစ၊ မြေကြီးထဲမြှုပ်ပြီး ဖွက်ထားခဲ့တယ် လို့ဆိုတယ်၊

"ဘာရုပ်တုလဲ အန်တီ"

"အဲဒါတော့ အန်တီလည်း သေသေချာချာမသိပါဘူးကွယ်၊ နတ် သမီးလိုလို၊ မိဖုရားလိုလိုမျိုးပဲလို့ပြောကြတာပဲ ... "

"ဒါတောင် သူ့ယောကျ်ားသေသွားပြီးတဲ့နောက်ပိုင်း တော်တော် လေးကြာမှပေါ်လာတဲ့ကိစ္စ။ ထားပါ အဘွားအကြောင်းဆက်ရအောင်။ သူ တို့မှာ သားသမီးမရကြဘူး။ အဘသိန်းညိုက ကလေးတော်တော်လိုချင် ခဲ့တာ။ ဒါပေမဲ့ မရတော့လည်း ဘာတတ်နိုင်ဦးမှာလဲကွယ်"

"ဒီလိုနဲ့အဘဟာ အရပ်တကာဖဲလှည့်ရိုက်ရင်း မကြာဆိုတဲ့မိန်း မနဲ့တွေ့ခဲ့တယ်။ မကြာက အရွယ်လေးကလည်းကောင်း၊ မြူတတ်ဆွယ် တတ်တဲ့အကျင့်လေးကလည်း ထူးချွန်ဆိုတော့ အဘသိန်းညိုကိုတွေ့တော့ မျက်စိကျသွားတယ်။ ဘာလို့မျက်စိကျသွားတုန်းဆိုတော့ အဘသိန်းညို ဟာ တော်တော်ဖြုန်းနိုင်သုံးနိုင်တာကိုး။ တကယ်တော့ သူဟာဖဲရိုက်တာ လည်းစီးပွားဖြစ်တော့ မဟုတ်ပါဘူး။ သူ့မိန်းမဆီက ပစ္စည်းတွေကို တဖြည်း ဖြည်းထိုင်ဖြုန်းနေတာ"

"ပစ္စည်းတွေဆိုတာက"

www.burmeseclassic.com



"လက်ဝတ်ရတနာတွေပေါ့ကွယ်"

"အိကျစ်ကလာတုန်းက ပါလာတာတွေတဲ့၊ ရွှေဆိုင်တွေအဆိုအရ ဆိုရင်တော့ ရှေးဟောင်းပစ္စည်းတွေ၊ အကောင်းဆုံးရွှေတွေလို့ပြောကြတယ်၊ အဘသိန်းညိုလာရောင်းပြီဆို ရွှေဆိုင်သူဌေးတွေက လိုလိုချင်ချင်နဲ့ငွေ ပိုပေးပြီး ဝယ်ကြတာ"

သည်လိုပြောတော့ သချိုင်းဂူဖောက်ခံရခြင်းနှင့် သက်ဆိုင်လေ မလားဟု တွေးမိပြန်သည်။

"အဲဒီလိုငွေကို ပေါပေါလောလောသုံးနေတာမြင်တော့ မကြာက အပျိုဟန်ဆောင်ပြီး အဘသိန်းညိုအနားကို ကပ်တော့တာပေါ့၊ ယောက်ျား ပဲကွယ် မိန်းမရဲ့အထိအတွေ့ကို ဘယ်လောက်ရှောင်နေမှာလဲ၊ ဒီတော့ မကြာခင်မှာပဲ ငြိကြတော့တာပေါ့၊ အဘညိုတစ်ယောက် တုံးသလားမမေး နဲ့၊ မကြာကလည်း ဖြုန်းသလားမမေးနဲ့၊ ဒါတွေကို ရိုးရိုးအအ အဘွားငွေ က ဘယ်သိပ္ပါ့မလဲ၊ သူ့ယောက်ျားဖဲရှုံးတယ်ထင်ပြီး လိုသမျှကိုတွင်တွင် ထုတ်ပေးတော့တာ၊ အဘက လိုလာလိုက် အဘွားကမြေကြီးလေးတူးပြီး ထုတ်ပေးလိုက်နဲ့ အဆင်ကိုပြေလို့

တစ်နေ့တော့ အဘညိုဟာ မကြာအပျိုမဟုတ်ဘဲ ယူထားတဲ့လင် တစ်ယောက်ရှိတယ်ဆိုတာ သိသွားပါလေရော၊ ဘာပြောကောင်းလိမ့်မယ် ဒေါသတွေ တွင်တွင်ထွက်ပြီး သူ့ယောက်ျားကို တိတ်တဆိတ်စုံစမ်းတာယ် သတင်းထဲမှာကိုက သူ့ယောက်ျားဟာ အဘညိုဆီကိုလွှတ်ပြီး သူ့မိန်းမကို နိုင်းစားနေတာလို့ အတိအလင်းကြားခဲ့ရတာကိုး၊ အဲဒီလိုယောက်ျားမျိုး ကိုလည်း သူကဆုံချင်သေးတာ မဟုတ်လား၊ အိမ်ကိုတော့တွေ့ခဲ့ပါရဲ့ လူကိုမဆုံခဲ့ရဘူး၊ နဂိုကတည်းက ခပ်ရမ်းရမ်းသမားဆိုတော့ မကြာ ယောက်ျားသုံးယောဇဉ်တော်တော်ထားပြီး မွေးထားတဲ့ဝက်မလေးကို တာ တွေအကူအညီနဲ့ဖမ်းနိုင်းတော့တာပဲ၊ နောက် _ ဝါးဖောင်နဲ့အင်ပိုအရေ





ဘက်အင်းထိပ်ကို သယ်လာခဲ့တယ်၊ အဲဒီအင်းထိပ်မှာပဲ ဝက်ကိုပေါ်ပြီး သောက်ဝိုင်းစားဝိုင်းတွေနဲ့ ပျော်ပါးခဲ့ကြတယ်"

"ဒါကို လင်ကြီးကသိတော့ ဒေါသတွေချောင်းချောင်းထပြီး အခွင့် အရေးကိုရှာတယ်၊ တတ်နိုင်သလောက်သည်းခံပြီး အချိန်အခါကိုစောင့် တယ်၊ ကံကြမ္မာက ကိုယ့်ဘက်ပါလာပြီဆိုတာနဲ့ အရှေ့ဘက်ဇရပ်မှာ အဘညိုမူးပြီးအိပ်နေတုန်း အဆစ်နှစ်ဆယ်ပါတဲ့ဝါးရင်းတုတ်နဲ့ မသေမချင်း ကိုရိုက်သတ်သွားခဲ့တာ၊ မရှုမဆန့်ကိုသေရတယ်ပြောပါတော့ကွယ်"

အန်တီကြီးက ပြောနေသောစကားကို ခဏရပ်ကာ ကော်ဖီတစ် ငုံသောက်လိုက်ပြန်သည်။ သူမပြောနေသောစကားများကို စိတ်ဝင်တစား နားထောင်နေသော တင်မောင်ဇော်ကို တစ်ချက်ကြည့်လျှက် ကျေနပ်သွား ဟန်ဖြင့် စကားကိုဆက်လိုက်ပြန်ပါ၏။

"အဘွားငွေလည်း သူ့ယောက်ျားသေတယ်လည်းဆိုရော အရူး တစ်ပိုင်းဖြစ်တာပေါ့ကွယ်၊ သူသိပ်ချစ်တဲ့ယောက်ျား၊ သူအရမ်းအားကိုးတဲ့ ယောက်ျားမဟုတ်လား၊ သေရတဲ့ဇာစ်မြစ် တဖြည်းဖြည်းပေါ်လာတော့ ပိုပြီး ခံထုမနာဖြစ်ရတာပေါ့၊ "မကြာ" လို ပိုင်းလုံးမကြောင့်သေတာဆိုပြီး ကြေကြေကွဲကွဲတွေဖြစ်၊ သောကပူမီးတွေတောက်လောင်ပြီး စိတ်ကယောင် ချောက်ချားတွေဖြစ်လာတယ်၊ ဟိုပြောသည်ပြောတွေလုပ်လာတယ်"

"နောက်ပိုင်း ဆိုးသထက်ပိုဆိုးလာခဲ့တယ်၊ ဒီနေရာမှာ အဘညို နဲ့ညီအဘငြိမ်းကိုအကြောင်းက ရောက်လာပြီ၊ သူကလူရိုက်မှုနဲ့ထောင်ထဲ ရောက်နေတာ၊ ထောင်ကထွက်လာတော့ သူ့အစ်ကို သူများအသတ်ခံရ သလို အစ်ကို့မိန်းမခများလည်း ရူးခဲ့ရတယ်ဆိုတော့ သူတော်တော်ပေါက် ကွဲသွားပြီး ဘယ်လိုမှထိန်းလို့မရတော့ဘူး၊ ဒီပြဿနာရဲ့အရင်းအမြစ် အရားခံဟာ မကြာကလွဲရင် ဘယ်သူမှမဖြစ်နိုင်ဘူးလို့တွက်တယ်၊ နောက် တော့ ရက်ရက်စက်စက်လက်စားချေဖို့ ဆုံးဖြတ်လိုက်တော့တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



''နေ့ရက်တော့ အဘငြိမ်းဟာ မကြာကိုရှာတယ်၊ ပြီးတော့ အနောက်ဘက်ဇရပ်ကိုမျှားခေါ်တယ်၊ နောက် ... မတော်မတရားပြုကျင့်ပြီး ဓားမြှောင်နဲ့ထိုးသတ်ခဲ့တယ်၊ ဒါဟာလည်း တော်တော်စပ်ဆုတ်ရွံရှာဖွယ်ကောင်းပဲ့ လူသတ်မှုပါ၊ အဘငြိမ်းကိုလည်း အသေစားသေစေနဲ့ ကြိုးပေးခံခဲ့ရတယ်၊

ကဲကွယ် ... အဲဒီအဖြစ်တွေကိုကြည့်ရင် တစ်ယောက်ချင်းစီမှာ ဘယ်လောက်ဆိုးဝါးတဲ့အဖြစ်အပျက်တွေ ဖြစ်ခဲ့သလဲ၊ လင်ကြီးကျတော့ရော အရက်မူးလွန်ပြီး ရေတွင်းထဲကျသေတာပါပဲ၊ အားလုံးတစ်ညီတညွတ်တည်းပြောကြတာကတော့ ''ကျိန်စာ'' ကြတာတဲ့၊ ဘာကျိန်စာမှန်းတော့ အန်တီလည်းမပြောတတ်တော့ပါဘူး''

တင်မောင်ဇော်ကတော့ စိတ်ထဲမှာကျယ်ကျယ်လောင်လောင် အော်ပြောနေမိသည်က ''ကံနတ်သမီးရဲ့ကျိန်စာ''ဟူ၍ပင်။ စကားခံသုံးတော့ သူဆက်လက်တွေးနေမိသည်က အများကြီး။

''ဒါနဲ့ ဆက်ပါဦးအန်တီ၊ စောစောကပြောတဲ့အထဲမှာ မြေကြီးထဲမြှုပ်ထားတဲ့ရုပ်တု၊ သူယောက်ျားသေပြီး တော်တော်လေးကြာမှပေါ်လာတဲ့ ကိစ္စဆိုတာ''

''တစ်နေ့ သူတို့ရွာကို အာရပ်လူမျိုးတစ်ယောက် ရောက်လာခဲ့တယ်၊ စုံစမ်းရင်းရောက်လာတဲ့သဘောပါပဲ၊ သူတို့အချင်းချင်းလည်း သိနေကြသလိုပဲလို့ဆိုကြတယ်၊ အဲဒီအချိန်ရောက်မှ မြေကြီးထဲမြှုပ်ထားတဲ့ ရုပ်တုကိုဖော်ပြီးပေးလိုက်တာတဲ့''

''မစ္စတာအာမက်ဆိုတဲ့သူလား''

''အန်တီ ဒါတွေတော့ဂဃနဏမသိဘူးကွဲ့။ အန်တီသိတာက အဘညိုနဲ့မကြာတို့ရဲ့ ဝိညာဉ်တွေအကြောင်းပဲ''

သူ မျက်မှောင်တစ်ချက်ကျုံ့သွားသည်။





''နှစ်ယောက်စလုံး မကျွတ်မလွတ်ကြဘူးဆိုတဲ့သဘောလား''

''ဒီလိုပဲဖြစ်မှာပေါ့ကွယ်၊ ညညဆို အနောက်ဘက်ဇရပ်က စူးစူးဝါးဝါးမိန်းမတစ်ယောက်အော်သံကို မကြာမကြာကြားနေရတယ်''

''ကိုညိုရေ ကယ်ပါဦး၊ ကိုညိုရေ ကယ်ပါဦး၊ ကျွန်မကို မတော်မတရားလုပ်ပြီး သတ်နေပြီ'' ဆိုတာ တစ်ရွာလုံးလိုလိုကြားနေရတာ။ အော်သံကြီးစူးစူးနင့်နင့်။ မချိတင်ကဲအသံကြီး၊ ရုန်းရင်းဆန်ခတ်ကြားက အော်ရတဲ့အသံမျိုးကြီး။ အနောက်ဘက်ဇရပ်က အဘညိုဆီကတော့ ဘာသံမှမကြားရပါဘူး။ ဘာတစ်ခွန်းမှလည်း အသံမပေးဘူး။ တချို့တလေမြင်တာကတော့ အဘညိုဟာ အနောက်ဘက်ဇရပ်ကိုကျောပေးလို့ အဘွားငွေအိမ်ဘက်ကိုပဲ ငုပ်တုတ်ထိုင်မျှော်နေတတ်တယ်လို့ ဆိုတယ်''

''အဘွားငွေအပေါ် စိတ်မချလို့များလား''

''သူ့အဖြစ်တွေကိုလည်း တောင်းပန်ချင်တဲ့သဘောနေမှာပေါ့ကွယ်၊ အသက်ရှင်စဉ်တုန်းက သူ့မိန်းမအပေါ် အရာရာအနိုင်ယူခဲ့တာမဟုတ်လား''

အနောက်ဘက်တွင် နေကစုံးစုံးမြှုပ်ဝင်သွားလေပြီ။ ကောင်းကင်တွင် အရောင်အသွေးစုံလင်သော တိမ်ဆိုင်တိမ်လိပ်တွေက တရွေ့ရွေ့စီးမျောနေကြ၏။ အိပ်တန်းပျံငှက်တချို့ပင် မိမိသိုက်ခြုံရှိရာသို့ ဦးတည်ပျံသန်းနေခဲ့ကြ၏။

သူနှင့်အန်တီကြီး စကားပြောခြင်းကို အဆုံးသတ်လိုက်ပြီးနောက် ငှားရမ်းထားသော ရိုးရိုးအခန်းသို့ဝင်ကာ ကျောဆန့်နေလိုက်၏။ မနက်ဆိုလျှင် ဟသာတမြို့သို့ရောက်ပြီ။ ထိုမှတဆင့်(၁၂)မိုင်ခရီးအား ခြေလျင်ခရီးဆန့်ရဦးမည်။ ထိုမှသာ အင်ပိုရွာသို့ရောက်မည်။ အင်ပိုရွာသို့ရောက်လျှင် မည်သို့ထူးဆန်းဖွယ်အရာများနှင့် ကြုံတွေ့ရပါဦးမည်လဲ။ သူဤခရီးသို့လာရန် ဆုံးဖြတ်ခဲ့ခြင်းသည် အချည်းအနှီးတော့မဖြစ်နိုင်ကောင်းဟု



www.burmeseclassic.com

www.burmeseclassic.com



သေချာပေါက်ယုံကြည်လိုက်၏။

ဟိုတွေးသည်တွေးနှင့် မကြာမီတွင် သူမျက်လုံးများ လေးလံကာ အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားပါတော့၏။



## သဲလွန်စတို့၏မြစ်များ

ဟသ်ာတမြို့သို့ သဘော်ာဆိုက်ကပ်ပြီးနောက် အင်္ဂပူရွာသို့ ခရီး မဆက်ခင် နံနက်စာစားသုံးရန်အတွက် မြို့ထဲဘက်သို့ လျှောက်လာခဲ့ သည်။

မြို့လယ်တွင် ဒေသခံလူများနှင့် ခရီးသွားတို့ရှုပ်ထွေးလွန်းလှ ၏။

သူ၏ပင်ကိုယ်သဘာဝစရိုက်ကပင် ရှုပ်ရှုပ်ထွေးထွေးများကို မနှစ်သက်သောကြောင့် စိတ်ရှည်ရှည်နှင့် ဆက်လျှောက်လာခဲ့၏။

အတော်လေးသွားမိသောအခါ ...

“စိန်ယွန်းနှင့်သားများ မြန်မာထမင်းဆိုင်”

ဟုရေးထားတာတွေ့သည်။

“စိန်ယွန်း” ဟူသောနာမည်ကို သူတစ်နေရာရာတွင် ရင်းနှီးဖူး ပါသည်ဟုထင်ကာ အပြန်ပြန်အလှန်လှန်စဉ်းစားနေ၏။

ဘယ်မှာပါလဲ။

ဘယ်နေရာမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် အသိတစ်ခုလင်းလက်သွား၏။

''ဟုတ်ပြီ ... ဦးရွှေအောင်ရဲ့ပေးစာထဲမှာ''

ထိုစာပိုဒ်ကိုလည်း ချက်ချင်းအမှတ်ရလိုက်၏။

''မကြာခင်ကာလတုန်းက အဖိုးမဖြတ်နိုင်တဲ့ ကံနတ်သမီးရုပ်တုကို တွေ့ခဲ့ကြတယ်၊ ပိုင်ရှင်က ကျုပ်ရဲ့အရင်းနှီးဆုံးမိတ်ဆွေ ဦးစိန်ယွန်းဆိုတဲ့လူ၊ ဘယ်လိုကနေ ဘယ်လိုရလာသလဲဆိုတာတော့ ကျုပ်လည်းမသိဘူး၊ ဒီလူက နိုင်ငံမျိုးစုံလှည့်ပြီး အဖိုးတန်ရုပ်တုတွေကို ဝယ်လိုက်ရောင်းလိုက်လုပ်နေတဲ့ ကုန်သည်တစ်ယောက်လေ ... ''

သည်နိုင်ငံတွင် စိန်ယွန်းဆိုသောနာမည်တယ်လောက်များများရှိပါမည်နည်း။

ရှိချင်သလောက်ရှိ၊ များချင်သလောက်များ။

သူထမင်းဆိုင်အတွင်းသို့ ဝင်လိုက်၏။ ထမင်းဆိုင်ဟုသာဆိုသည် စားသုံးသူတစ်ယောက်မျှမရှိ၊ စားပွဲတွေ ခုံတွေတော့ချထားသည်။ ကြိုဆိုမည့်သူမရှိ။

နံရံတွေကို ကြည့်လိုက်တော့ ... ။

''အို ... ထူးဆန်းလိုက်တာ''

သူထခုန်မိမတတ် ဝမ်းသာသွားသည်။ နံရံရှိမှန်ပြည့်တပ်ထားသော ဗီရိုကြီးတစ်ခုလုံးတွင် ရှေးဟောင်းပစ္စည်းမျိုးစုံကို အစီအရီခင်းကျင်းထားသောကြောင့်ဖြစ်၏။

''အတော်ကို နီးစပ်နေပေပြီ''

သူကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ ထို့နောက် ဗီရိုကြီးများ၏အထဲတွင်ရှိသော ပစ္စည်းများကို တအံ့တသြငေးကြည့်နေမိသည်။ အတန်ကြာသည်အထိ မည်သူမျှထွက်မလာ။ ထို့အတွက် သူအနေရခက်သွားသည်။





နောက်မှ ဖိနပ်ရပ်တိုက်စီးလာသံပေါ်လာသောကြောင့် ...

''ဘာများအလိုရှိပါသလဲခင်ဗျာ''

''ထမင်းစားချင်လို့ပါ''

''ထမင်းကုန်နေပါတယ်၊ လက်ဖက်ရည်နဲ့မုန့်ဆိုရင်တော့ ရနိုင်ပါတယ်''

အနည်းငယ်ခွကျသောစကားပင်။ ထမင်းဆိုင်က စောစောစီးစီးပင်ရှိသေးသည်။

ထမင်းကုန်နေသည်ဆိုသော စကားကအနည်းငယ်တော့ ကသိကအောက်ဖြစ်စရာပင်။

''အင်းလေ ... ဒါဆိုလည်းဖြစ်ပါတယ်''

ထိုလူကြီး အခန်းအတွင်းသို့ဝင်သွားသည်။ သူကမတ်တတ်ထရပ်ကာ မှန်ဗီရိုကြီးများထံ လိုက်လံကြည့်ရှုနေလိုက်၏။ ပစ္စည်းများအနက် မဟူရာ မိမိရုပ်အလောင်းအယေ်စားရုပ်တုလေးကို စိတ်ဝင်စားသွားသည်။ ဘယ်လောက်ကြာအောင် ကြည့်ရှုနေမိသည်မသိ။

''လက်ဖက်ရည်နဲ့မုန့်ရပါပြီ''

''ဒါထက် ... ဒီပစ္စည်းတွေက အလှပြထားတာလား၊ ရောင်းတာလား''

ထိုလူကြီးက တစ်ချက်စဉ်းစားဟန်ပြုလိုက်ပြီး ...

''လိုချင်တယ်ဆိုရင်လည်း ရောင်းပါတယ်''

''ဒါဆို ... ''

''ဟော့ဒီ မဟူရာရုပ်တုလေးကို ကြည့်ချင်ပါတယ်''

''အား ကြည့်ပါရပါတယ်၊ ရပါတယ်၊ ကျုပ်မှာရှိတဲ့ပစ္စည်းတွေထဲမှာ ဒီရုပ်တုဟာ အကောင်းဆုံးစာရင်းဝင်ပါ၊ ရှေးခေတ်အီဂျစ်မှူးမတ်တွေရဲ့ ဂူသချိုင်းကရထားတာပါ''



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက ဗီရိုထဲမှရုပ်တုလေးကို အသာအယာမထုတ်ယူလိုက်သည်။

"သတိနဲ့ကိုင်နော်၊ ဌါတူ ဒီရုပ်တုလေးက သိပ်နုးညံ့တယ်"

လက်ဖြင့်မသိမသာ အကြိမ်ကြိမ်ပွတ်သပ်ကြည့်နေမိ၏။ စိတ်ထဲမှလည်း "ဒါအစစ်ပဲ" ဟု တွေးလိုက်၏။

"ဒီရုပ်တုကို တန်ဖိုးဘယ်လောက်သက်မှတ်ထားလဲ"

"မြန်မာငွေနဲ့မရောင်းပါဘူး၊ အမေရိကန်ဒေါ်လာငါးဆယ်ပါ"

သူက အသေအချာဆုံးဖြတ်လိုက်ဟန်နှင့် ...

"ဒေါ်လာလေးဆယ်ထားလိုက်ဗျာ"

"နည်းနည်းတိုးပေးပါ"

"လေးဆယ့်နှစ်ဒေါ်လာပေးမယ်"

ထိုလူကြီးအင်တင်တင်နှင့်လုပ်နေရာမှ

"ခင်ဗျားက ကြိုက်နေတဲ့သူဆိုတော့ယူပါဗျာ ယူပါ"

တင်မောင်ဇော်၏အတွေးထဲတွင် အရောင်းအဝယ်ဖြစ်ခြင်းထက် သူ့အား တကယ့်ရှေးဟောင်းပစ္စည်းရောင်းဝယ်သူတစ်ယောက်အဖြစ် အထင်ရောက်စေရန် ဟန်ဆောင်မည်ဟု စိတ်ကူးကာ ...

"ကျွန်တော်က တစ်ဦးချင်းပစ္စည်းစုဆောင်းသမားမဟုတ်ပါဘူး၊ ကျွန်တော်တို့ရဲ့အဖွဲ့ကကြီးကြပ်ပါ၊ ကျွန်တော်က အဖွဲ့ရဲ့ရှေ့ပြေးကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အရင်လာခဲ့တာပါ၊ ကျွန်တော်တို့အဖွဲ့အနေနဲ့ကတော့ အထူးရှားပါးအဖိုးတန်တဲ့ရုပ်တုကြီးမျိုးတွေကို စိတ်ဝင်စားပါတယ်"

တင်မောင်ဇော်က ခပ်တည်တည်ဖြင့် လိမ့်လိုက်သည်။

"ခင်ဗျား စိတ်ဝင်စားနိုင်မည့်ပစ္စည်းမျိုး နည်းနည်းပါးပါးတော့ ကျုပ်ဆီမှာရှိကောင်းရှိနိုင်ပါလိမ့်မယ်၊ သေချာအောင်တော့ ပြန်ကြည့်ရဦးမယ်၊ သင့်တော်မယ့်နေရာတစ်ခုခုမှာ လိုက်ကြည့်နိုင်မယ်ဆိုရင်တော့ ဖြစ်နိုင်ပါလိမ့်မယ်၊ ကဲဗျာ လက်ဖက်ရည်သုံးဆောင်လိုက်ပါဦး၊ ကျုပ်ကပဲ ဧည့်ဝတ်ပြုတယ် သဘောထားလိုက်ပါ"





သူတို့စားပွဲခုံတွင် အတူတူထိုင်ဖြစ်ကြသည်။ သူက လက်ဖက်ရည်တစ်ငုံကိုသောက်လိုက်ပြီး ...

"ကျွန်တော့်နာမည် တင်မောင်ဇော်ပါ၊ ရန်ကုန်မှာနေပါတယ်"

"ဦးလေးနာမည်က ဦးစိန်ယွန်းလို့ခေါ်ပါတယ်"

"ခင်ဗျာ"

ရှေ့ကတည့်တည့်မှ ထိုင်နေသူမှာဦးစိန်ယွန်းဟု ဆိုသောကြောင့် သေသေချာချာကြည့်ဖြစ်သည်။ အသားဖြူဖြူပိန်ပိန်သွယ်သွယ်နှင့် ခါးကိုင်းကိုင်းဖြစ်သည်။

ဆံပင်တချို့ပင် ကျို့တို့ကျဲတဲဖြူနေပေပြီ။

"ဦးလေးကို မေးပါရစေ"

"မေးပါ မေးပါ"

"တောင်ကြီးမှာ ရှေးဟောင်းပစ္စည်းဆိုင်ဖွင့်ထားတဲ့ ဦးရွှေအောင်ဆိုတဲ့လူကိုသိပါသလား"

ဦးစိန်ယွန်း ချက်ချင်းမျက်နှာပျက်သွားသည်။ သို့သော် တင်မောင်ဇော်မရိပ်မိစေရန် ပျက်သွားသောမျက်နှာအားပြန်လည်ပြုပြင်လျက် ...

"မသိပါဘူး၊ မသိပါဘူး၊ ဦးအသိမိတ်ဆွေတွေထဲ ဒီလိုနာမည်မျိုးမရှိပါဘူး၊ ဦးဟာနယ်တကာစုံအောင်တောင်ရောက်ဖူးပေမယ့် တောင်ကြီးကိုတော့ ခုထိတစ်ခေါက်မှမရောက်ဖူးပါဘူး၊ မောင်ရင် ဘာဖြစ်လို့မေးတာပါလဲ"

"တခြားမဟုတ်ပါဘူး၊ အရောင်းအဝယ်သမားချင်းဆိုတော့ သိများသိမိမလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"နိုး ... နိုး ... မသိပါဘူး ... "

"လုံးဝမသိပါဘူး"

ပြင်းပြင်းထန်ထန်ငြင်းဆန်နေသောကြောင့် သံသယဝင်လာကာ နောက်တစ်ဆင့် တိုက်ကွက်ဝင်ရန် အစပျိုးလိုက်၏။

"ကျွန်တော် သိပ်လိုချင်နေတဲ့ပစ္စည်းတစ်ခုရှိပါတယ်၊ ကြည့်ခွင့်ရမယ်ဆိုရင် ချက်ချင်းအရောင်းအဝယ်ဖြစ်နိုင်ပါတယ်"

"ဘာပစ္စည်းများပါလိမ့်"

"ကံနတ်သမီးရုပ်တုပါ၊ ဒီရုပ်တုကိုလွှန့်ခဲ့သောနှစ်ပေါင်း(၆၀)ကျော်က ဘုရင်လေးထွင့်အုံအမွန်ဂူကိုဖွင့်တော့ ကျိုးပဲ့နေတာတွေ့တယ်လို့ သိရပါတယ်၊ သမိုင်းအထောက်ထားတွေအရ ဆင်တူ၂ခုရှိတယ်လို့ ဆိုထားပါတယ်၊ ကျိုးပဲ့နေတဲ့ရုပ်တုကိုပြန်ဆက်ပြီး လန်ဒန်ပြတိုက်မှာ ပြထားတယ်လို့သိရပါတယ်၊ ကျွန်တော့်ဖောက်သည်တွေပေးတဲ့သတင်းစကားအရဆိုရင် ရုပ်ထုအလောင်းဟာ ဒီဝန်းကျင်မှာပဲရှိသေးတယ်လို့ ဆိုပါတယ်"

ဦးစိန်ယွန်း ဒုတိယအကြိမ် လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားကာ

"ကျုပ်ဆီမှာတော့ အဲဒီလိုရုပ်တုမျိုး လုံးဝမရှိဘူးဗျ"

"ဘာပဲဖြစ်ဖြစ် ဦးစိန်ယွန်းအနေနဲ့ ဒီရုပ်တုနဲ့ပတ်သက်တဲ့သတင်းအခြေအနေလေးများရရင် ကျွန်တော့်ကို အသိပေးစေချင်ပါတယ်၊ ဒါကျွန်တော့်ရဲ့ ရန်ကုန်လိပ်စာပါ၊ ခုတော့ ကျွန်တော်အင်ပိုရှာကို ကိစ္စလေးရှိလို့ ခရီးဆက်ရပါဦးမယ်"

ဦးစိန်ယွန်းက သူရေးထားသောလိပ်စာကတ်ပြားကို ယူကြည့်ကာ မျက်မှောင်ကျုံ့လိုက်သည်။

ဘာမျှတော့ပြန်မပြော။

"ကိုင်း ကျွန်တော့်ကိုခွင့်ပြုပါဦး"

သူက လေးလေးဖားဖားပင်နှုတ်ဆက်ကာ ဆိုင်အတွင်းမှထွက်





လာခဲ့သည်။ တင်မောင်ဇော်ဆိုင်အတွင်းမှ ထွက်လျှင်ထွက်ချင်း ဦးစိန်ယွန်းမှာ တံခါးကိုဆောင့်လျှက်ပိတ်ပစ်လိုက်ပါတော့၏။

"ဝုန်း"

♏ ◆ ♏



www.burmeseclassic.com

www.burmeseclassic.com

## မြေခွေးလိုလူစားမျိုး

"ဟော့ ခင်ဇော် ဒီကိုမြန်မြန်လာစမ်း"

ဦးစိန်ယွန်းက အတွင်းခန်းမှ သူ့သားဖြစ်သူကို ခပ်ကျယ်ကျယ် ခေါ်လိုက်သည်။ ခင်ဇော်က မှုံကုပ်ကုပ်မျက်နှာနှင့်ထွက်လာသည်။

"ဒီကောင်ဟာ မစ္စတာအာမက် သတိပေးထားတဲ့ကောင်ပဲ၊ မင်း ချက်ချင်း တခြားသူတွေဆီ သတင်းသွားပို့ထား၊ ငါမစ္စတာအာမက်ဆီ သွားမယ်"

"အဖေ ဘယ်လောက်ထိ မစ္စတာအာမက်ရဲ့လက်စေခံလုပ်နေဦးမှာလဲ၊ ခုကိစ္စမှာ နိုင်ငံခြားသားဆီက ပိုက်ဆံကို အလကားလိုချင်တာ နဲ့အဖေ့ကိုအသုံးချပြီး အဖေ့မိတ်ဆွေဦးရွှေအောင်ဆီ ဆက်သွယ်နိုင်းခဲ့တာ၊ နောက်အလွဲလွဲအချော်ချော်တွေဖြစ်ပြီး ဦးရွှေအောင်အသတ်ခံလိုက်ရတာ သာ အဖတ်တင်တယ်၊ အဖေ့အတွက် ဘာအကျိုးရှိခဲ့လို့လဲ၊ ဒီအာမက် ဆိုတဲ့ကုလားဟာ လူအင်အားနဲ့အနိုင်လိုချင်နေတဲ့ကောင်"

"ဟော့ ဟော့ ခုချိန်မှာ ဒါတွေပြောဖို့မလိုဘူးလေ သူဟာငါတို့ ဘဝကိုရှုန်းထွက်နိုင်လောက်အောင် ချုပ်ကိုင်ပြီးသား၊ လုပ်တာနဲ့မင်းရော





ငါရော သေလမ်းတစ်ခုတည်းပဲရှိတယ်၊ မင်းဆန္ဒတွေက ကိုယ့်သေတွင်း ကိုယ်တူးနေတာနဲ့ အတူတူပဲ"

"ဒီလူနဲ့ အဖေဆက်သွယ်လုပ်ကိုင်တာကိုက အမှား"

"ဟုတ်တယ်၊ ငါလည်းငါ့အမှားကိုငါသိတယ်၊ လောဘသိပ်ကြီး ခဲ့တာကိုးကွ၊ ဒီလူနဲ့ပေါင်းရင် ဒီထက်ချမ်းသာလိမ့်မယ်လို့ တွေးခဲ့တာကိုး ကွ၊ ခုတော့ ရှင်ကြီးကျွားထက်ဆိုးတာတွေ့နေရပြီ၊ ဒီမယ်ငါ့သား ခုချိန်မှာ အပိုတွေပြောမနေနဲ့တော့ကွာ၊ အဖေခိုင်းထားတာသာ လျှောလျှောလျူလျူ လုပ်လိုက်ပါ၊ အဖေ့ကိုသနားပါဦးကွာ"

ခင်ဇော် ဆက်မပြောချင်တော့။ ထိုကိစ္စအတွက်နှင့် သူ့အမြင် လေးနေရသည်မဟုတ်ပါလော။ ထို့ကြောင့် မျက်နှာမသာမယာနှင့် ထွက် သွားလေသည်။

ဦးစိန်ယွန်း လမ်းကျဉ်းအတိုင်း ခပ်သွက်သွက်လျှောက်လာသည်။ တံခါးပိတ်ထားသောအိမ်တစ်အိမ်ရှေ့အရောက် ရပ်လိုက်သည်၊ ထို့နောက် မဝံ့မရဲဟန်ဖြင့် ...

"ဒုန်း ... ဒုန်း ... "

"ဒုန်း ဒုန်း ... "

"ဒုန်း"

တံခါးကို(၅)ချက် တိတိဖြင့်ခေါက်လိုက်၏။

သိပ်မကြာ၊ ချောင်းကြည့်ပေါက်လေးပွင့်လာသည်။ ထိုအပေါက် မှမျက်လုံးတစ်ဖက်ကိုရိပ်ခနဲမြင်လိုက်ရပြီး အတွင်းမှမင်းတုံးဖြုတ်သံကြား ကာ တံခါးပွင့်လာသည်။

သူအတွင်းသို့ခပ်သွက်သွက်လှမ်းဝင်ပြီးသည်နှင့် တံခါးပြန်ပိတ် သွား၏။ အတွင်းပိုင်းသည် အလင်းရောင်ခပ်နည်းနည်းသာရှိသည်။ အာရှ လူမျိုးအာမက်သည် ထောင်ထောင်မောင်းမောင်း အိန္ဒိယနွယ်ဖွားပုံစံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆင်ဆင်တူကာ အမွေးအမျှင်တွေက ထူထဲလှ၏။

"ဒီအိမ်ကို ခင်ဗျားဘယ်တော့မှမလာပါနဲ့လို့ ကျုပ်ပြောထားတယ် မဟုတ်လား။ ဒီအိမ်ကိုလာတာ ခင်ဗျားအတွက်ရော ကျုပ်အတွက်ပါ အန္တရာယ်များတယ်ဆိုတာ ခင်ဗျားနားမလည်ဘူး"

"ကျုပ်နားလည်ပါတယ် မစ္စတာအာမက်၊ ဒီကိုလာရတာ အရေးကြီးတဲ့သတင်းလာပေးတာပါ"

"ဘာသတင်းလဲ"

နဂိုကတည်းက ပြူးနေသော အာမက်၏မျက်လုံးတို့မှာ ပို၍ကျယ်သွား၏။

"ကျုပ်တို့ဆိုင်ကို ဒီနေ့တင်မောင်ဇော်ဆိုတဲ့ အမျိုးသားရောက်လာတယ်၊ ရှေးဟောင်းပစ္စည်းတွေ လိုက်ဝယ်စုတဲ့အဖွဲ့အစည်းတစ်ခုကို ကိုယ်စားပြုတယ်လို့လည်းပြောတယ်"

"အဲဒီကောင်က ဘာပစ္စည်းအဓိကထားပြီးမေးလဲ"

"ကံနတ်သမီးရုပ်တုဆိုရင် ချက်ချင်းဝယ်ချင်သတဲ့"

"သူတစ်ယောက်တည်းလား"

"ဟုတ်ပါတယ်"

"ကံနတ်သမီးရုပ်တုလို့ သေသေချာချာမေးသလား"

"သေသေချာချာကိုမေးတာပါ၊ နောက်ပြီးရှိသေးတယ်၊ တောင်ကြီးက ဦးရွှေအောင်ကိုလည်း သိသလားတဲ့"

"ဒီတော့ ခင်ဗျားက"

"မသိပါဘူးလို့ ပြောင်ငြင်းရတော့တာပေါ့"

"အင်း ဒီအတိုင်းဆိုရင် ရွေးစရာလမ်းတောင် သိပ်မရှိတော့ဘူး။ ဒီတော့ ဒီလိုလုပ်ဗျာ၊ ဒီကောင့်ကိုပြန်ဆက်သွယ်၊ ကံနတ်သမီးရုပ်တုကို ကြည့်နိုင်မယ်ဆိုတဲ့အကြောင်း၊ ဘုရားကျောင်းပျက်ကြီးဆီကို တစ်ရက်





ရက်ချိန်းလိုက်၊ ဒါပေမဲ့ ခြွင်းချက်တော့ထားရမယ်၊ သူတစ်ဦးတည်းလာရမယ်၊ လူပိုပါလာရင် ရုပ်တုကို လုံးလုံးကြည့်ခွင့်မပေးနိုင်ဘူးလို့"

"သူ့ကို တကယ်ပြမှာလား"

"ခင်ဗျား အရမ်းအတာပဲ၊ ခုချိန်မှာ ဒီကောင့်ကိုမြန်မြန်စာရင်းရှင်းပစ်နိုင်တယ်လေ ကျုပ်တို့အတွက် ကောင်းလေပဲ"

"အခု သူ ဒီမှာမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com

## အဘွားငွေ၏သံသရာဆုတောင်း

တင်မောင်ဇော် ခပ်လှမ်းလှမ်းမှနေ၍ အင်္ကျီအင်းကြီးကို အား တရလှမ်းကြည့်လိုက်သည်။ ဟုတ်သည်။ သဘော်ပေါ်မှ အန်တီကြီးပြော လိုက်သည့်အတိုင်း ရှည်မျောမျောနှင့်အတော်ကျယ်ဝန်းလှပါ၏။ နောက်

အင်းဟိုဘက်လမ်းနှင့် သည်ဘက်လမ်းကို လက်ယှက်ထိုး ဘောတံတားဖြင့် ဆက်သွယ်ထားတာတွေ့၏။ အရှေ့ဘက်ဇရပ်ကိုလည်း တွေ့သည်။ လူတချို့ကထိုဘောတံတားကိုကူးနေတာ လှမ်းမြင်နေရ တစ်ဖက်တစ်ချက်တွင် ရွာတွေရှိနေသည် မဟုတ်ပါလား။

သူအရှေ့ဘက်ဇရပ်ဆီသို့ တဖြည်းဖြည်းလျှောက်လာခဲ့သည် ကျောပိုးအိတ်နှင့်ဦးထုပ်ဆောင်းထားသော သူ့လိုမျက်နှာစိမ်းကို တချို့ အကဲခတ်ကြည့်သွားကြသည်။ ထိုအရပ်က လူစိမ်းဆိုလျှင် အလွယ်တ သိနိုင်သည်လေ။ သူဇရပ်ဆီသို့လှမ်းကြည့်တော့ —

"အဘွားငွေများဖြစ်နေမလား"

အသက်အတော်ကြီးနေသော အဘွားအိုကြီး။ လူမျိုးခြားဖြစ် ရကြောင်း မျက်နှာကြည့်တာနှင့်တန်းသိလိုက်ပါ၏။





"ဟုတ်ပါတယ်၊ အဘွားငွေမှ အဘွားငွေအစစ်ပါပဲ"

သူဇရပ်အတွင်းသို့အသာဝင်ထိုင်ကာ အဘွားငွေကို အကဲခတ် လိုက်သည်။ သူမက တစ်ဖက်ဝါးတန်းတွင်ထိုင်လျှက် အဝေးတစ်နေရာ ကိုကြည့်ကာ ပါးစပ်မှလှုပ်ပွလှုပ်ပွလုပ်နေ၏။ ဘာတွေပြောနေမှန်းတော့ မသိ။ မြန်မာအဝတ်အစားခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားသည်။

တစ်ကြိမ်တွင် သူနှင့်အဘွားမျက်လုံးချင်း ဆုံသွားသည်။ အဘွား က သူ့ကို ရဲရဲပြတ်ပြတ်ကြည့်သည်။ ရူးရူးနှစ်နှစ်ကြည့်သည်။

"မင်းအီဂျစ်ကလာတာ မဟုတ်လား"

သူက တစ်ချက်ပြုံးလျက် အဘွားနားသို့တိုးကပ်လာသည်။

"အဘွားက ဒေါ်မယ်ငွေ ဟုတ်ပါတယ်နော်"

"ငါ့ဟာငါဘယ်လိုငွေပဲဖြစ်ဖြစ် မင်းအပူမပါဘူး၊ ငါမေးနေတာ ဖြေစမ်း။ မင်းအီဂျစ်က မင်းသားလေးရဲ့ ဆွေတော်မျိုးတော်တွေရဲ့အထဲက တစ်ယောက်ယောက် မဟုတ်လား"

"ဘာဖြစ်လို့မေးနေတာလဲ အဘွားရဲ့ ဘယ်ကဖြစ်ဖြစ်ပေါ့"

"တော်တော့်ကိုသိချင်နေလို့ပါ ဖြေစမ်းပါ ဖြေစမ်းပါ"

မြန်မာစကားကိုတော့ ပီပီသသကြီးပြောတတ်နေပါပြီ။ ခက်သည် က အဘွားမေးခွန်းကို သူဘယ်လိုပြန်ဖြေရမှန်းမသိ။ အမှန်အတိုင်းပြော ရမလား။ ချော်လဲရောထိုင်လုပ်လိုက်ရမလား။ တော်တော်နှင့်မဝေခွဲတတ်။ နောက်ဆုံးအဘွား ဘာပြန်ပြောမလဲဆိုသော သိလိုစိတ်ဖြင့် ...

"ဟုတ်တယ်ဆိုရင်ကော အဘွားရယ်"

"ဒါဆို မင်းဟာ ကံနုတ်သမီးရဲ့ အနွယ်တော်တွေပေါ့"

သူ ခေါင်းညိတ်ပြလိုက်၏။

ထိုစဉ် တစ်ပြိုင်နက်တည်း အဘွားက ဝါးတန်းလျားလေးပေါ် က ခပ်သွက်သွက်ထကာ မြေကြီးပေါ် မတ်တတ်ရပ်လိုက်လေ၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက်ဆိုသလို မြေကြီးပေါ် ဒူးထောက်ထိုင်ချကာ လက်နှစ်ဖက်ကို ဆုပ်ကိုင်လျှက် အရိုအသေပြုလိုက်၏။ ထို့နောက် ...

"အရှင် ကျွန်တော်မျိုး၏ မိုက်မဲမှုများကိုခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုးမသည် ဘယ်သောအခါမှ ခွင့်မလွှတ်နိုင်သော သစ္စာဖောက်မှုကြီးကို ကျူးလွန်ခဲ့ပါသည်၊ အဆိုဝါးဆုံးမှာ ဘုရင်လေးထွဋ်အုံအမွှန် သချိုင်းတော်ဂူအတွင်းမှရရှိခဲ့သော နန်းစဉ်ရတနာပစ္စည်းများကို ကိုယ်ကျိုးအတွက် သုံးစွဲခဲ့ပါသည်၊ ထို့ကြောင့်လည်း ချစ်ခင်မြတ်နိုးရသော လင်သားနှင့်အတူတကွ မပေါင်းခဲ့ရသလို သားသမီးရတနာလည်းမထွန်းကားခဲ့ပါ၊ ယခုလည်း ဆင်းဆင်းရဲရဲနေနေရပါသည်။ ထို့ကြောင့် ဝဋ်ကြွေးရှိလျှင် သည်ဘဝသည်တစ်ခါနှင့်သာ ဖြစ်ပါစေလို့ အရှင့်ရှေ့မှာ တိုင်တည်ပါရစေ ..."

သူက ပျာပျာသလဲပင် အဘွားကို ပခုံးနှစ်ဖက်ကိုကိုင်လျှက် ဆွဲထူသည်။

"အဘွား ဒီလိုမလုပ်ပါနဲ့ အေးအေးဆေးဆေးစကားပြောလည်း ရပါတယ်၊ ဝါးတန်းပေါ်ပြန်ထိုင်ပါနော်"

"အို မြင့်မြတ်တဲ့သူတွေနဲ့ ကျွန်တော်မျိုးမ အတူတူမထိုင်ဝံ့ပါဘူး။ ကျွန်တော်မျိုးမကို ခွင့်လွှတ်တယ်မဟုတ်လား"

"ခွင့်လွှတ်ပါတယ်"

"ကျွန်တော်က ခွင့်လွှတ်နေမှတော့ အဘွားလည်းကိုယ့်နေရာကိုယ်ပြန်ထိုင်တော့ပေါ့၊ ဟုတ်ပြီလား"

အဘွားကို နေရာတကျပြန်ထိုင်စေလိုက်၏။

အဘွားကိုမသိမသာ အကဲခတ်တော့ ဆိုးဆိုးဝါးဝါးစိတ်ဖောက်ပြန်ခြင်းမျိုးမဟုတ်သေးပါ။ ထို့ကြောင့် အလိမ္မာသုံးကာ မိမိသိလိုသော အကြောင်းအရာများကို မေးကြည့်နေချင်မိ၏။





"အဘွားလက်ထဲကို ရတနာတွေ ဘယ်လိုရောက်လာတာလဲ"

"အရှင်က ကျွန်တော်မျိုးမကို ကျိန်စာထပ်တိုက်ဦးမလို့လား"

"မဟုတ်တာ အဘွားရယ် ကျွန်တော်က ဘယ်လိုကျိန်စာတိုက်မှာလဲ၊ အဘွားရဲ့အခက်အခဲတွေကို ကူညီနိုင်မယ်ဆိုရင် ကူညီချင်တဲ့သူပါ၊ ဒါ ကျွန်တော့်စိတ်ထဲက တကယ်ပြောနေတာ၊ ပြောပါ ရတနာတွေ ဘယ်လိုရလာခဲ့သလဲဆိုတာ"

"ကျွန်တော်မျိုးမရဲ့အစ်ကိုဟာ ဂူဖောက်တဲ့လူတွေထဲမှာ တစ်ယောက်အပါအဝင်လေ"

"သူ ရတနာပစ္စည်းတွေ တော်တော်များများရခဲ့လား"

"များတယ် များဆို အထုပ်ကြီးတစ်ထုပ်ပါပဲ၊ ဒီအထဲက ကံနတ်သမီးရုပ်တုကိုတော့ သဲကန္တာရထဲကရခဲ့တာလို့ ပြောတယ်၊ ဂူထဲက မဟုတ်ဘူး"

"ပထမအကြိမ်ဖောက်သွားခဲ့တဲ့လူတွေရဲ့ ကျန်ခဲ့တဲ့ပစ္စည်း မြှုပ်ထားခဲ့တဲ့ပစ္စည်းလို့ဆိုလိုတာလား"

"ဟုတ်မှာပေါ့ကွယ်၊ အဘွားလည်းသေချာမသိပါဘူး"

"အဘွားအစ်ကိုရော"

"အဲဒီအချိန်ကတည်းကပဲ အသေဆိုးနဲ့သေခဲ့ရတယ်၊ အိပ်နေရင်းအဆိပ်ပြင်းတဲ့ မြွေတစ်ကောင်ပေါက်သွားတာ၊ ခဏပဲ အဆိပ်ချက်ချင်းတက်ပြီး ဆုံးသွားတာ"

"ဒီတော့ အဘွားက သူ့ပစ္စည်းတွေယူပြီး ထွက်လာခဲ့တာပေါ့"

"အများကြီးမဟုတ်ပါဘူး၊ နည်းနည်းလေးပဲယူခဲ့တာပါ၊ ကျိန်စာသင့်မှာလည်း ကြောက်တယ်လေ"

"အဘွားယူတဲ့အထဲမှာ ကံနတ်သမီးရုပ်တုလည်းပါလား"

ထိုစကားက အဘွားငွေအတွက် တော်တော်အရေးကြီးသည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပါသည်။ အမူအရာပြောင်းသွားသည်။ မျက်လုံးအကြည့်တွေပြောင်းသွားသည်။

"မင်း တော်တော်လျှာရှည်တဲ့ကောင်ပဲ"

"အဘွားရယ် ကျွန်တော်ကသိချင်လို့ မေးကြည့်ရုံသက်သက်ပါ လိုချင်လို့မဟုတ်ပါဘူး"

"မမေးနဲ့"

အဘွားက ခပ်ဆတ်ဆတ်၊ ခပ်ကျယ်ကျယ်လှမ်းအော်သည်။ စောစောကရှိသေလေးစားမှုတွေလည်း ခုတော့ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်လေပြီ။

"အမေ ဒီရောက်တော့ မြေကြီးထဲမှာ မြှုပ်ထားခဲ့သေးတယ် မဟုတ်လား"

"မင်းကို ဘယ်သူပြောလဲ"

"ဒီလိုပဲ ကြားတာပေါ့၊ နောက်တော့ ဘယ်သူ့ကိုပေးလိုက်လဲ"

"မဆိုင်တာတွေမပြောနဲ့၊ ငါမကြားချင်ဘူး။ ဒီရုပ်တုဟာ ငါ့ကို ဆိုးကျိုးတွေအများကြီးပေးခဲ့တာ၊ မုန်းတယ်၊ ဆက်မပြောနဲ့တော့"

"ဟုတ်ပါပြီ အဘွားရယ် ဆက်မပြောတော့ပါဘူး၊ ဒါပေမဲ့ ဘယ်သူ့ကိုပေးလိုက်သလဲဆိုတာပဲ ကျွန်တော်သိချင်တာပါ"

သူက အဘွားကိုနှစ်သိမ့်သည့်သဘောနှင့် အဘွား၏လက်ကလေးနှစ်ဖက်ကို ဖွဖွလေးဆုပ်ကိုင်လိုက်၏။

"မကိုင်နဲ့"

အဘွားက ခပ်ကြမ်းကြမ်းဖယ်ထုတ်လိုက်၏။

မုမုန်စိတ်တွေ အဘွားခန္ဓာကိုယ်တွင် မရှိတော့။ ကြောင်တောင်တောင်မျက်ဝန်းတွေက အထိတ်တလန့်ပုံစံမျိုးဖြစ်လာသည်။ အဘွားက ထိုင်ရာမှထလိုက်သည်။





"မသွားပါနဲ့ဦး အဘွားရယ်၊ ကျွန်တော်နဲ့ စကားပြောပါဦး"

"ပထမတော့ ငါက မင်းကိုကယ်တင်ရှင်လို့အောက်မေ့နေတာ၊ ခုတော့ မင်းဟာ ငါ့ကိုဒုက္ခလှလှကြီးပေးမယ့် နတ်ဆိုးနတ်ယုတ်မာ ငါမှားခဲ့တာတွေကို အကွက်ကျကျမေးပြီး ပြစ်ဒဏ်တွေကိုပိုကျအောင်လုပ်မယ့်ကောင် မဖြစ်ဘူး၊ ဒီနေရာမှာမင်းနဲ့ကြာကြာနေလို့မဖြစ်တော့ဘူး"

အဘွားဇရပ်အတွင်းမှ ထွက်သည်။

"အဘွား မသွားပါနဲ့ဦး"

"ဒင်း ငါ့နောက်ကို ဆက်မလိုက်လာနဲ့နော်၊ ပြောမရရင် ဝါးရင်းတုတ်နဲ့ ရိုက်သတ်မှာ"

ဆောင့်ဆောင့်အောင့်အောင့်လုပ်လျက် ထွက်သွားလေသည်။ သူမှာသာ ငေးမောလျက်ကျန်ရစ်ခဲ့၏။

"ကဲ ခုတော့ ဘာတတ်နိုင်သေးလဲ စုံထောက်ကြီး"

အနောက်ဘက်မှအသံကြောင့် သူချာခနဲလှည့်ကြည့်လိုက်ရာ သင်္ဘောပေါ်တွင်တွေ့ခဲ့သော အန်တီကြီး၊ ပြုံးပြုံးလေးလုပ်ကာ ကြည့်နေသည်။

"ဟင် အန်တီကြီး ဘယ်ကဘယ်လို"

"ဟိုဘက်ရွာကို ကိစ္စလေးရှိလို့သွားတာ၊ ပြန်လာတော့ အဘွားငွေနဲ့စကားပြောနေတာ မင်းနဲ့တူပါတယ်လို့ထင်ပြီး လျှောက်လာတာ"

"အန်တီက ဒီအဂ်ပိုရွာကလား"

"ဇာတိချက်မြှုပ်ပေါ့ကွယ်၊ ခုတော့ ရန်ကုန်ကိုပြောင်းခဲ့တာ တစ်နှစ်ရှိပြီ၊ တစ်ရွာလုံးကတော့ ဆွေမျိုးတွေချည်းပါပဲ၊ ကိုင်း ကိုယ်တော်လေး ဒီညဘယ်မှာအိပ်မလဲ၊ စိတ်ကူးထားလဲ"

"ယောက်ျားလေးပဲ အန်တီရယ် ဘုန်းကြီးကျောင်းရှိရင် ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတော့ရှိတာပေါ့ကွဲ့၊ ဒါပေမဲ့ စာရေးသောက်ရေးကရှိနေသေးတာ၊ ကဲ အန်တီနဲ့လိုက်ခဲ့၊ အန်တီတို့အိမ် ဒီမှာရှိသေးတယ်"

"အားနာစရာကြီး အန်တီရာ"

"အပိုတွေလုပ်မနေနဲ့၊ လိုက်မှာသာလိုက်ခဲ့ပါ"

ထို့ကြောင့် သူအန်တီကြီးနောက်သို့ လိုက်ခဲ့ရလေသည်။ အင်ပိုအင်းထဲသို့လှမ်းကြည့်တော့ ဘောတံတားပေါ်တွင် လူအချို့ဖြတ်ကူးနေကြသည်။

နေကဝင်တော့ပေမည်။

ጢ • ጢ



## အောက်လမ်းဆရာနှင့်တွေ့ဆုံခဲ့ရခြင်း

အန်တီကြီးအိမ်သို့ရောက်သောအခါ ရွာခံလူတချို့အကူအညီဖြင့် သူ့အား ညစာကို ဖွယ်ဖွယ်ရာရာညှေ့ခံပါသည်။ ရှိသင့်သည်ထက် ပိုမိုဂရုစိုက်ကြသည့်အတွက် သူ့မှာမနေတတ်မထိုင်တတ်အောင် ဖြစ်နေရသည်။

"အန်တီတို့ရွာမှာ အလှူရှိတယ်ကွဲ့၊ အန်တီရဲ့တူတွေဆိုပါတော့ကွယ်၊ ဒါကြောင့်သည်ရွာကို တကူးတကပြန်လာခဲ့တာ၊ ဒီညက ချက်ကြပြုတ်ကြပေါ့ကွယ်၊ အဲဒီမှာ အန်တီမရှိလို့မဖြစ်ဘူး၊ ဒါကြောင့် မောင်တင်မောင်ဇော်နဲ့ အေးအေးဆေးဆေး စကားမပြောရတာ စိတ်မကောင်းဘူး"

"ဟာ ... လုပ်စရာရှိတာလုပ်ပါ အန်တီ၊ ကျွန်တော် တစ်ယောက်တည်းလည်း နေတတ်ပါတယ်၊ အဲ အလှူအတွက် ဘာကူညီလုပ်ပေးစရာလိုသေးလဲ"

"မလိုပါဘူးကွယ်၊ အားလုံးပြည့်စုံကြပါတယ်၊ တောရွာခေါ့လေ့ဆိုတာ သာရေးဖြစ်ဖြစ် နာရေးဖြစ်ဖြစ် တက်တက်ကြွကြွ အားလုံးလုပ်ကြကိုင်ကြတာဆိုတော့ ပျော်စရာကြီးပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးသောအခါ အန်တီကြီးက အိပ်ရာအိပ်ခင်းအတွက် ပြင်ဆင်ပေးခဲ့ပြီး အလျှူအိမ်သို့ထွက်သွားလေသည်။ တစ်ယောက်တည်း ကျန်နေသောသူမှာ ဖယောင်းတိုင်အလင်းရောင်ဖြင့် စာတစ်အုပ်ကိုထုတ်ကာ ဖတ်နေလိုက်၏။

အတန်ငယ်ကြာသောအခါ ...

''အဟမ်း ... အဟမ်း ... ''

ချောင်းဟန့်သံပေးလျက် အိမ်ထဲသို့ လူတစ်ယောက်ဝင်လာသည်။ အရပ်ရှည်ရှည် အသားလတ်လတ်နှင့် ပိန်ပိန်သွယ်သွယ်။ အထူးခြားဆုံးမှာ ခေါင်းပေါ်မှယောင်ကြီးနှင့်အတူ နှုတ်ခမ်းမွေးနှင့်အပြိုင်းပြိုင်းကျနေသော ပါးမြိုင်းမွေးတို့ပင်။ ပင်နီရောင်လည်ကတုံးကို ဝတ်ဆင်ထားပြီး အနက်ရောင်အကွက်ကျဲကျဲပုဆိုးကို ဝတ်ဆင်ထား၏။

''ငါ့တူ ပျင်းနေမယ်ဆိုတာနဲ့ မတင်မလွှတ်လိုက်တာကွဲ့''

''ဟုတ်ကဲ့ ထိုင်ပါဦးလေး၊ ဟော့ဒီမှာ ရေနွေးနဲ့လက်ဖက်သုပ်လည်း အန်တီကြီး စီစဉ်ပေးခဲ့ပါတယ်''

''ဦးကြာမည်က ... ဦးမြဘော်လို့ခေါ်ပါတယ်''

''ကျွန်တော့်နာမည်က မောင်တင်မောင်ဇော်ပါ ဦးလေး''

''အေးကွယ် အခုလိုမမျှော်လင့်ဘဲတွေ့ရတာ ဝမ်းသာပါတယ် ငါ့တူက ရန်ကုန်ကနော်''

''ဟုတ်ပါတယ်''

''စပ်စုတယ်လို့မထင်နဲ့နော် ... ဒီကိုရောက်လာရတာက ... ''

သူ ဘယ်လိုပြန်ဖြေရမှန်းမသိ ဖြစ်ကြောင်းကုန်စင်ကိုလည်း ပြန်ပြောရန်မသင့် ... ။ ထို့ကြောင့် ...

''အဖွားမယ်ဌေးကို တွေ့ချင်တာကြောင့်ပါ''

''သူ့အကြောင်း ဘယ်လိုသိတာလဲ''





''အန်တီကြီးနဲ့က သင်္ဘောပေါ်ကတည်းက ခင်မင်လာတာပါ၊ သူက စကားမစပ် အဖွားမယ်ဌေးအကြောင်းပြောတော့ တော်တော်စိတ်ဝင်စားသွားတယ်၊ လာတုန်းကတော့ ဟသ်ာတတင်ပါ၊ နောက်အချိန်ပိုလေးလည်းရှိလာတာနဲ့ ဒီဘက်ထွက်လာခဲ့တာ''

''ဪ ... ဒီလိုလား''

ဦးမြဘော်က ကွမ်းလေးကို တစ်မြုံ့မြုံ့ဝါးလျက် စကားကိုအေးအေးဆေးဆေးပြောတတ်သူပင်။ ထို့နောက် သူကရွာနီးချုပ်စပ်တောရွာလေးတွေအကြောင်းပြောပြသည်။ အင်းတွေအကြောင်းပြောပြသည်။ ဦးမြဘော်မှာ စကားပြောကောင်းသူဖြစ်သလို စာအုပ်စာပေကိုလည်း လေ့လာလိုက်စားပုံပေါ်ပါသည်။

ထိုသို့စကားပြောရင်းမှ အတန်ကြာသော် သူတစ်စုံတစ်ရာကို သတိထားလိုက်ဟန်ဖြင့် ...

''ဦးနှာခေါင်းထဲမှာ အနံ့အသက်တစ်မျိုးရတယ်''

''ဘယ်လို အနံ့မျိုးလဲ''

''သွေးညှီနံ့''

သူ နည်းနည်းကြောင်သွားသည်။ ဘယ်လိုကဘယ်လို သွေးညှီနံ့လဲ။

''ကျွန်တော့် နှာခေါင်းထဲမှာတော့ ဘာနံ့မှမရဘူး''

''အဲဒီအနံ့က ဟောဟိုကျောပိုးအိတ်ထဲကထွက်နေတာ''

''ခင်ဗျာ''

သူအနည်းငယ် အူတူတူဖြစ်သွားသည်၊ နောက်မှဘယ်သွားသွား ယူလာတတ်သည့်လက်တစ်ဖက်ကိုပြေး၍ သတိရလိုက်၏။

''နေဦးဗျာ''

သူက ကျောပိုးအိတ်ကိုဖွင့်ကာ စက္ကူဘူးဖြင့်ထည့်ထားသော



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်ကိုဖွင့်ကြည့်မိ၏။ အနေအထားက အနည်းငယ်ပြောင်းနေသလို ယူကိုင်ကြည့်တော့ အံ့သြစရာကောင်းနေတာတွေ့ရ၏။

လက်၏အရောင်မှာ တစ်မျိုးပြောင်းလာသည်။ အရင်လိုမည်းနက်မနေ သံချောင်းကဲ့သို့မာနေသော လက်ချောင်းလေးများသည် ယခုအခါပျော့ပျောင်းကာကွေး၍ရလာ၏။ ထို့ထက်ထူးခြားသည်မှာ လက်ဖမိုးပေါ်တွင် သွေးစသွေးနလေးများထွက်နေခြင်းပင်။ သွေးတွေက နီနီရဲရဲ။

''ဘယ်လိုဖြစ်တာလဲ''

ဦးမြဘော်က တိတ်ဆိတ်စွာပင် လက်တစ်ဖက်ကိုလှမ်းကြည့်သည်။

''လူတစ်ယောက်ရဲ့ လက်တစ်ဖက်ထင်တယ်''

''ဟုတ်ပါတယ် မိတ်ဆွေတစ်ယောက်လက်ဆောင်ပေးထားတာပါ''

''ပေါက်ပေါက်ရှာရှာ လူတစ်ယောက်ရဲ့လက်တစ်ဖက်ကိုမှ လက်ဆောင်ပေးရတယ်လို့''

''ကျွန်တော့်အတွက် အန္တရာယ်ကင်းအောင်ဆိုတဲ့ အဓိပ္ပါယ်နဲ့ပါ''

တင်မောင်ဇော်က ကံနတ်သမီး၏ရာဇဝင်ကိုရှင်းပြလိုက်၏။ မင်းသမီးတိုက်ပွဲတွင်ကျဆုံးစဉ် မှူးကြီးမတ်ကြီးတို့က ဓါးကိုင်ခဲ့သောလက်တစ်ဖက်ကို ဂုဏ်ပြုသည့်အနေနှင့်ဖြတ်ကာ ဆေးရည်စိမ်ခဲ့ကြောင်းပြောပြပြီးသည့်အခါ ...

''အခု ဘာတွေဖြစ်လာလို့လဲ''

''ကျွန်တော် သည်လက်ကိုရခဲ့တုန်းက သစ်သားနဲ့ထွင်းထုထားတဲ့လက်တွေလို မာမာတောင့်တောင့်ကြီး ခုကြည့်ပါဦး လက်ကလေးတွေပျော့ပျောင်းလာတယ်၊ နူးညံ့လာတယ်၊ ကွေးကောက်လို့တောင်ရလာပြီး





ပြီးတော့ ဟောသည်မှာ သွေးစလေးတွေ''

ဦးမြဘော်က မျက်မှောင်လေးကျုံ့လိုက်ကာ

''မှန်းစမ်း ... ပြစမ်းပါဦးကွဲ့''

လက်ကိုယူကြည့်သည်။ လက်ချောင်းလေးများကို ချိုးကြည့်သည်။ လက်ခုံလေးများကိုတောက်ကြည့်သည်။ ထို့နောက် တင်ပျဉ်ခွေထိုင်ကာ သူ၏လက်ကို ဆန့်တန်းလျက် လက်ဖဝါးပြင်ပေါ်တွင် ထိုလက်အားတင်လျက် သူမကြားဘူးသော မန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်တော့၏။

ဘာများလုပ်တာလဲဟု တင်မောင်ဇော်ငေးကြောင်ကြောင်လေးကြည့်နေမိ၏။ မကြာ။ လက်ကလေးဆီမှ ဖြူဖြူအငွေ့တန်းလေးများ တလူလူထွက်လာလေသည်။ ထိုအငွေ့တွေက ဝေ့ဝေ့ဝိုက်ဝိုက်နဲ့ လက်၏အနီးအပါးတွင်သာ ဝဲလွင့်နေ၏။

အတန်ငယ်ကြာပြီးနောက် ထိုအဖြူငွေ့တွေပျောက်သွားသည်။ ဦးမြဘော်သည် အောက်လမ်းဆရာဖြစ်ကြောင်း တန်းသိလိုက်၏။

''မင်း ဒီလက်ကိုစွန့်လွှတ်သင့်နေပြီ''

''ဘာကြောင့်လဲဗျာ''

''ဒီလက်ရဲ့ဝိညာဉ်ဟာ လွတ်လပ်မှုတွေ ဆုံးရှုံးနေတယ် တစ်စုံတစ်ယောက်ရဲ့ချုပ်ကိုင်မှုအောက်မှာ မလူးသာမလှုပ်သာဖြစ်နေတယ်''

''ဘယ်လိုစွန့်လွှတ်ရမှာလဲ၊ လွှင့်ပစ်ရမှာလား''

''လွှင့်ပစ်ရုံလောက်နဲ့တော့ ထူးခြားမှာမဟုတ်ဘူး''

''ဒါဆို ဘယ်လိုလုပ်ရမလဲ''

''မီးပုံထဲ ပစ်ချတာမျိုးပေါ့''

ထို့နောက် ဦးမြဘော် တိတ်ဆိတ်သွားသည်။ ထွေထွေထူးထူးပင် မပြောတော့ဘဲ ပြန်ဦးမယ်ဟုဆိုကာ ထပြန်သွားလေတော့သည်။ သူပြောသွားသောလွတ်လပ်မှုဆိုသောကိစ္စကို သိပ်မရှင်းလင်းပါ။ မည်သူ၏ချုပ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်မှဆိုတာလဲ နားမလည်ခဲ့ပါ။ သူပြောသလို မီးပုံထဲချပစ်ရမည်ဆိုသော အဖြစ်ကို ဘယ်လိုလုပ်ရမှန်းမသိ။

ထို့ကြောင့် လက်ကိုစက္ကူဘူးထဲ ပြန်ထည့်ကာ စိတ်ညစ်ညစ်နဲ့ အိပ်ပစ်လိုက်တာအကောင်းဆုံးဟု သဘောပိုက်လျက် စောင်ကိုတင်းနေအောင်ခြုံလိုက်လေသည်။

၂၈-၂၈



## ထောင်ချောက်ဆင်သူကျခဲ့သည့်ထောင်ချောက်

ဟသ်ာတသို့ပြန်ရောက်၍ ထမင်းဆိုင်တွင်တည်းခိုနေခိုက် လူတစ်ယောက်တင်မောင်ဇော်ထံ စာတစ်စောင်လာပေးသွားသည်။ စာပါအကြောင်းရင်းမှာ ...

*မိတ်ဆွေကိုတင်မောင်ဇော်*

*ခင်ဗျားသိပ်ကြည့်ချင်နေတဲ့ ကံနတ်သမီးရုပ်တုကို*

*ခင်ဗျားကိုပြဖို့ ကျွန်တော်တို့အဖွဲ့ ဆုံးဖြတ်လိုက်ကြတယ်။*

*မနက်ဖြန်ညနေ မြစ်တစ်ဖက်ကမ်းမှာရှိတဲ့ လက်ပံကုန်းရွာ*

*ထိပ်ကစောင့်နေပါ။*

*တစ်ယောက်တည်းလာပါ။*

*အဖော်ခေါ်လာခွင့်မပြုပါဘူး။ ဒါကလည်း တစ်ခြားလူဆီ*

*သတင်းပေါက်ကြားသွားမှာ စိုးလို့ပါ*

*(စိန်ယွန်း)*

ထိုစာရရှိခဲ့ပြီး နောက်တစ်နေ့တွင် တင်မောင်ဇော် ညနေပိုင်းလောက်၌ မြစ်တစ်ဖက်ကမ်းသို့ ကူးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းဖျော့ဖျော့ကိုင်းပင်များ ခင်တန်းများနောက်ခံကာ ဆီးထားသောလက်ပံကုန်းရွာလေးကို အဝေးမှ သူလှမ်းမြင်နေရသည်။ နေညိုညိုညနေဆည်းဆာက ရွာလေးပေါ်ဖျာကျလျှက် ...။

သူသည် ရွာလေးသို့တစ်ယောက်ထဲဝင်လာခဲ့မိခြင်းသည် မှန်သလား၊ မှားသလားကိုစွမရှိပါ။ ဆန္ဒတစ်ခုအတွက် တစ်စုံတစ်ရာတော့ စွန့်လွှတ်ရမည် မဟုတ်ပါလား။

ရွာထိပ်အရောက် ကုန်းကမူစေတီပျက်လေးရှေ့တွင် ရပ်စောင့်နေလိုက်၏။ အခြေအနေကို စောင့်ကြည့်နေသည့်သဘော။

သိပ်ကြာကြာမှစောင့်လိုက်ရ။ ရုပ်ခပ်ဆိုးဆိုးလူတစ်ယောက် သူ့ဆီ တည့်တည့်လျှောက်လာနေသည်။ အညိုရောင်ဂျာကင်နှင့်အစိမ်းပုတ်ရောင်ဘောင်းဘီကို မသေမသပ်ဝတ်ဆင်ထားသည်။

''ဦးစိန်ယွန်းက လွှတ်လိုက်တာပါ၊ ကျုပ်အလာနောက်ကျသွားတဲ့အတွက် ခွင့်လွှတ်ပါ၊ ကဲ သွားကြမယ်၊ ကျုပ်နောက်ကလိုက်ခဲ့''

ထိုလူက သူ့အားဦးဆောင်ခေါ်သွားသည်။ တောတန်းလေးဘက်သို့လျှောက်သည်။ လမ်းကျဉ်းကျဉ်းလေးထဲ ဟိုချိုးသည်ကွေ့လုပ်သည်။ အတန်ငယ်သွားပြီးသောအခါ ယိုယွင်းပျက်စီးနေသော ခရစ်ယာန်ဘုရားကျောင်းတစ်ခုဆီသို့ ရောက်လာသည်။

တံခါးဝအနီးရောက်သောအခါ ...

''ခင်ဗျား ဒီမှာ စောင့်နေဦး''

ထိုလူက တောအုပ်လေးအတွင်းသို့ ပြေးဝင်သွားသည်။ သူနောက်ပြန်လှည့်ကြည့်နေခိုက် ...

''ကျွီ ... ကျွီ''

တံခါးမကြီးပွင့်သွားကာ အနက်ရောင်ခေါင်းစွပ် စွပ်ထားသောလူတစ်ယောက်ထွက်လာသည်။





''မင်္ဂလာညနေခင်းပါ ကိုတင်မောင်ဇော် ... အခု ခင်ဗျားကို ကိုစိန်ယွန်းနဲ့အဖွဲ့က အဆင်သင့်စောင့်နေပါတယ်''

''ကျုပ်တို့ဘက်ကလည်း သတိအများကြီးထားရပါတယ်၊ ခင်ဗျားနောက်က ပုလိပ်တွေ စုံထောက်တွေ မလိုက်လာဘူးလို့ ဘယ်ပြောနိုင်မလဲ''

''ကျွန်တော် သဘောပေါက်ပါတယ်''

''ကဲ ... အချိန်က သိပ်အဖိုးတန်တယ်၊ ဒီတော့ ကျုပ်နောက်ကသာ ကျေးဇူးပြုပြီး လိုက်ခဲ့ပေတော့''

သူတို့ ဘုရားရှိခိုးကျောင်းခန်းမကြီးကို ဖြတ်သည်။ ထို့နောက် ဘေးတစ်ဖက်ရှိ အဆောက်အဦဆီသို့ လှမ်းသည်။

''အထဲကို ကြွပါ''

ဒုတိယတံခါးတစ်ခုကို ဖွင့်ကာဝင်သည်။အတွင်းသို့ရောက်သည်နှင့် ဆီမီးရောင်ဝါဝါလက်လက်အောက်တွင် အရောင်ထွက်နေသောရုပ်တုကြီးတစ်ခုကို ဘွားခနဲတွေ့လိုက်ရသည်။

''ဟင်''

ကံနုတ်သမီးရုပ်တုမှ ကံနုတ်သမီးရုပ်တုအစစ်။ ဦးရွှေအောင်ဆိုင်တွင်တွေ့ခဲ့ရသော ရုပ်တုအစစ်။ ထို တဒင်္ဂ၌ အန္တရာယ်ကိုပင် ထည့်မတွက်ဘဲ တအံ့တသြငေးမောကြည့်နေမိသည်။

''ဒီရုပ်တုကို ခင်ဗျား ဘယ်လောက်ရရင် ရောင်းမလဲ''

''နေဦးလေ ... ခင်ဗျားသိပ်လောတာပဲ၊ ကျုပ်တို့မှာ တခြားရုပ်တုတွေလည်း အများကြီးရှိပါသေးတယ်၊ ရုပ်တုတွေအားလုံးကြည့်ပြီးတော့မှ ဘယ်ရုပ်တုယူမယ်ဆိုတာ ဆုံးဖြတ်ပေါ့ မဟုတ်ဘူးလား''

ထိုလူက ခေါင်းစွပ်ကိုနောက်သို့လှန်ချွတ်လိုက်၏။

''ခင် ... ခင်ဗျား''



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဇော် ထိုလူကိုချက်ချင်းမှတ်မိသွားသည်။ သေချာပါသည်။ ဒီမျက်နှာကို ကောင်းကောင်းကြီးသိနေပါသည်။

ဦးရွှေအောင်ကို သတ်သွားသည့် လူသတ်သမား။

ဦးရွှေအောင်နဖူးပြင်သို့ သေနတ်ဖြင့်ချိန်လျှက် ရက်ရက်စက်စက် သတ်သွားသူ တရားခံစစ်စစ်။

သူ့ခန္ဓာကိုယ်တစ်ခုလုံး သွေးများအေးခဲသွားမလားမသိအောင် ဖြစ်သွားသည်။ ထိုသူက နောက်သို့တဖြည်းဖြည်းချင်းဆုတ်သွားသည်။

ဒါ ... ဘာသဘောလဲ။

''ဂျိမ်း''

သံတံခါးက အပေါ်မှပြုတ်ကျလာသည်။ အသံက ကျယ်ကျယ်လောင်လောင် သိလိုက်ပြီ။ သူ့ကိုထောင်ချောက်ဆင်လိုက်ကြောင်း။

''ဟေ့လူ အဲဒါ ခင်ဗျားဘာလုပ်တာလဲ''

သူက သံတိုင်များကို လှုပ်ခါပြောသည်။ သံတိုင်များက အလွန် တောင့်တင်းခိုင်မာလှပါ၏။

''ဘာလုပ်တာလဲ ဟုတ်လား၊ သိပ်သိချင်တယ်ပေါ့ အဲဒါ မင်းကို လှောင်ချိုင့်ထဲထည့်ပြီး သတ်ပစ်မလို့''

''ဘာကွ''

''မသေခင်လေးမှာတော့ မင်းကိုမိတ်ဆက်ပေးစရာတွေရှိသေးတယ်၊ မင်းကသမိုင်းကို သိပ်စိတ်ဝင်စားတော့ တမလွန်ဘဝရောက်ရင် ဘယ်သူတွေက ဘာကြောင့်ငါ့ကိုသတ်ခဲ့တယ်ဆိုတာ စာတမ်းပြုစုလို့ရတာပေါ့ကွာ''

လူတစ်ယောက်ဝင်လာသည်။

''သူ့ကိုတော့ ထွေထွေထူးထူး မိတ်ဆက်ပေးစရာလိုမယ်မထင်ပါဘူး၊ ဦးစိန်ယွန်းတဲ့၊ ရှေးဟောင်းရုပ်တုနဲ့ ပစ္စည်းတွေ အရောင်းအဝယ်





လောကမှာတော့ အရမ်းကျွမ်းကျင်တဲ့ပညာရှင်တစ်ယော[illegible] ဟာ ဘယ်ကာလတုန်းကဆိုတာ တစ်ခါတည်းတွန်းပြောနိုင်[illegible]

နောက်တစ်ယောက် ဝင်လာပြန်သည်။

''သူကတော့ သူ့ဌေးမစွတာအာမက်ပဲ ကိုယ့်လူ၊ ရှေးဟောင်းပစ္စည်းရောင်းဝယ်ရေးလောကကို သွက်သွက်ခါအောင် ကိုင်လှုပ်နိုင်တဲ့ လူပေါ့''

အာမက်ဆိုသည့်လူက အရှေ့သို့အနည်းငယ်တိုးလာကာ

''မင်းကိုသိပ်အံ့ဩတယ်၊ ကိုယ်နဲ့ဘာမှမဆိုင်တဲ့ဓာတ်လမ်းမှာ လူစွမ်းကောင်းလုပ်ပြီး အလုပ်မရှိ အလုပ်ရှာခဲ့တဲ့ကောင်မို့လေ၊ အခုတော့ ကိုယ့်အစီစဉ်နဲ့ကိုယ်ကြွပေတော့ပေါ့''

နောက် ... အမျိုးသမီးတစ်ဦးရောက်လာသည်။ သူက ပန်းနှင်းဆီ။

''ကျွန်မရှင့်ကို သတိပေးခဲ့ဖူးသားပဲ၊ အင်းလေ ယောက်ျားတော်တော်များများကတော့ ရှေ့ကိုဆက်မယ်ဆိုတဲ့လူတွေချည်းပဲ၊ အန္တရာယ်ရင်ဆိုင်တွေ့ချင်ကြတာ သူတို့ရဲ့ ဉာဏ်တွေပဲလေ၊ ဘယ်တတ်နိုင်ပါ့မလဲ''

ရုပ်ကလေးချောသလောက် အပြောလေးညက်သလောက် တော်တော်ကြောက်စရာကောင်းတဲ့မိန်းမမျိုးထဲမှာ ပန်းနှင်းဆီလိုမိန်းမလည်း အပါအဝင်ပင်။

''ခင်ဗျားတို့ ကျုပ်ကိုပြန်လွှတ်ပေးပါ၊ နို့မို့ခင်ဗျားတို့ ဒုက္ခရောက်သွားမှာနော်''

အာမက်က ရွံစရာကောင်းသောမျက်နှာကြီးဖြင့် ဟက်ဟက်ပက်ပက်ရယ်မောကာ ...

''ဖြစ်ရလေတယ် ငါ့လူရယ်၊ ဒီအချိန်ထိရောက်တာတောင် ပြန်လွှတ်ပေးရမယ်လို့တောင်းဆိုနေတာလား၊ ဟား ဟား ဟား ...တော်



www.burmeseclassic.com

www.burmeseclassic.com



...တတ်တဲ့ကောင်ပဲ၊ သွားပြီ မင်းရှူးသွားပြီ ... ဟား

ထိုစဉ် သူ၏ကျောပိုးအိတ်အတွင်းမှ အငွေ့တွေထွက်လာသည်။ သူကခလန့်သော်လည်း၊ ကျန်သူတွေက လန့်ဖျပ်ကုန်သည်။

"ဟော့ ... ဟော့ ... ဟိုကောင့်ဆီက ဘာတွေထွက်နေတာလဲ။ မီးခိုးတွေလား"

"မသိဘူး ဘာတွေမှန်းကို မသိဘူး"

အခိုးအငွေ့တွေက အဆက်မပြတ် ထွက်လာကာ လူပုံသဏ္ဍာန်ဖြစ်လာလျှက် သံတိုင်များကြားမှ ထွက်သွားခဲ့၏။

ထိုအခိုးအရိပ်က အာမက်ဆီသို့ လျှပ်တစ်ပြက်ဝင်ရောက်ပူးကပ်လျှက်ရှိစဉ် ...

"အား ... အား ... အား ... အား ..."

လည်ပင်းအညှစ်ခံရသလို ခေါင်းကြီးနောက်သို့လန်လျှက် မျက်နှာမော့ကာ မျက်လုံးများပြူးထွက်လာသည်။

"ဟော့ကောင် ... ကျော်ဒင် ဟိုကောင့်ကိုသေနတ်နဲ့ပစ်လိုက်စမ်း"

ဦးစိန်ယွန်းက တင်မောင်ဖော်ကို လှမ်းပစ်ခိုင်းနေခြင်းဖြစ်သည်။ ကျော်ဒင်က ခါးကြားမှ သေနတ်ကိုထုတ်ကာ တင်မောင်ဖော်အား လှမ်းချိန်လိုက်စဉ်တွင် ဝိညာဉ်က ကျော်ဒင့်ထံ ချက်ချင်းပြောင်းရွှေ့သွားကာ ဖွေးလုံးရစ်ပတ်ပြလိုက်သောကြောင့် ...

"အ ... အ ... အွတ်"

တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးလျှက် သေနတ်လွတ်ကျသွားလေ၏။ အဖြစ်အပျက်တွေက ဆန်းကြယ်လွန်းလေသည်။ ဦးစိန်ယွန်းနှင့်ပန်းနှင်းဆီမှာ အခြေအနေမကောင်းတော့ကြောင်း ချက်ချင်းသဘော





ပေါက်သွားကြ၏။

ကြည့်ဦးလေ

အာမက်မှာ အရုပ်ကြိုးပြတ် "ဘုန်း"ခနဲ လဲကျသွားသလို ကျော်ဒင်မှာလည်း တွန့်တွန့်ခွေခွေနှင့် လဲကျသွားပြန်သည်မဟုတ်လား ...

ထို့ကြောင့် သူတို့နှစ်ယောက်ထွက်ပြေးရန် ကြံစဉ် နံရံပေါ်မှ အုပ်ချပ်များပြိုကျလာခြင်းကြောင့် ...

"ဝုန်း"

"ဝုန်း"

ကြီးမားသောထုတ်တန်းကြီးတစ်ခုက ပန်းနှင်းဆီပေါ်သို့ တည့်တည့်ပြုတ်ကျလာသလို ...

"အား"

အိုမင်းနေသော နံရံကြီးတစ်ခုကလည်း ဦးစိန်ယွန်းဆီသို့ ပြိုကျလာပါတော့၏။ ဦးစိန်ယွန်းအသံပင်မထွက်နိုင်။ အခန်းထဲတွင် ဘိလပ်မြေမှုန့်၊ သဲမှုန့်၊ ထုံးမှုန့်တို့များကြောင့် မှုန်မှိုင်းသွားသည်။ နောက်ပိုင်းတွင် ဆက်လက်ပြိုပျက်ခြင်းတော့ မရှိတော့။ တင်မောင်ဖော်မှာ သံတံခါးတစ်ဖက်မှမြင်ရသောမြင်ကွင်းများကို ကြက်သေသေလျှက် ကြည့်နေမိတော့၏။

ဘာတွေလဲ။

ဘာတွေဖြစ်ကုန်ကြတာလဲ။

"ကိုတင်မောင်ဖော် ... ကိုတင်မောင်ဖော်"

ဘုရားရှိခိုးကျောင်းအပြင်ဘက်မှ တကျော်ကျော်ခေါ်နေသော မိန်းကလေးတစ်ဦး၏အသံ ... ဂရုတစိုက်နားထောင်တော့ ...

"ဒါ ... ဆုမွန်ထွန်းအသံပဲ"

ထို့ကြောင့် သူအားတက်သွားကာ

"ဆုမွန်ထွန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဒီမှာ"

သူက ကျယ်ကျယ်လောင်လောင် သုံးလေးခွန်းဆက်ကာ ဆက်ကာအော်လိုက်၏။ လူတစ်စုသူရှိရာသို့ ပြေးလာကြ၏။ ဆုမွန်ထွန်းနှင့် ပုလိပ်များ ...

"မင်း ဘယ်လို"

"ဘယ်လိုတွေလုပ်မနေနဲ့ မပြောမဆိုထွက်သွားလို့ ခြံစောင့်မောင်ကြိုင်ကို မေးပြီးလိုက်လာတာ၊ ရှင်ဟာလေ ကိုယ်လုပ်ချင်တာဆို တဇွတ်ထိုးလုပ်တဲ့လူ၊ ကျွန်မကိုလည်း နည်းနည်းပါးပါးတော့ တိုင်ပင်ပါဦး တော့လား"

"ဆောရီးကွာ ကိုယ်မှားသွားတယ်"

ဆုမွန်ထွန်းက သူ့ကို မျက်စောင်းလှလှလေးတစ်ချက်ထိုးလိုက်၏။

ပုလိပ်တွေက အုတ်ကျိုးအပြတ်များကြားမှာ အလောင်းများကို စစ်ဆေးနေသည်။

ပုလိပ်တွေက သံတံခါးကိုဖျက်ဆီး၍ သူ့ကိုအပြင်သို့ထုတ်သည်။ လူသေအလောင်းများကို တာဝန်ရှိသူများစစ်ဆေးနိုင်ရန် ခြေရာမပျက် လက်ရာမပျက်ထားသည်။ ထိုနေရာတွင်

ထူးဆန်းသော အဖြစ်တစ်ခုဖြစ်ခဲ့ပါသည်။

ယင်းမှာ ကံနတ်သမီးရုပ်တုပျောက်ချင်းမလှပျောက်သွားခြင်းပင်။ နောက်ဆုံး ပွဲ့ပိုက်ကိုင်လိုက်သူမှာ ကျော်ဒင်ဖြစ်ကြောင်း သူကောင်းကောင်းသိသည်။ ဝိညာဉ်နှင့်ထွေးလုံးရစ်ပတ်ပြီးစဉ် ရုပ်တုလက်ထဲမှ လွတ်ကျသွားတာသူမြင်သည်။ ထို့နောက် ပြိုကျမှုများဖြစ်ပွားခဲ့ပြီး အကျိုးအပဲ့များအောက်တွင် ရှိလိမ့်မည်ဟု သူထင်ထားခဲ့သော်လည်း လက်တွေ့ရှာကြသည့်အခါ မရှိတော့ပါ။





ထိုရုပ်တုသည် ဘယ်ရောက်သွားပါပြီလဲ။

တော်တော်မစဉ်းစားရသော အကြောင်းအရာတစ်ခုပင်။

၃ • ၃



www.burmeseclassic.com

www.burmeseclassic.com

## အဆုံးမသတ်နိုင်သေးသည့် ကံနတ်သမီး၏ကျိန်စာ

ချောင်းရေမျက်နှာပြင်ပေါ်တွင် ရေလှိုင်းကြပ်ခွပ်လေးများက ကမ်းစပ်ထံသို့ တလွင့်လွင့်ချည်းကပ်လာနေကြ၏။ နေရောင်ကြောင့် တလက်လက်တတောက်တောက်။ မိုးယံထက်၌ ကြည်ပြာရောင် ကောင်းကင်ကြီးသည် ကြည်ကြည်စင်စင်။

ကမ်းစပ်တစ်နေရာတွင် တင်မောင်ဖော်နှင့်ဆုမွန်ထွန်းတို့ ရှိနေကြ၏။ သူတို့၏ရှေ့တွင် ဝါးဖြင့်ပြုလုပ်ထားသော ဖောင်အသေးစားတစ်လုံး ရှိသည်။

ထိုအပေါ်တွင် သံသေတ္တာတစ်လုံးကိုကြိုးဖြင့် ချည်နှောင်ထားသည်။

ထိုအထဲတွင် နတ်သမီး၏လက်တစ်ဖက်လည်းထည့်ထားပါ၏။ ထိုရက်ပိုင်းအတွင်း လက်တစ်ဖက်မှာ ပိုမိုပျော့ပျောင်းလာပြီး သွေးများ တစ်စက်စက်ထွက်နေသည်ကို ရင်ဆိုင်လာရသည်။ အနက်ရောင်မှ အသားရောင်အသွင်အဆင်သို့ ကူးပြောင်းလာခဲ့သည်။ ထို့ကြောင့် သယ်ယူရာတွင် အခက်အခဲရှိလာခဲ့၏။





အပြန်တွင် ဆုမွန်ထွန်းက အဘွားငွေနှင့်တွေ့ချင်သေးသည်ဆိုသောကြောင့် အင်ကိုရွာသို့ရောက်ခဲ့ပြန်သည်။ သို့သော် အဘွားငွေကိုမတွေ့ရ။

ရွာသားတချို့က အဘွားငွေပျောက်နေသည်ဟုဆိုကြသည်။ ယခင် ထိုသို့တစ်ခါမျှမဖြစ်ဘူး။

ထိုသို့ဆိုလျှင် အဘွားမယ်ငွေ ဘယ်ရောက်သွားပြန်ပါသလဲ။ ခင်မင်ရသော အန်တီကြီးကတော့ ရန်ကုန်ပြန်သွားပေပြီ။

ဦးမြဘော်နှင့်တွေ့တော့ ထိုလက်တစ်ဖက်ကို စွန့်လွှတ်လိုက်ရန်သာ တွင်တွင်ပြောနေပေသည်။

"မင်းဆီရောက်နေတော့ မင်းရဲ့ပိုင်ဆိုင်မှုဖြစ်မနေပေဘူးလား။ ဒါဆို မင်းရဲ့ထိန်းချုပ်မှုအောက်မှာပဲ ရပ်တည်နေရတဲ့သဘော၊ ဒါကိုမလွှတ်လပ်ဘူးလို့ဆိုလိုတာ၊ သူ့ဝိဉာဉ်ဟာလည်း လွတ်လွတ်လပ်လပ်ပဲ ဘယ်သွားခွင့်ရတော့မလဲ၊ ခုဆို အဲဒီလက်ဟာ တောင်းဆိုမှုတွေအဖြစ် သင်္ကေတတွေပြလာပြီ၊ သဘောသဘာဝတွေလုပ်လာပြီ၊ ဒါကို ကိုယ်တတ်က နားလည်ရမယ်၊ အမြဲတမ်း အန္တရာယ်ကိုကာကွယ်ပေးတယ်ဆိုပေမယ့် အဲဒါရဲ့ဆန့်ကျင်ဘက် ဒုက္ခပေးမလာနိုင်ဘူးလို့ရော အတတ်ပြောနိုင်မလား။ ဒီတော့ ဦးလေးပြောတာကို နားထောင်ပါကွယ်"

ထိုစဉ်က သူတွေတွေဝေဝေလေး ငေးနေမိသည်။ ဆုမွန်ထွန်းက ဦးမြဘော်က ထောက်ခံမှုတွေပေးနေသောကြောင့် _ "

"မီးတော့မရှို့ချင်ဘူးဗျာ၊ ရက်စက်ရာကျမယ်"

ဆုမွန်ထွန်းက သွက်သွက်လက်လက်ပင် _

"ရေမျှောလိုက်မယ်ဆိုရင်ကော"

ထို့နောက် အားလုံး၏သဘောတူညီမှုဖြင့် ဖောင်ဖွဲ့လျက် ရေသို့ မျှောရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဇော်က ဖောင်လေးကိုကိုင်ကာ ကမ်းစပ်သို့ဆင်းလျက် ရေထဲသို့ ညင်ညင်သာသာချလိုက်၏။

နှုတ်မှလည်း ...

"ကံနတ်သမီးရေ နှချိန်ကစပြီး ငါမင်းကိုမပိုင်ဆိုင်တော့ပါဘူး ကွယ်၊ မင်းကိုငါလွှတ်လပ်ခွင့်ပေးလိုက်ပါပြီ၊ မင်းလိုရာအရပ်သို့ပြန်ပါတော့၊ ဒီရေတွေဟာ မြစ်ဆီကိုစီးဆင်းကြမယ်၊ မြစ်ကနေတဆင့် ပင်လယ်ကိုစီး ဆင်းကြမယ်၊ ပင်လယ်ကတဆင့် သမုဒ္ဒရာတွေဆီ ဆက်သွားမယ်၊ ဒါဆိုရင် တော့ မင်းသဘောကျမှာပါ၊ မင်းဟာငါ့ရဲ့ အသက်သခင်ကျေးဇူးရှင်လို့ လည်း လေးလေးနက်နက်အသိအမှတ်ပြုပါတယ်၊ လောကမှာ လောဘတွေ ကြောင့်ဖြစ်ခဲ့ရတဲ့ နာကြည်းမှု၊ ဆုံးရှုံးမှု၊ ကြေကွဲရမှုတွေကို အဆုံးသတ် ချင်ပါပြီ၊ ဒါကြောင့် မင်းလိုရာအရပ်ကိုသွားပါတော့ ကံနတ်သမီးရေ သွား ပါတော့"

ဖောင်ကိုလက်ကလွှတ်လိုက်သည်။ ဖောင်လေးမှာရေစီးနှင့်အတူ တငြိမ့်ငြိမ့်စီးဆင်းသွားသည်။ သူက ကမ်းစပ်သို့ပြန်တက်လာကာ ဆုမွန် ထွန်းအနားတွင်ဝင်ထိုင်လျက် ဖောင်ကလေးကိုဆက်လက်ငေးမောကြည့် နေပြန်၏။

"ကံနတ်သမီးရဲ့ကျိန်စာတွေဟာ ဒီမှာတင်အဆုံးသတ်သွားပြီလို့ ကိုဇော်ထင်သလား"

"အဲဒါတွေ ကိုယ်မသိဘူး"

"အင်းလေ သိဖို့လည်းမလိုအပ်တော့တဲ့ အကြောင်းအရာတွေ ပါ"

"သူတကယ်လည်း လွတ်မြောက်သွားပြီလား"

"အဲဒါတွေ ကျွန်မလည်း မသိဘူး"

သူတို့သဘောကျစွာ ပြိုင်တူရယ်မောလိုက်ကြ၏။ မသိထား...





တူညီနေကြသည်မဟုတ်ပါလော။

"ကိုယ်တို့ မနက်ဖြန်ရန်ကုန်ပြန်မယ်"

"အဲဒါပြီးရင် ... "

"ဆုမွန်ထွန်းကို တောင်ကြီးလိုက်ပို့မယ်"

"အဲဒါပြီးရင် ... "

"ဆုမွန်ထွန်းရဲ့ဒေါ်လေးနဲ့ စကားတွေအများကြီးပြောမယ်"

"အဲဒါပြီးရင် ... "

"ရန်ကုန်ကအဖေ့ကို တောင်ကြီးအမြန်လိုက်လာခဲ့ဖို့ လှမ်းခေါ် မယ်"

"အဲဒါပြီးရင် ... "

"အဖေ့ကို မိန်းမတောင်းခိုင်းမယ်"

"ဘယ်သူ့ကိုလဲ"

"ဟောဒီက ဆုမွန်ထွန်းကိုပေါ့"

"ဘုရားရေ ... သူကဖြင့် ရည်းစားစကားတစ်ခွန်းမှ မပြော သေးဘဲနဲ့"

"အခုတစ်ခါတည်းပြောပြီး စရန်သတ်ထားလိုက်မယ်လေ၊ ဘယ် လိုလဲ၊ ဖြစ်တယ်မို့လား"

"ကြည့် ... ကြည့် တော်တော်လူလည်ကျတယ်"

သူ့ကျောပြင်ကို တဘုန်းဘုန်းထုလေတော့၏။ သူက အားပါးတ ရယ်မောစွာ ဆုမွန်ထွန်းပြုသမျှကို အရသာရှိရှိကြီး ငြိမ်ခံနေလေတော့ ၏

ဖောင်လေးက ဟိုဝေးဝေးသို့ရောက်သွားလေပြီ။

မြောက်ပြန်လေက တငြိမ့်ငြိမ့်လေး တိုက်ခတ်နေဆဲ။

တကယ်တော့ လောကတွင် "လောဘ" ကြောင့် လေ...



www.burmeseclassic.com

www.burmeseclassic.com



ခံရသော အပုမ်းသည်လည်း လွန်စွာအရှိန်အဟုန်ကြီးမားကြောင်း သူ သဘောပေါက်လိုက်ပါ၏။

ကံနတ်သမီး၏ ကျိန်စာကို့သည်လည်း အဆုံးသတ်လေပြီ လား။

ထိုအကြောင်းအရာတို့မှာ မည်သူမျှတတ်အပ်မပြောနိုင်သော ကိစ္စများသာဖြစ်ပေတော့၏။

ပြီး။
ဂန္ဓာရီပိဋကာ



www.burmeseclassic.com